အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ ဝဏ္ဏိတာဘိဝံသ

ပါးတန်းဆရာတော်

ရှာဖွေစုစည်းသော

# သီမာဝိမံသနကထာ

မဟာဝိသုဒ္ဓါရုံတိုက်သစ်

မဟာအောင်မြေမြို့နယ်

မန္တလေး

သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

သာသနာ – ၂၅၄၇ ကောဇာ – ၁၃၆၅ ခရစ် – ၂၀၀၃

ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်ဘုရား၏ နောင်တော်ကြီး



ဘဒ္ဒန္တသုတ မဟာထေရ်

ပြည်မြို့ မဟာဓမ္မိကာရာမ တောရကျောင်း




ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်ဘုရားကြီး



ဘဒ္ဒန္တ ဝဏ္ဏိတာဘိဝံသ ( ဝါးတန်းဆရာတော် )

အဂ္ဂမဟာပဏ္ဍိတ ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက



ပြည်ထောင်စု မြန်မာနိုင်ငံတော်

အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

ပိဋကတ္တယာနေကရဏ်း၊ ဂန္ထရုံးဝဟာရဏ်း၊ မဟာဒေသနာရဏ်း၊
ပရိယတ္တိ ဝိသာရဒရဏ်း၊ လင်္ကာ ပေသလ သိက္ခာကာမ ဓေသာ
ရဏ်တို့နှင့်ပြည့်စုံတော်မူသော မန္တလေးတိုင်း၊
မန္တလေးအနောက်တောင်မြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်

ဆရာတော်ဘဒ္ဒန္တ ဝဏ္ဏိတာဘိဝံသ

အရှင်မြတ်အား သာသနာတော်နှစ်-၂၅၃၆၊ ကောဇာ
သက္ကရာဇ် ၁၃၅၄-ခုနှစ်၊ ပြာသိုလဆန်း ၁၂-ရက်
(၁၉၉၃-ခုနှစ်၊ ဇန်နဝါရီလ ၄-ရက်) တနင်္လာနေ့တွင်
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်
လှူဒါန်းပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ၏
အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်



ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ

## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တော်

( သာသနာပြုအဆင့်မြင့် )

ဗုဒ္ဓသာသနာတော် တိုးတက် ပြန့်ပွားရေးကို အထူး ဆောင်ရွက်တော်မူခြင်း၊ ဝိသိဋ္ဌ ဗုဒ္ဓသာသနဝုဍ္ဎိကရဂုဏ်၊ ဗုဒ္ဓသာသနာတော် အကျိုးစီးပွားကို အထူးဆောင်ရွက်နိုင်ခြင်း၊ ဝိသိဋ္ဌ ဗုဒ္ဓသာသနဟိတာဝဟဂုဏ်၊ ဗုဒ္ဓသာသနာတော်ကို အထူး စောင့်ရှောက်တော်မူခြင်း၊ ဝိသိဋ္ဌ ဗုဒ္ဓသာသနာနုရက္ခိတဂုဏ်၊ ညီယာတော်များကို ထူးခြားစွာ ကြီးကဲအုပ်ချုပ်နိုင်ခြင်း ဝိသိဋ္ဌ မဟာနာယကဂုဏ်၊ ထူးကဲသော ဝိသိဋ္ဌ သီလ သမာဓိ ပညာဂုဏ် တို့နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓ လေးတိုင်။

မဟာအောင်မြေမြို့နယ်၊ အေးဝန်းအရှေ့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊

ဆရာတော် အရှင်သူမြတ် ဘဒ္ဒန္တ ဝဏ္ဏိတာဘိဝံသ အား

**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်

ဥက္ကဋ္ဌ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သာသနာတော်နှစ် ၂၅၄၆၊ မြန်မာသက္ကရာဇ် ၁၃၆၄-ခုနှစ်၊ ပြာသိုလဆန်း ၂-ရက် (၄-၁-၂၀၀၃)

ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ၏

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ ဝဏ္ဏိတာဘိဝံသ

ပဲ့တန်းဆရာတော်

ရှာဖွေစုစည်းသော

# သီမာဝိမံသနုကထာ


မဟာဝိသုဒ္ဓါရုံတိုက်သစ်

မဟာအောင်မြေမြို့နယ်

မန္တလေး



သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

သာသနာ – ၂၅၄၇ ကောဇာ – ၁၃၆၅ ခုနှစ် – ၂၀၀၃

**ထုတ်ဝေသူ**

ဦးထွန်းမြအောင်
ညွှန်ကြားရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ယာယီမှတ်ပုံတင်အမှတ် (၅၄၉)

表彰状

ワンハ村 ウエニタ 二七才

右ハ皇軍緬甸進駐後皇軍ノ真意
解シ皇軍ニ絶大ノ信頼ヲ置クト共ニ率
先宿舎ノ提供ヲナシ皇軍ニ協力スル
コト絶大ナリ 且自發的ニ村民ニ對シ
宣撫ノ労ヲ惜シマス或ハ日緬親善
ハ言葉カラナト緬甸語ヲ日本軍ニ教
緬甸人ニ日本語ヲ普及スル等特ニ
連夜深更ニ至ル迄發火信号ノ
發見ニ勉ムル等其ノ労盡大ニシテ
我等ノ欽慕能ハサル處ナリ
仍テ茲ニ其ノ労ヲ謝シ表彰ス

昭和二十年一月五日

森第一三五三部隊 有賀部隊長

၁၉၄၅-ခု ဇန်နဝါရီလ (၅) ရက်
ဂျပန်ဘုရင့်တပ်မတော် မိုရီ ၁၀၅၃-တပ်၊
တပ်ရင်းမှူး အပ်ရုဂက ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ
အား မြန်မာဂျပန်ချစ်ကြည်ရေးလုပ်ဆောင်ပေး
မှုကြောင့် ဂုဏ်ပြုလွှာလက်မှတ် ပေးအပ်ခံယူခဲ့
ရလေသည်။

# မိတ်ဆက်ကထာ

အနန္တကျေးဇူးရှင် သက်တော်ရှည် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဝါးတန်းဆရာတော်ဘုရားကြီးထံမှ မမျှော်လင့်သော စကားတစ်ခွန်း ကြားလိုက်ရပေသည်။

ဘယ်လိုစကားနည်းဆိုသော်...

"ငါစီမံ ရှာဖွေထားတဲ့ [သိမာဝိမံသနကထာ] စာအုပ်အမှာစာနိဒါန်း မင်းရေးလိုက်"တဲ့၊ စာရေးသူကို အမှာနိဒါန်းရေးခိုင်းလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့သည်မှာ အခြားမဟုတ်ပေ။

ဆရာတော်ဘုရားကြီး တပည့်ကြီးများ ဖြစ်ကြတဲ့... ဆားလင်းကြီး တောင်ပေါ်ကျောင်းဆရာတော်ဦးအာဒိစ္စဝံသ (အဂ္ဂမဟာပဏ္ဍိတ)တို့ ရှိပြီးသား ဖြစ်နေသည့်အတွက်ကြောင့် လုံးဝမမျှော်လင့်သော စကားတစ်ခွန်း ဖြစ်ပေသည်။

သို့သော် ဆရာသမားများ ခိုင်းစေချက်တာဝန်ကို မဖြစ်မနေ ထမ်းဆောင်လာခဲ့သည်မှာ နှစ်ပေါင်း (၄၀) ကျော်လွန်ခဲ့ပေပြီ။

ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းမှာ မခွဲမကွာ နေထိုင်လာခဲ့သည့် တပည့်ရင်းထဲမှာ မိမိမှတစ်ပါး အခြားနှစ်ပါး မရှိပါ။ ထို့ကြောင့် ဆရာတော်ဘုရားက တပည့်ကို လမ်းဖွင့်ပေးသော လာဘ်တစ်ပါးဟု မှတ်ယူကြိုးစား ရေးသားရပါသည်။

သက်တော်ရှည် ဝါးတန်းဆရာတော်ဘုရားကြီးသည် ၁၃၆၅-ခုနှစ် နယုတ်လဆန်း (၁၅)ရက်နေ့က သက်တော် (၈၉)နှစ်သို့ ရောက်ရှိလာပါပြီ။

ဆရာတော်ဘုရားကား သက်တော်ပင် ကြီးရင့်လာသော်လည်း သတိ မှတ်ဉာဏ် လုံ့လ ဝီရိယတို့ကား ရှေးရှေးတုန်းက အတိုင်းပင် ရှိနေသေးသည်။

ဗုဒ္ဓ ပရိယတ္တိသာသနာနယ်ပယ်ထဲသို့ ခြေစုံပစ်ပြီး ဝင်ရောက်လာခဲ့သည့် နှစ်တို့ကား ကျောင်းသား ကိုရင်ငယ်ဘဝကပင် ဖြစ်သည်။

ဆရာတော်ဘုရားက စာဟောင်း ပေဟောင်းများ ရှာဖွေစုဆောင်းလာသည့် အလေ့အကျင့်မှာ စာသင်ဘဝက စခဲ့သည့် ဆရာတော်၊ စာပေပေါ်မှာ ဂိုဏ်းဂဏ အစွဲအလမ်း မထားပေ၊ စာကောင်းလျှင် နှုတ်တွင် ဆောင်လေ့ရှိသည်၊ နေဝင်နေထွက် စာပေအဖော်နှင့် ယနေ့တိုင် နေထိုင်ဆဲပါ၊ စာအုပ်ဆိုလျှင် ဈေးကြီးသည့်အတွက် နောက်မဆုတ်ခဲ့၊ မဖြစ်ဖြစ်တဲ့နည်းနှင့် ရအောင် ကြိုးစားသည်။

ထို့ကြောင့် ဆရာတော့် စာအုပ် စာစုထဲမှာ ရှားပါးစာပေတွေ အများကြီး တွေ့ရသည်။

ဆရာတော်တို့ ဘဝလမ်းကြောင်းကား ကိုယ့်ဒူး ကိုယ်ချွန်ဘဝ သက်သက်ဖြင့် ရပ်တည် လျှောက်လှမ်းလာခဲ့ရသည့် ဆရာတော်တစ်ပါးစစ်စစ် ဖြစ်သည်၊ ဘယ်သူ့ နို့သက်မှ ခံယူခဲ့ရသည် မဟုတ်ပေ။

သို့သော် ဆရာတော်သည် ဖွဲ့လုံ့လကို ယနေ့တိုင် အလျှော့ပေးခြင်း မရှိသေးပေ။ ဆရာတော် လက်စွဲပြုသည့် စာအုပ်တို့မှာ နီပြာတံဖြင့် ကောက်ချက်ဆွဲထားသည်က များပေသည်။

ထို့ကြောင့် ဒီအသက် ဒီအရွယ်ကြမှ သိမ်အကြောင်းဆိုင်ရာတွေကို စုစည်းပြီး "သိမာဝိမံသနကထာ"မည်သော ကျမ်းစာ တစ်စောင်တစ်ဖွဲ့ ဖြစ်ပေါ်လာရခြင်းက အထူးပင် အံ့ဩဖွယ် ဖြစ်ပေမည်။

ယခုလို ကျမ်းဂန် စာအုပ်စာတမ်း ပြုစုကြသည်တို့မှာ ငယ်ရွယ်သူတို့သာ စိတ်လိုက်မာန်ပါ လုပ်လေ့ လုပ်ထ ရှိကြသည်၊ အသက်အရွယ် ကြီးလာသူတို့ကား လုပ်ငန်းအားလုံး ရပ်ဆိုင်းပြီး မိမိဘဝ လျှောက်လှမ်းလာခဲ့ရတဲ့ ခရီးအဖုံဖုံကို ပြန်လည် သုံးသပ်ပြီး ဘဝသင်ခန်းစာ အိတ်သွန်ဖာမှောက်တပည့် သားမြေးများအား ဆုံးမဩဝါဒပေးပြီး နေလေ့ရှိကြပါသည်။

ဝါးတန်းဆရာတော်ဘုရားကြီးကား ဘဝသင်ခန်းစာ ဩဝါဒပေးရင်း မိမိလုပ်ထိုက်သည့်အလုပ်ကို စံပြအဖြစ် လုပ်ပြလိုက်ခြင်းဖြစ်မည်။

ဆရာတော်ဘုရားကြီးသည် သက်တော်ပင် ရင့်မာလာခဲ့သော်လည်း ပရိယတ္တိစာပေ မကြည့်သည့် ရက်၊ စာမကျက်သည့်အခါ မရှိခဲ့ပေ။

ဒါ့ကြောင့် ရွှေကျင်နိကာယ ဒသမမြောက် သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီးကိုယ်တော်တိုင်က "ဝါးတန်းဘုန်းတော်ကြီးက ဒီရွယ်ထိတောင် စာကျက်နေရသေးလား" လို့ မိန့်ဖူးသည်ကို အမှတ်ရမိပါသည်။

ဝါးတန်းဆရာတော်ဘုရားကြီးက…"စာပေဟာ မိတ်ဆွေအစစ်တဲ့၊ စာပေဟာ အနှစ်သာရ ပြည့်ဝမှု အရှိဆုံး"ဟု အမြဲတန်း ဩဝါဒပေးလေ့ရှိနေပါသည်။

ဆရာတော်ဘုရားက သိမ်အကြောင်းဆိုင်ရာတွေကို ဘယ်ပုံ ဘယ်နည်း လမ်းအူကြောင်း ရှာဖွေပြီး စုစည်းတင်ပြထားသည်ဆိုတာ သိချင်ကြပေလိမ့်မည်။

ဆရာတော်ဘုရားက တစ်ညနေမှာ… "ဒို့ငယ်ငယ်တုန်းက လေ့လာဆည်းပူးခဲ့ရတဲ့ ဝိထိပုံ၊ ဆန်းပုံ၊ သိမ်ပုံကျမ်းကြီးဟာ သိပ်ကို ကောင်းပါတယ်၊ နောက်ပိုင်း အဲဒီ ကျမ်းစာအုပ်ကြီး ပြန်လည် ပုံနှိပ်ခြင်း မတွေ့ရတော့ဘူး၊ ဒီတော့ အဲဒီ စာအုပ်ထဲမှာ ပါဝင်တဲ့ သိမ်ပုံကျမ်းတစ်ဖွဲ့ကို မှီငြမ်းပြီး သိမ်အကြောင်းဆိုင်ရာတွေ ရှာဖွေ စုစည်း တင်ပြရလျှင် ကောင်းလိမ့်မယ်"ဟု အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ရပြီးချိန်မှာ မိန့်ဖူးသည်ကို မှတ်မိပါသည်။

ဆရာတော်ဘုရားသည် လုပ်ငန်းတစ်ခု လုပ်တော့မည်ဟု ဆုံးဖြတ်ထားလျှင် မဖြစ်မနေ လုပ်တတ်တဲ့ အကျင့်ကြောင့် အခုလို ဘွဲ့ထူး၊ ဂုဏ်ထူးတွေ ခေတ်အဆက်ဆက်မှာ ရရှိခဲ့

ဒါ့ကြောင့် ဂျပန်ခေတ်ကြီး စစ်မီးပွား ကြားထဲမှာ မြန်မာဂျပန်ချစ်ကြည်ရေးလက်မှတ်တစ်စောင် ဂျပန်က ဆက်ကပ်ခြင်း ခံယူခဲ့ရသေးသည်။

ဆရာတော်ဘုရားက… ၁၃၆၄-ခု သီတင်းကျွတ်လထဲမှာ "ရော့ ငါ့စာမူ ပြီးသွားပြီ၊ အမှာစာ နိဒါန်းသာ ရေးပေတော့"ဟု မနက်ခင်း ရေနွေးသောက်ချိန်မှာ ခိုင်းလိုက်ပါသည်။

စာရေးသူက ဗဟုကိစ္စများများနှင့် ဆရာတော့်စာမူကို အချိန်ယူ၍ အပြန်အလှန် ဖတ်ရှုရပါသည်။

၁၂၄၆-ခု မန္တလေးမြို့ အာဋဝိ စီလမ်း မန္တလေးတိုင်း သတင်းစာတိုက်မှာ ပုံနှိပ်တဲ့ သိမ်ပုံကျမ်းစာထဲက ပုံတွေလည်း တွေ့ရသည်၊ ဝိနည်းမဟာဝါအဋ္ဌကထာ၊ ဝိမတိဋီကာ မဟာဝါ ဘာသာဋီကာကျမ်းတို့နှင့် အယူအဆများ ညှိနှိုင်း စုစည်း တင်ပြထားခြင်းတို့လည်း တွေ့ရသည်၊ ရဟန်းငယ်၊ ရှင်ငယ် ကလေးများ မှတ်လွယ် ကျက်ဖွယ်လေးတွေပါ ရှာဖွေ စုစည်း တင်းပြထားပုံတို့မှာ ပြည်စုံပါပေသည်။

ရှေးခေတ် မြန်မာနိုင်ငံတော်မှာ ကိုယ့်ထီးကိုယ့်နန်းနှင့် နေထိုင်လာခဲ့သည့်ခေတ်နှင့် ကိုလိုနီနယ်ချဲ့တို့ ကြီးစိုးအုပ်ချုပ် နေသည့် ခေတ်တို့မှာ နေ လအသွင် ပေါ်လွင် ထင်ရှား ကျော်ကြားသည့် ဆရာတော်တို့ကား မုံရွာမြို့ လယ်တီဆရာ တော်ဘုရားကြီး၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရား ကြီးများ ဖြစ်ကြသည်။

ယင်းဆရာတော်ဘုရားကြီးများသည် တစ်ပါးနှင့်တစ်ပါး ရိုသေခြင်း, လေးစားခြင်း, ညီညွတ်ခြင်းတို့မှာ ဗုဒ္ဓသားတော် များ ပီသလှပေသည်။

တစ်ချိန်မှာ လယ်တီဆရာတော်ဘုရားကြီးက တပည့်များ ကို သိမ်ပိုင်းဆိုရာ စာဝါများ ပို့ချနေ့စဉ်မှာ ဥဒကုက္ခေပသိမ်

ဖြစ်ပုံနှင့် သတ္တဗ္ဗတ္တန္တရသိမ်ဖြစ်ပုံများကို အတ္တနောမတိ၊ အပရေ ဝါဒ၊ ဝိမတိဝါဒ သုံးမျိုး သုံးစား ကွဲပြားလျက် ရှိနေသည်ကို မိမိဉာဏ်ဖြင့် မဆုံးဖြတ်ဘဲ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရား ကြီးထံတော်သို့ လျှောက်ထားပုံမှာ...

"ကျန်းမာ၍ အခွင့်ရသောအခါ ဆင်ခြင်တော်မူ၍ ဘယ် အယူ သင့်မြတ်သည်ဟူ၍လည်းကောင်း၊ သို့မဟုတ် တစ်မျိုး မျှပင် သင့်မြတ်ခွင့်ကို ထင်မြင်တော်မမူလျှင်လည်း ဘယ်လို သင့်မြတ်သည်ဟူ၍လည်းကောင်း အမိန့်တော် ရှိသည်ကို နာခံလိုပါသည် ဘုရား"ဟု လျှောက်ထားပုံမှာ အတုယူရ မည်သာ။

အနန္တဂုဏ်အင်ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှစ်ပါး၏ စိတ်နေစိတ်ထား ဗုဒ္ဓသားတော်ကြီး ပီပီသသ ရှိတော်မူပုံကို အနာဂတ်သာသနာပြုမည့် ရဟန်းတော်လေးများ အတု ယူဖွယ် **"ဝိသုဒ္ဓါရုံအဆုံးအဖြတ်"** ကျမ်းစာအုပ်မှ ထုတ်၍ **(သီမာဝိမံသနကထာ)** နောက်ပိုင်း ထည့်သွင်းပုံတို့သည် ဗဟုသုတ ရဖွယ်တွင်မက ကျေးဇူးများလှပေသည်ဟု ဆိုချင် ပါသည်။

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သာသနာ့ဝန်ဆောင်ကျောင်း တိုက် ဦးစီးပဓာနဆရာတော် အရှင်ကုမာရ(ပန်းကုံး)ရေးသား တော်မူသော မင်းဘူးမြို့ သာသနာ့အောင်မြေကျောင်းတိုက်၊ ဓမ္မပဋ္ဌာနတသိမ်အောင်ဩဘာစာ ထည့်သွင်းထားပုံတို့သည် ကား **သီမာဝိမံသနကထာ**မည်သော နာမည်နှင့် လိုက်ဖက် ညီပေသည်။

ယင်းသိမ်အောင်ဩဘာစာထဲမှာ...

"သိမ်ဟာ ရဟန်းများအတွက် သားဖွားခန်းနှင့် တူပုံ၊ သိမ်ဟာ ရဟန်းတော်များအတွက် ဆေးရုံဟု ဆိုနိုင်ပုံတို့ကို ပီပြင်စွာ ရေးခြယ်မှုန်းထားသည်တို့ကို ရှုစားတော်မူကြရန် ကြိုတင်သတင်းကောင်း ဖြန့်ဝေလိုက်ပါသည်။

ရွှေကျင်နိကာယ ဗဟိုဌာန-မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ် ခဏ္ဍသိမ်တော် သမုတ်ရန်အတွက် သိမ်အမိန့်စာပါ ထည့်သွင်းပြထားပုံတို့သည် ခေတ်သမိုင်းအတွက် အထောက် အထား ခိုင်ခိုင်မာမာ ပြည့်ပြည့်စုံစုံ နှစ်တစ်ရာမှာ ထုတ်ပြနိုင် သည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်ပင် ဖြစ်ပေသည်။

ၚင်းသိမ်အမိန့်စာချွန်လွှာကို မူရင်းအတိုင်း မဟာဝိသုဒ္ဓါရုံ တိုက်သစ် ခဏ္ဍသိမ်တော်ကြီး အုတ်နံရံမှာ ဝါးတန်းဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် စီမံ ကြည့်ကြပ်မှုဖြင့် ဝါးတန်း ကျောင်း၊ ကျောင်းဒကာ-ကျောင်းအမ မိသားတစ်စုတို့က ကျောက်စာထု ကုသိုလ် ပြုလုပ်၍ လှူဒါန်းထားသည်ကို အစဉ် ထာဝရ တွေ့မြင်နေရသည့်အတွက်ကြောင့် အကွက်မိမိရှိလှ ပေသည်ဟု ဂုဏ်ယူဝမ်းမြောက် ပီတိပွားမိပါသတည်း။

**သက်တော်ရာကျော်ရှည်တော်မူပါစေသတည်း။**

**အရှင်ပဏ္ဍိဝ**
**ဝါးတန်းကျောင်း**
**မဟာဝိသုဒ္ဓါရုံတိုက်သစ်**
**မန္တလေး**

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ မိတ်ဆက်ကထာ | ... | က |
| ၂။ သိမ်ဆိုသည်မှာ | ... | ၁ |
| ၃။ ဗုဒ္ဓသိမ်သမုတ်ရခြင်းအကြောင်း | ... | ၄ |
| ၄။ သိမ်သမုတ်နည်းသိလွယ်ရန် | ... | ၅ |
| ၅။ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် သိလွယ်စေရန် | ... | ၇ |
| ၆။ ဝိသုံဂါမတောင်းယူ၍ သိမ်သမုတ်ခြင်းအကြောင်း | | ၈ |
| ၇။ အဌကထာနည်းအတိုင်း သိမ်နိမိတ် အမေး-အဖြေ ပြောကြားပုံ | ... | ၁၀ |
| ၈။ ဗုဒ္ဓအလိုတော်ကျ နိမိတ်(၈)မျိုး | ... | ၁၃ |
| ၉။ အမှတ်(၂)(၃)(၄)ပုံစံပြ စက်ဝိုင်းသဏ္ဍာန် သိမ်သမုတ်မည့်ကျောင်း, တောင်ရှိအံ့၊ ... ယူဆပုံ ရှင်းလင်းချက် | ... | ၁၄ |
| ၁၀။ ကောက်နယ်တလင်းကဲ့သို့ မြေနှင့်အညီ ကျောက်ဖျာတစ်ဖက်၊ ရေစသည် ထား၍ နိမိတ်ကြားပုံ | ... | ၁၇ |
| ၁၁။ ၃၂-ပိုလ်ဟူသည် | ... | ၁၈ |
| ၁၂။ ကျောက်ဖျာအပေါ်၌ အခြားကျောက်တုံး တစ်ခုခု တင်၍ နိမိတ်ကြားရမည်။ | ... | ၁၉ |
| ၁၃။ အမှတ်(၉)ပုံစံပြကျောက်ဖျာမျိုး နိမိတ် ကြားခြင်းငှာ မအပ်။ | ... | ၂၀ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁၄။ အမှတ်(၁၀) (၁၁)ပုံစံပြတို့သည် နိမိတ် မလုပ်ရ-ဟူလို။ ... | ၂၀ |
| ၁၅။ တောကို သိမ်အတွင်းပြုလုပ်လိုမူ တောနိမိတ် မပြုဘဲ တော၌ပေါက်သော သစ်ပင်,ကျောက် စသည် နိမိတ်ပြုမည့်ပုံ ... | ၂၂ |
| ၁၆။ တစ်ဆက်တည်းစပ်သော ပညောင်ပင်ကြီးကဲ့သို့ သစ်ပင်ကြီးကိုမူ တစ်နေရာ၌ ကြားပြီးလျှင် အခြားနေရာတို့၌ နိမိတ်မကြားရ။ ... | ၂၃ |
| ၁၇။ နှစ်ဖြာခွဲထွက်သောနေရာ၌ဖြစ်စေ, ပြန်ပေါင်း သောနေရာ၌ဖြစ်စေ၊ တစ်ခါ နိမိတ်ကြားလျှင် ပြီး၏။ ... | ၂၄ |
| ၁၈။ ထိုလမ်းလေးခုထဲမှ တစ်ခုခုကို နိမိတ်လုပ် ပြီးလျှင် အခြားလမ်းကို နိမိတ်မလုပ်ရ။ ... | ၂၅ |
| ၁၉။ ဆရာတော်မိန့်သည့် သိမ်လမ်းပုံ ... | ၂၆ |
| ၂၀။ လှည်းလမ်းကြောင်းနှစ်ခုလုံးသည် သိမ် အပြင်ဘက် ကျရောက်သည်ဟု မှတ်။ ... | ၂၇ |
| ၂၁။ လမ်းဖြစ်မှုကား တစ်ခုသောအရပ်၌ နိမိတ်ကြား၊ တစ်ပါးသောအရပ် လမ်းနိမိတ် မကြားရတော့။ | ၂၈ |
| ၂၂။ တောင်ပို့နိမိတ် အောက်ထစ်ဆုံးအပိုင်းအခြား | ၂၉ |
| ၂၃။ ကျောင်းတိုက်ကို ဝန်းရံ၍ တစ်စပ်တည်းသော တောင်ပို့ ဖြစ်မှုကား ... | ၃၀ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၂၄။ အကြင်မြစ်သည် လမ်းဆုံကဲ့သို့လည်းကောင်း, လှည်းဦးသဏ္ဍာန်ကဲ့သို့လည်းကောင်း ဖြစ်နေမှု | ၃၁ |
| ၂၅။ မြစ်လေးစင်း၌လည်း နည်းတူပင်၊ တစ်နေရာ၌ ကြားပြီးလျှင် အခြားနေရာတို့၌ မကြားရ။ ... | ၃၂ |
| ၂၆။ အချင်းချင်းမရောနှောသောမြစ်လေးစင်းဖြစ်မှု | ၃၃ |
| ၂၇။ ထိုသို့ ပိတ်ဆို့သော်လည်း မြစ်ရေသည် ရေကာတာကို ကျော်တက်၍ စီးသွားသည်ပင် ဖြစ်အံ့။ ... | ၃၃ |
| ၂၈။ ထိုမြစ်မျိုးမှာ ရေစီးသောနေရာ၌ မြစ်နိမိတ်, မစီးသောနေရာ၌ ရေနိမိတ်လုပ်နိုင်သည်။ ... | ၃၄ |
| ၂၉။ မူလမြစ်ကို ဖောက်၍ မိမိဟူသော မြစ်ငယ် ကိုယ်တိုင်လည်း စီးသွားနိုင်၏၊ မိချောင်းစသည် ရှိပြီး လှေအစရှိသည်တို့ဖြင့် လှည့်လည်နိုင်သော မြစ်သည် ဖြစ်အံ့။ ... | ၃၅ |
| ၃၀။ ဝက်တူးအပ်သော ရေအိုင်ဖြစ်စေ, ကလေး သူငယ်တို့ ကစားသောရေအိုင်ဖြစ်စေ သိမ် သမုတ်ခါနီးမှ တွင်းတူး၍ လောင်းထည့်အပ် သော ရေပင်ဖြစ်စေ- ... | ၃၆ |
| ၃၁။ အရပ်ရှစ်မျက်နှာတို့၌ (၈)မျိုးသော သိမ်နိမိတ် တို့ဖြင့် မရောနှောသောနိမိတ်ဖြင့်လည်းကောင်း | ၃၇ |
| ၃၂။ အသမ္ဘိန္န ၊ သမ္ဘိန္န ဆိုသည်မှာ ... | ၃၈ |
| ၃၃။ အနည်းဆုံးနိမိတ် သုံးခုရှိစေရမည်။ သုံးခုအထက် ၌ကား နိမိတ်တစ်ရာ(သို့)နိမိတ်အများပင် ထား သော်လည်း အပ်တော့သည်သာ။ ... | ၃၈ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၃၄။ | သိင်္ဃာ၌ကသင်္ကန်းနှာ-ပေါင်းဆုံ၍နေသော လမ်းသုံးခွသင်္ကန်း ရှိသည်။ ... | ၃၉ |
| ၃၅။ | အမှတ်(၃၅)ပုံစံ၊ အမှတ်(၃၆)ပုံစံတို့ စတုရသ၊ အမုစန္ဒ ကြည့်ရှုရန် ... | ၄၀ |
| ၃၆။ | အမှတ်(၃၇)ပုံစံပြ တေရသကဏ်အလို၊ အမှတ်(၃၈)ပုံစံ ဝိမတိအလို ... | ၄၁ |
| ၃၇။ | ဤသမုတ်နည်းသည် ဝိသုံဂါမ သီးခြားသိမ်မိန့် ခံပြီး သမုတ်နည်းမျိုး မဟုတ်၊ သိမ်မိန့် မခံဘဲ သမုတ်နည်းမျိုးတည်း။ ... | ၄၂ |
| ၃၈။ | ထိုဝိသုံဂါမ၌ သိမ်သမုတ်ရခြင်းကား အစိုးရတို့က ဝိသုံဂါမ အဖြစ်ကို ပြန်၍ ရုပ်သိမ်းသော်လည်း သိမ်မပျက်ခြင်း အကျိုးထူး ... | ၄၃ |
| ၃၉။ | ကျောင်းတိုက်များ၌ ဖွဲ့ပြီးသိမ်ရှိ/မရှိ၊ ရှိလျှင် ၎င်းသိမ်များအတွင်း၌ ရဟန်းများကို နေစေရမည်၊ မရှိလျှင် ဆန္ဒဆောင်ရသည်ကိုပြ ... | ၄၄ |
| ၄၀။ | သမာနသံဝါသကသိမ်သမုတ်တုန်း၌ ဂါမခေတ်ချင်း မတူသောကြောင့် လာလာ/မလာလာဟု ဆို | ၄၅ |
| ၄၁။ | ခဏ္ဍသိမ်သည် ပဗ္ဗဇ္ဇာကိစ္စအတွက်လည်း လွယ်ကူခြင်းအကျိုး ရှိ၏၊ ဥပသမ္ပဒကံပြုရာ၌လည်း တိုက်ရှိသံဃာအားလုံးကို ပင့်ဆောင်ဖွယ် မလို။ ... | ၄၆ |

အကြောင်းအရာ စာမျက်နှာ

၄၂။ ကျောင်းတိုက်အလယ် ရဟန်းများပေါင်းဆုံရာ အရပ်၌ ခဏ္ဍသိမ်ကို မသမုတ်ရ၊ ကျောင်းတိုက် အစွန် ဆိတ်ငြိမ်ရာအရပ်၌သာ သမုတ်ရမည်။ ၄၇

၄၃။ ခဏ္ဍသိမ်ကို ပထမသမုတ်ခြင်းသည် ဆရာ စဉ်ဆက် အလေ့အကျက်ဖြစ် ... ၄၈

၄၄။ ခဏ္ဍသိမ်နှင့် မဟာသိမ်အကြားဝယ် မည်သည့် နေရာ၌ သီမန္တရိက် ရှိပါသည်ဟု ပတ်ပတ်လည် ပြောလျှင်လည်း ကိတ္တေတဗ္ဗပင်။ ... ၄၉

၄၅။ ကျောင်းတိုက်များကို သိမ်းကြုံး၍ မဟာသိမ် ဖွဲ့လိုလျှင် ခဏ္ဍသိမ်ရာကို ချန်လှပ်၍ မဟာသိမ် ကို သမုတ်ရမည်။ ... ၅၀

၄၆။ အဋ္ဌကထာစကားရပ်တို့ကို ထောက်၍ မဟာသိမ် သည် အလွန်ကျယ်အံ့၊ ထို့ကြောင့် ကျောင်းတိုက် တစ်ခု၌ ခဏ္ဍသိမ်(၃)လုံးတို့ထက် အလွန်လည်း ခဏ္ဍသိမ်တို့ကို ဖွဲ့နိုင်ကြောင်း ... ၅၁

၄၇။ သိမ်သမုတ်ရာ နေရာကို အစွဲပြု၍ သိမ်အမျိုးမျိုး ဖြစ်ရသည်။ ... ၅၂

၄၈။ ကျောက်ဖျာပေါ်၌ သိမ်သမုတ်သောအခါ ဆုံငယ်နှင့် သဏ္ဍာန်တူသော တွင်းငယ်ကို ပြု၍ လည်းကောင်း နိမိတ်မလုပ်ကောင်း ... ၅၃

၄၉။ နံရံကို နိမိတ်မပြု စသည်ဆိုရာ၌လည်း ဤအတိုင်း ဝိပတ္တိအရေးကို ဝေးစွာရှောင် ... ၅၃

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၅၀။ ဘိတ္တိံ အကိတ္တေတွာ=ဟူသော စကားရပ်ကား နိမိတ်(၈)ပါးတွင် နံရံနိမိတ် မပါသော်လည်း နားမလည်သူတို့က နံရံကို နိမိတ် လုပ်မည် စိုးသောကြောင့် ထပ်မံ သတိပေး။ ... | ၅၄ |
| ၅၁။ နံရံအတွင်း၌ သိမ်ဖြစ်သည်ဟု ဆိုရာဝယ် နံရံအတွင်း၌ ထားအပ်သော ကျောက်နိမိတ်တို့၏ အတွင်း၌သာ သိမ်ဖြစ်၏။ ... | ၅၅ |
| ၅၂။ အတွင်းဆောင်နှင့် စမုခ်အတွင်းဝယ် နှစ်ကျိပ်တစ်ပါး နေလောက်လျှင် စမုခ်ဆင်ဝင်လေးဖက်ရှိရာ လေးဌာန အတွင်း၌လည်း နိမိတ်ထား၍ သမုတ်နိုင်၏။ ... | ၅၆ |
| ၅၃။ နိမိတ်တို့ကို နံရံအပြင်ဘက် တံစက်ရေကျရာ အရပ်၌ ထားသောကြောင့် နံရံနှင့်တကွ ကျောင်းကုဋိတစ်ခုလုံး သိမ်အတွင်း၌ တည်သည်။ ... | ၅၇ |
| ၅၄။ လိုဏ်အတွင်း၌ (၂၁)ယောက် မစည်းဝေးလောက်လျှင် ပြာသာဒ်၏ အဦး စမုခ်၌ နိမိတ်ထား၍ ကြားရမည်။ ... | ၅၈ |
| ၅၅။ သိမ်သမုတ်သည့်အခါ၌ ဆင်ဝင်စမုခ်ဦး၌ နိမိတ်ထား၍ သမုတ်သည် ဖြစ်အံ့၊ (၂၁)ပါး မဆန့်သည် ဖြစ်အံ့။ ... | ၅၉ |
| ၅၆။ ပြာသာဒ်၏ အထက်ထပ်၌ နံရံနိမိတ်မကြားဘဲ နံရံ၏ အတွင်း၌ ကျောက်နိမိတ် ထား၍ သိမ် သမုတ်ကြသည်။ ... | ၆၀ |

အကြောင်းအရာ စာမျက်နှာ

၅၇။ နံရံလေးဖက်၏အတွင်း၌ ကျောက်နိမိတ်များ ထားလျှင် ထိုနိမိတ်တို့ အတွင်းကျသော အောက် ထပ်ဝယ် သက်စရာမရှိ။ ... ၆၁

၅၈။ အပြင်မှာ နံရံရှိရမည်၊ နိမိတ်တို့ကို အတွင်း၌ဖြစ်ရ မည်၊ သို့ဖြစ်မူ အောက်သို့လည်းသက်ဆင်းသည်။ ၆၂

၅၉။ တိုင်ကြီးထိပ်၌ (၂၁) ပါးသော ရဟန်းတော်တို့ ထိုင်နေလောက်ရာ အရပ်သည် အကယ်၍ဖြစ်အံ့၊ ဤသို့ ဖြစ်လျှင် အောက်သို့ သက်ဆင်းသည်။... ၆၃

၆၀။ ပြာသာဒ်နံရံမှ ထွက်ကုန်သော ဆင်စွယ်ကောက် ငယ် အစရှိသည်တို့၌ ကျောက်နိမိတ်တို့ကို ချိတ် ဆွဲထား၍သိမ်သမုတ်ကြ၏။ ... ၆၄

၆၁။ ဆင်စွယ်ကောက်သည် နိမိတ်၏ ဆွဲချိတ်ရာဖြစ် သောကြောင့် သိမ်သမုတ်ပြီးသောအခါ သိမ်- အတွင်း၌ တည်၏။ ... ၆၅

၆၂။ သိမ်အတွင်း၌ ပေါက်နေသော သစ်ပင်သည် သိမ့်အပြင်သို့ ကောက်၍ ထွက်နေသော်လည်း သီမဌ ဖြစ်သကဲ့သို့ . . . ... ၆၅

၆၃။ ဩတရဏာနောတရဏံ ဆိုသည် ... ၆၅

၆၄။ နံရံငြိကပ်နေကုန်သော ကျောက်တိုင်တို့ကို ပြောကြားခြင်းငှာ အပ်၏။ ... ၆၆

၆၅။ ပရိယန္တထမ္ဘ-ဆိုသည် ... ၆၇

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၆၆။ ပြာသာဒ်၏ အောက်၌ နံရံသည် အထက် အပြင်နှင့် ဆက်စပ်မှုသည် အကယ်၍ဖြစ်အံ့။ | ၆၈ |
| ၆၇။ သိမ်တွင်းတိုင် သိမ်ပြင်တိုင်တို့ဖြင့် အညီအမျှ ဆောက်ထားအပ်သော အထက် ထပ်သည် အဘယ်သို့နည်း။ ... | ၆၉ |
| ၆၈။ ပြာသာဒ်၏အပြင်ဘက် တံစက်မြိတ်ရေကျရာ အရပ်၌ နိမိတ်တို့ကို အကယ်၍ ပြကုန်အံ့။... | ၇၀ |
| ၆၉။ တောင်ထိပ်၌ မြေအပြင်သည် ရဟန်းတော်(၂၁) ပါး နေထိုင်လောက်သည် ဖြစ်အံ့။ ... | ၇၁ |
| ၇၀။ ထန်းမြစ်နှင့်တူသော တောင်လည်း အောက်ခြေ၌ တုတ်၍ အထက်၌ ကျဉ်းရကား ... | ၇၂ |
| ၇၁။ ဗိတာန်မျက်နှာကျက်သဏ္ဍာန်ရှိသောတောင် ဟူသည် မှိုပွင့်ကဲ့သို့ ... | ၇၃ |
| ၇၂။ မရိုးစည်သဏ္ဍာန်, ထက်စည် သဏ္ဍာန်ရှိသော တောင်ဖြစ်စေ ... | ၇၄ |
| ၇၃။ ပဏ္ဏဝသဏ္ဍာနောကို မဒ္ဒေဝါနှင့် အဓိပ္ပာယ် တွဲစပ်ဟု ဘာသာဋီကာမှာ မှာထား ... | ၇၅ |
| ၇၄။ တောင်ထွတ် နှစ်ခုတို့သည် ခပ်နီးနီး၌ တည်ရှိကြအံ့။ ... | ၇၆ |
| ၇၅။ မြွေပါးပျဉ်းနှင့်တူသော တောင်တစ်မျိုးသည် ရှိ၏။ ... | ၇၇ |

အကြောင်းအရာ စာမျက်နှာ

၇၆။ အာကာသပဋ္ဌာ-ဆိုသည်မှာ ... ၇၈

၇၇။ ထိုအခေါင်းပါသော ကျောက်တုံးကြီးသည် မြေကို မထိဘဲ ကောင်းကင်၌သာ တွဲလဲ ဖြစ်နေအံ့။ ... ၇၉

၇၈။ ဧဝသဒ္ဒါ မှတ်ဖွယ် ... ၈၀

၇၉။ ဝိမတိပြသိမ် (၅) မျိုး ... ၈၂

၈၀။ ဗဟိသီမာ န ဩတရတိ ဆိုသည်မှာ ... ၈၂

၈၁။ ထိုလိုဏ်သည် အထက် သီမာပရိစ္ဆေဒ၏ အပြင်ရောက်နေရကား ... ၈၃

၈၂။ ငယ်ဆိုသော်လည်း (၂၁)ပါး နေထိုင်လောက်အံ့၊ အောက်၌ သက်ဖို့ရန် နေရာရှိသောကြောင့်... ၈၅

၈၃။ ပဏဝသဏ္ဌာန်ရှိသောတောင်ဝယ် အလယ် ကျဉ်းနေ၍ အောက်သို့ သိမ်မသက်နိုင်။ ... ၈၆

၈၄။ မကျသောအပိုင်းသည်ကား (၂၁)ပါးနေထိုင် လောက်သည် အကယ်၍ ဖြစ်အံ့။ ... ၈၇

၈၅။ တည်နေရာမြေကို “အကြည်”ဟု ရှေးက ခေါ်ကြ သည်။ ... ၈၈

၈၆။ သိမ်သမုတ်ပြီးနေရာ၌ ကျောင်းဆောက်အံ့။... ၈၉

၈၇။ ရေအယဉ်ဆိုသည်မှာ ... ၉၀

၈၈။ ဥမင်မြစ်ဆိုသည်မှာ အောက်မြေကြီးထဲ၌ စီးဆင်း နေသောမြစ် ဖြစ်သည်။ ... ၉၁

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၈၉။ ဥမင်မြစ်မစီးမီ ရှေးဦးစွာ သိမ်သည် သမုတ်သည် ဖြစ်အံ့။ | ... | ၉၂ |
| ၉၀။ အကယ်၍ ဥမင်မြစ်က အရင်ရှိနှင့်ပြီး သိမ်ကို နောက်မှ သမုတ်သည်ဖြစ်အံ့။ | ... | ၉၃ |
| ၉၁။ သိမ်နှစ်သိမ်အတွင်း၌ရှိသော အဆောက်အဦတို့ အချင်းချင်းထိနေခြင်းကို "သီမာသမ္ဘေဒ" ဟု ဆိုသည်။ | ... | ၉၅ |
| ၉၂။ ခဏ္ဍသိမ်၏ အခြားမဲ့၌ သီမန္တရိက်သည် ဂါမခေတ်တွင် ပါဝင်၏။ | ... | ၉၆ |
| ၉၃။ ဂါမသိမ်နှင့် ဗဒ္ဓသိမ်သည် နိဿယ | ... | ၉၇ |
| ၉၄။ မဟာသိမ်၌ ပေါက်နေသော သစ်ပင်အကိုင်းသော်လည်း မည်သို့ ပြုမည်နည်း။ | ... | ၉၈ |
| ၉၅။ သိမ်ဟူသည် သမုတ်ဆဲသော နှစ်ကျိပ်တစ်ယောက် စည်းဝေးလောက်သော အရပ်သို့ မသက်။ | ... | ၁၀၀ |
| ၉၆။ ဤပုံကို နားလည်မှ နောင်ကျွန်းသိမ်များကို နားလည်လိမ့်မည်။ | ... | ၁၀၁ |
| ၉၇။ နိမိတ်ပြောသော ရဟန်းက မြစ်ဘက်၌တည်၍ နိမိတ်က မြစ်ကမ်း၏ အထက်အပြင်၌ တည်သောကြောင့် | ... | ၁၀၂ |
| ၉၈။ မြစ်အတွင်း၌ ကျွန်းငယ်သည် ရှိအံ့၊ ထိုကျွန်းငယ်ကိုလည်း သိမ်အတွင်း ပါစေလိုသည် ဖြစ်အံ့။ | ... | ၁၀၃ |

အကြောင်းအရာ စာမျက်နှာ

၉၉။ ကျွန်း၏ ဟိုဘက်အစွန်း ဤဘက်အစွန်း၌ ဖြစ်သော နိမိတ်တို့ကို ပြောကြား၍ ပထမ ပြောကြား နိမိတ်နှင့် တကွ ဆက်စပ်ခြင်း ပြုအပ်၏။ ... ၁၀၅

၁၀၀။ ကျွန်း၏ ထိပ်ဘက်ကို အထက် ထောင်၍ ကြည့်လျှင် တောင်၏သဏ္ဌာန်နှင့်တူသည်။ ၁၀၆

၁၀၁။ ကျွန်း၏နှစ်ဖက်ပိုထွက်သော အစွန်းတို့ကို ဝန်းရံနိမိတ်ကြား၍ သမုတ်ရမည်။ ... ၁၀၇

၁၀၂။ ကျွန်းငယ်က နှစ်ဖက်လုံးကျုံ့၍ ဟိုဘက် ဒီဘက် ကမ်းက ကျယ်နေသောကြောင့် ထက်စည်ပုံသဏ္ဌာန်နှင့် တူသည်။ ... ၁၀၈

၁၀၃။ ကျောင်းတိုက်၏ အရှေ့အရပ်၌ သရက်ပင်, သပြေပင် ဤသို့ နှစ်ပင်ကုန်သော သစ်ပင် တို့သည် အချင်းချင်းရောယှက်သော အခွ ရှိကုန်အံ့။ ... ၁၀၉

၁၀၄။ သမ္ဘိန္နနိ မှတ်ဖွယ်များ ... ၁၁၀

၁၀၅။ အထူးမှတ်ဖွယ် ... ၁၁၁

၁၀၆။ လျှပ်စစ်မီးကြိုးမှတ်ဖွယ် ... ၁၁၃

၁၀၇။ ညီနိုင်း စူးစမ်း ရှာဖွေ တင်ပြခဲ့သည်မှာ အပြီးတိုင် ... ၁၁၄

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁၀၈။ | သိမ်ပိုင်းဆိုင်ရာ ... သင့်မှာ မြဲမှတ်သား ... | ၁၁၅ |
| ၁၀၉။ | ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံဆရာတော် ဘုရားကြီးထံ မုံရွာ လယ်တီဆရာတော်ဘုရား ကြီးက သိမ်ကြောင်းဆိုင်ရာလျှောက်ထားပုံတို့ မှတ်ဖွယ် ... | ၁၂၀ |
| ၁၁၀။ | ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးက မုံရွာ လယ်တီဆရာတော်အမေး ကို ပြန်လည် ဖြေကြားထားပုံ ... | ၁၂၈ |
| ၁၁၁။ | ပန်းကုံးကျမ်းများပြုစုရှင် ဆရာတော်ဦးကုမာရ ၏ မင်းဘူးမြို့ သာသနာ့အောင်မြေကျောင်း တိုက် သိမ်အောင်ဩဘာစာ ... | ၁၃၂ |
| ၁၁၂။ | သိမ်နုတ်သောအခါ အလျား (၄)တောင် အနံ (၂)တောင်ရှိသော ညောင်စောင်းကွက်ပုံ ... | ၁၄၂ |
| ၁၁၃။ | မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် ခဏ္ဍသိမ်သမုတ်ရန် သိမ်အမိန့်ပေးစာ ... | ၁၄၃ |
| ၁၁၄။ | ကျမ်းပြုရှင် ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ ၏ ထေရုပ္ပတ္တိကထာ ... | ၁၄၄ |
| ၁၁၅။ | ကျမ်းကိုးစာရင်းများ ... | ၁၈၁ |

# သိမာဝိမိသနကထာ

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

သိန္နိယတေ သမဂ္ဂေန သံဃေန
ကမ္မဝါစာယ ဗန္ဓိယတေတိ သီမာ-ဟု သဒ္ဒနီတိ ဓာတုမာလာမှာ ဤသို့ သိမ်ဝေါဟာရကို လိုရင်း တိုရှင်း ပြထားသည်ကို မှတ်သားဖွယ်ကောင်း တွေ့ရသည်။

သိမ်အကြောင်း မကျဉ်းမကျယ် တစ်ဖန် ရှာဖွေတင်ပြ ရမည်ဆိုလျှင်...

သိမ်ဆိုသည်မှာ "သီမာ"ဟူသော ပါဠိမှ ပြောင်းရွေ့လာသော မြန်မာစကား ဖြစ်သည်၊ အပိုင်းအခြားနယ်ပယ် ဟု ဆိုလိုသည်။

ယင်းသိမ်သည်...

၁။ ဗဒ္ဓသိမ်၊

၂။ အဗဒ္ဓသိမ်-ဟူ၍ နှစ်မျိုး ရှိပြန်သည်၊ ယင်းနှစ်မျိုးတို့တွင် ဗဒ္ဓသိမ်ဆိုသည်မှာ အလိုရှိသလောက် မြေကွက်ကို သတ်မှတ်ပိုင်းခြား၍ သံဃာအားလုံး အညီအညွတ် ကံပြုရာ သိမ်အဖြစ်ဖြင့် သံဃာတော်များက သမုတ်ထားသော နယ်ပယ်ပင် ဖြစ်သည်။

ထိုနယ်ပယ်မှာ အကျဉ်းဆုံးအားဖြင့် ရဟန်းတော်(၂၁) ပါး စည်းဝေးထိုင်နေလောက်အောင် အကျယ်အဝန်း ရှိစေရမည်၊ အကျယ်ဆုံးအားဖြင့် သုံးယူဇနာထက် မပိုစေရ။

ယူဇနာဆိုသည်မှာ အကြီးဆုံးအားဖြင့် (၁၂)မိုင်နှင့် (၆) ဖာလုံခန့်၊ အလတ်စားအားဖြင့် (၉)မိုင်နှင့် ပေ (၄၈၀)၊ အသေးဆုံးအားဖြင့် (၁)မိုင်နှင့်ပေ (၇၂၀) ပမာဏရှိသည်ဟု ကျမ်းဂန်တို့၌ တွေ့ရသည်။

ဤအရာ၌ ကြီးလွန်းသည်ကို ပယ်၍ အသေးဆုံးယူဇနာကို ယူလျှင် အပြစ်ကင်းရာ၏၊ သမုတ်ဆိုသည်မှာ ထိုသံဃာ့ အစည်းအဝေး၌ ပါဝင်သော ရဟန်းတော်တို့က အားလုံး သဘောတူ အသိအမှတ်ပြုခြင်းပင် ဖြစ်သည်၊ ဤသို့ သမုတ်ထားသော ဗဒ္ဓသိမ်ကို ရည်ရွယ်၍ သိမ်ထဲသို့ သွားပြီး ရဟန်း ပြုပေးသည်ဟု ဆိုသည်။

၂-အဗဒ္ဓသိမ်ဆိုသည်မှာ သံဃာက မသမုတ်ရတော့ဘဲ သူ့အလိုလိုပင် သီးခြားဖြစ်သော နယ်ပယ်ပင် ဖြစ်သည်။

ယင်းသိမ်တို့မှာ-

(က) ဂါမသိမ်၊

(ခ) သတ္တဗ္ဘန္တရသိမ်၊

(ဂ) ဥဒကုက္ခေပသိမ် ဟူ၍ သုံးမျိုး ရှိသည်၊ ထိုတွင် (က) ဂါမသိမ်ဆိုသည်မှာ အာဏာပိုင် အစိုးရမင်းတို့က

အခွန်တော် ကောက်ခံရန်အတွက် သူကြီးတစ်ပိုင် အဖြစ်ဖြင့် ပိုင်းခြားသတ်မှတ်ထားသော ရွာနယ်ပယ်ပင် ဖြစ်သည်။

ထိုရွာနယ်ထဲမှ တစ်စိတ်တစ်ဒေသ မြေကွက်ကို ခွဲထုတ်၍ အာဏာပိုင် အစိုးရတို့က အခြားသူတစ်ဦးအား သီးခြားရွာနယ်အဖြစ်ဖြင့် ပိုင်းခြားသတ်မှတ်၍ ပေးလျှင် ယင်းမြေကွက်သည်လည်း ဝိသုံဂါမ သီးခြားရွာနယ်တစ်ခု ဖြစ်၏။

( ခ ) သတ္တဗ္ဘန္တရသိမ်ဆိုသည်မှာ မည်သည့် ရွာနယ်ထဲမှာမျှ မပါဝင်သော တောအရပ်ဒေသ၌ ကံပြုသည့် သံဃာ၏ ပတ်ဝန်းကျင် အပြင်စွန်းမှ ခုနစ်အဗ္ဘန္တရတိုင်အောင် ပြန့်ကျယ်သော နယ်ပယ်ပင် ဖြစ်သည်၊ အဗ္ဘန္တရတစ်ခုမှာ (၂၈)တောင်ပမာဏ ရှိသည်။

( ဂ ) ဥဒကုက္ခေပသိမ် ဆိုသည်မှာ မတူးမဆွ မပြုလုပ်ရဘဲ သူ့အလိုလို ဖြစ်နေသည့် မြစ်၊ ချောင်း၊ အင်းအိုင်၊ သမုဒ္ဒရာတို့၌ ကံပြုသော သံဃာ၏ အပြင်စွန်းမှ လက်ဖြင့် ရေကို ကော်၍ ပက်လိုက်လျှင် ရေကျလောက်ရာ အရပ်တိုင်အောင် ပြန့်ကျယ်သော ပတ်ဝန်းကျင်နယ်ပယ်ပင် ဖြစ်သည်။ ယင်းကို ရေသိမ်ဟုလည်း ခေါ်ကြ၏။

ယင်းရေသိမ်၌ ကံပြုလျှင် ရေထဲသို့ ဆင်း၍လည်း ပြုနိုင်၏၊ ကမ်းနှင့် မဆက်စပ်သော လှေ ဖောင်များနှင့် ရေထဲ၌ ဆောက်ထားသော အဆောက်အအုံများပေါ်၌ တည်နေ၍လည်း ကံပြုနိုင်၏၊ ဆောင်းဥတု နွေဥတုတို့၌ ရေမရှိသော်လည်း မိုးလေးလအတွင်းက မပြတ်ရေရှိခဲ့သော သောင်မြေပြင်ပေါ်၌လည်း ကံပြုနိုင်၏။

## ဗဒ္ဓသိမ်သမုတ်ခြင်းအကြောင်း

သံဃာ့ကံတစ်ခုခုကို ပြုလျှင် ထိုပြုရာ သိမ် (နယ်ပယ်) အတွင်း၌ ရှိသမျှ ရဟန်းများကို တပေါင်းတည်း စုဝေးစေရမည်။

ပမာမှာ-ငါးမိုင်လောက် ကျယ်သောနယ် (ဂါမသိမ်) အတွင်း၌ ဥပုသ် ပဝါရဏာပြုခြင်း၊ ရဟန်းခံခြင်းစသော ကံတစ်ခုခုကို ပြုလိုလျှင် ငါးမိုင်ပတ်လည် ထိုရွာနယ်အတွင်း၌ ရှိသမျှသော ရဟန်းအားလုံးကို တပေါင်းတည်း စုဝေးစေရသည်၊ မလာရောက်နိုင်သော ရဟန်းများ ရှိနေလျှင် ထိုရဟန်းတို့၏ သဘောတူကြောင်း ဆန္ဒကို ဆောင်ယူခဲ့ရသည်။

ကံပြုနေဆဲ၌ ထိုရွာနယ်အတွင်းသို့ တခြားမှ ရဟန်းများ ဝင်ရောက်လာခြင်းလည်း မရှိစေရ၊ ဤသို့ တစ်သိမ်တည်း၌ သံဃာ အကွဲအပြား မရှိဘဲ တညီတညွတ်တည်း ပြုပါမှ သံဃာ့ကံ အောင်မြင်သည်။

ထိုသို့ မဟုတ်ပါဘဲ သံဃာ့ကံ ပြုနေဆဲမှာ သံဃာ့ အစည်းအဝေးမှ အပြင်ဘက် နှစ်တောင့်ထွာ (ဟတ္ထပါသ်) ထက်ဝေးသော အရပ်၌ ဆန္ဒမပေးသော ရဟန်းတစ်ပါးမျှ ရှိနေလျှင်ပင် သံဃာအစု ကွဲနေသောကြောင့် ထိုသံဃာ့ကံ ပျက်၏။

ထို့ကြောင့် ရဟန်းသံဃာ ပေါများသော အရပ်ဒေသ၌ ဂါမသိမ်ထဲတွင် သံဃာအားလုံး တပေါင်းတည်း စုရုံးစေ၍ ကံပြုရန်မှာ ခဲယဉ်းလှ၏၊ ထို့ကြောင့် တပေါင်းတည်း အညီအညွတ် သံဃာစည်းရုံးရေး လွယ်ကူစေရန် အလို့ငှာ နယ်ကျဉ်းသော ဗဒ္ဓသိမ်ကို သမုတ်ရန် မြတ်စွာဘုရားရှင်တော်မြတ်က ခွင့်ပြုထားပေသည်။

## သိမ်သမုတ်နည်း သိလွယ်ရန်

ဂါမသိမ်မည်သော ရွာနယ်ထဲ၌ သိမ်သမုတ်လိုလျှင် ထိုရွာနယ်ထဲတွင် ရှိသော ရဟန်းများကို အကုန်လုံးပင့်ဆောင်ရမည်၊ မလာရောက်နိုင်သော ရဟန်းများ ရှိနေလျှင် ထိုရဟန်းတို့၏ သဘောတူကြောင်း ဆန္ဒကို ဆောင်ယူရသည်။

ရှေးက သမုတ်ထားသော သိမ်ဟောင်းပေါ်၌ ထပ်၍ မသမုတ်အပ်သောကြောင့် သိမ်ဟောင်းရှိနေလျှင် ပျက်ပြယ်သွားစေရန် သမုတ်မည့်နေရာ၌ ရှေးဦးစွာ သိမ်နုတ်ရသည်၊ သိမ်ဟောင်းမရှိဟု သေသေချာချာ သိလျှင်ကား နုတ်ရန် မလိုပြီ။

သိမ်သမုတ်နေဆဲမှာ ထိုရွာနယ်အတွင်းသို့ တခြားမှ ရဟန်းများ မဝင်လာစေရ၊ ထိုရွာနယ်စပ်ဝင်ပေါက်လမ်းများ၌ အစောင့်ချထားရသည်။

သိမ်သမုတ်မည့် မြေကွက် ပတ်ပတ်လည် အရပ်လေးမျက်နှာ၌ ဖြစ်စေ၊ ရှစ်မျက်နှာ၌ ဖြစ်စေ ကျောက်တုံး၊ ရေစသော အမှတ်နိမိတ်များကို အသင့်ထားရှိစေရမည်။

ဤပုဗ္ဗကိစ္စများ ပြည့်စုံသောအခါ စွမ်းနိုင်သော ရဟန်းတော်တစ်ပါးက ယခုသမုတ်မည့် သိမ်၏ အရှေ့အရပ်၌ အမှတ်အသား နိမိတ်ကား အဘယ်ပါနည်းဟု မေးရမည်၊ အခြားရဟန်းတော်တစ်ပါးက ထိုအရပ်၌ တည်ရှိနေသော နိမိတ်အားလျော်စွာ ကျောက်တုံးပါဘုရား၊ ရေပါဘုရား စသည်ဖြင့် ဖြေကြားလျှောက်ထားရမည်။

ထိုအခါ ပထမရဟန်းတော်က ဤကျောက်တုံးသည် ယခု သမုတ်မည့် သိမ်၏ အမှတ်နိမိတ်ဟု သံဃာတော်တို့အား ပြောကြား ကြေညာရလေသည်။

ထို့နောက် အရှေ့တောင်အရပ်၊ တောင်အရပ် စသည်ဖြင့် နိမိတ်ရှိရာ အရပ်များကို အစဉ်အတိုင်း လက်ယာရစ်လှည့်၍ အထက်နည်းတူပင် မေး-ဖြေ ပြောကြား ကြေညာပြီးလျှင် နောက်ဆုံး၌ အရှေ့အရပ်ကိုလည်း တစ်ဖန်ထပ်၍ နည်းတူပင် မေးရ ဖြေရ ပြောကြားကြေညာရသည်။

ဤသို့ ပတ်ပတ်လည် နိမိတ်ချင်း ဆက်စပ်မိအောင် ပြောကြား ကြေညာပြီးလျှင် စွမ်းနိုင်သော ရဟန်းတစ်ပါးက သံဃာတော်အား အောက်ပါနည်းအတိုင်း ကြေညာပြောကြားလျက် သံဃာ၏ကိုယ်စား သိမ်ကို သမုတ်ရသည်။

## မြန်မာ့နည်း မြန်မာ့မာန်ဖြင့် သိလွယ်စေရန်

အရှင်ဘုရားတို့ သံဃာတော်သည် အကျွန်ုပ်၏စကားကို နားဆင်တော်မူပါလော့။... ပတ်ဝန်းကျင်၌ နိမိတ်တို့ကို ကြေညာပြီးပါပြီ၊ သံဃာတော်သည် နိမိတ်တို့ဖြင့် သာတူ ညီမျှ ဆက်ဆံရာ၊ တပေါင်းတည်း ဥပုသ်ပြုရာ သိမ်ကို သမုတ်ပါ၏၊ သဘောမတူလျှင် ကန့်ကွက်ပြောဆိုနိုင်ပါ သည်၊ သဘောတူလျှင် ဆိတ်ဆိတ် နေပါ။

"သံဃာတော်က ယင်း နိမိတ်တို့ဖြင့် သာတူညီမျှ ဆက်ဆံရာ၊ တပေါင်းတည်း ဥပုသ်ပြုရာ သိမ်ကို သမုတ် ပြီးပါပြီ၊ သံဃာတော်က နှစ်သက် သဘောတူပါသည်၊ ထို့ကြောင့် ဆိတ်ဆိတ် နေသဖြင့် သဘောတူကြောင်း အကျွန်ုပ်က အသိအမှတ် ပြုပါသည်။

အထက်ပါအတိုင်း သမုတ်ထားသော သိမ်ကို ဗဒ္ဓသိမ် ဟု ခေါ်သည်၊ ဤဗဒ္ဓသိမ်၌ သံဃာ့ကံကိုပြုလျှင် ယင်းသိမ် အတွင်းက ရဟန်းများလောက်သာ အညီအညွတ် စည်းဝေး မိဖို့ လိုသည်။

ကံပြုနေဆဲမှာ ယင်းသိမ်၏ ပြင်ဘက်၌ ရဟန်းများ ရှိနေ သော်လည်း ကံမပျက်၊ ယင်းဗဒ္ဓသိမ်မှာလည်း များသော အားဖြင့် ပေ ၄-၅-၆ ဆယ် တစ်ရာလောက်သာရှိသော ကြောင့် အတွင်းရှိသံဃာအားလုံး တပေါင်းတည်း စုဝေး ရန်နှင့် ကံပြုနေစဉ် အပြင်မှ အခြားရဟန်းများ မဝင်လာ စေရန်ကိစ္စများမှာ အလွန်ပင် လွယ်ကူလှပေသည်။

ရဟန်းပြုပေးပုံကို ပြရာတွင် သိမ်အတွင်းသို့ ဆောင်သွား၍ ပြုပေးသည်မှာလည်း ဤအညီအညွတ်သံဃာ စည်းရုံးရေး လွယ်ကူစေရန်အတွက် ဖြစ်ပေသည်။

## ဝိသုံဂါမ တောင်းယူ၍ သိမ်သမုတ်ခြင်း

အထက်ပါ ပြဆိုခဲ့သည့်အတိုင်း ဂါမသိမ်ခေါ် ရွာနယ်ထဲ၌ သိမ်သမုတ်ရခြင်းသည် ရဟန်းသံဃာပေါများသော အရပ်ဒေသ၌ သံဃာအားလုံးကို စုရုံးစေရန်နှင့် သိမ်သမုတ်ဆဲမှာ ထိုရွာနယ်အတွင်းသို့ အပြင်ပမှ ရဟန်းတော်များ မဝင်လာစေရန် ကိစ္စအတွက် မလွယ်ကူလှ၊ ခဲယဉ်း၏၊ ထို့ကြောင့် ထိုသို့ မခဲယဉ်းစေရန် မူလရွာနယ် ဂါမသိမ်ထဲမှ ခွဲထုတ်၍ ဝိသုံဂါမ သီးခြားရွာနယ် သတ်မှတ်ပေးရန် အစိုးရမင်းများထံ သက်ဆိုင်ရာ လူပုဂ္ဂိုလ်တစ်ဦးက လျှောက်တောင်းရသည်။

အစိုးရမင်းတို့က ထိုမြေကွက်ကို မူလသူကြီးပိုင် ရွာနယ်အဖြစ်မှ ခွဲထုတ်၍ သီးခြား ရွာနယ်အဖြစ်ဖြင့် လျှောက်သူအား ပေးလျှင် ထိုမြေကွက်သည် ဝိသုံဂါမ ဖြစ်၏၊ မူလရွာနယ်နှင့် မဆိုင်သော သီးခြားရွာနယ်ကလေးဟု ဆိုလိုသည်။

ဤအရာ၌ အချို့က အပိုင်စားပေမှ ဝိသုံဂါမမြောက်သည်ဟု ယူဆကြ၏၊ မူလရွာသူကြီး၏ အခွန်ကောက်ခံရာ

အုပ်ချုပ်ရာ နယ်ပယ်အဖြစ်မှ လွတ်ခြင်းသည်သာလျှင် ဝိသုံဂါမ ဖြစ်ခြင်း၏ ပဓာနအကြောင်း ဖြစ်သည်။

အစိုးရမင်းတို့က ခွဲခြားထားသည့်အတိုင်း ရွာနယ်တစ်ခုသည် အခြားရွာနယ်နှင့် မရောယှက်ဘဲ သီးခြားရွာနယ် ဖြစ်သကဲ့သို့ပင်တည်း။

ဤဝိသုံဂါမသိမ်ထဲ၌ ဗဒ္ဓသိမ်သမုတ်လျှင် ယင်းဝိသုံဂါမ မြေကွက်အတွင်းရှိ ရဟန်းများလောက်သာ အညီအညွတ် စည်းဝေး၍ ရှေး၌ပြခဲ့သောနည်းအတိုင်းပင် သမုတ်ရသည်။

ဤဝိသုံဂါမသိမ်၌ ဗဒ္ဓသိမ်သမုတ်ရခြင်းမှာ နယ်ကျဉ်းသောကြောင့် သံဃာအားလုံး တပေါင်းတည်း စုရုံးရန်နှင့် အပြင်ပမှ ရဟန်းများ မဝင်လာစေရန်အတွက် လွယ်ကူလှပေသည်။ ထို့ကြောင့် ဝိသုံဂါမ တောင်းယူ၍ သိမ်သမုတ်ရခြင်း ဖြစ်သည်။

**အထူးမှတ်ရန်မှာ** သိမ်နုတ်ရာ သိမ်သမုတ်ရာ၌ ရဟန်းတော်(၄)ပါးထက် မနည်းပါဝင်သော သံဃာက ဆောင်ရွက်ရသည်ဟု မှတ်ပါ။

ဤကား သိမ်ပိုင်းဆိုင်ရာ သိလွယ် မှတ်လွယ်စေခြင်းငှာ ထုတ်ပြလိုက်သည်။ ထို့ထက်ကျယ်ဝန်းသော သိမ်ပိုင်းဆိုင်ရာ နည်းစနစ်ကို ဆက်လက်ရှုစားကြရန် တင်ပြပါမည်။

(၁) ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာတိ ဝိနယဓရေန ပုစ္ဆိတဗ္ဗံ "ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တ"န္တိ ပဗ္ဗတော ဘန္တေတိ။ ပုန ဝိနယဓရေန "ဧသော ပဗ္ဗတော နိမိတ္တ"န္တိ ဧဝံ နိမိတ္တံ ကိတ္တေတဗ္ဗံ။ လ ။ ပုရတ္ထိမာယ အနုဒိသာယ။ လ ။ ဥတ္တရာယ အနုဒိယာယ, ကိံ နိမိတ္တံ၊ ဥဒကံ ဘန္တေ။ ဧတံ ဥဒကံ နိမိတ္တန္တိ၊ ဧတ္ထ ပန အဋ္ဌတွာ ပုန ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ ပဗ္ဗတော ဘန္တေ။ ဧသော ပဗ္ဗတော နိမိတ္တန္တိ ဧဝံ ပဌမံ ကိတ္တိတနိမိတ္တံ ကိတ္တေတွာဝ ဌပေတဗ္ဗံ။ လ ။ ဧဝဉ္စိ နိမိတ္တေန နိမိတ္တံ ဃဋိတံ ဟောတိ။ ဧဝံ နိမိတ္တာနိ ကိတ္တေတွာ အထာနန္တရံ ဝုတ္တာယ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ။ ကမ္မဝါစာပရိယောသာနေ နိမိတ္တာနံ အန္တော သီမာ ဟောတိ၊ နိမိတ္တာနိ သီမတော ဗဟိ ဟောန္တိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၁၈။)

အထက်ပါ အဋ္ဌကထာစကားရပ်တို့သည် သိမ်သမုတ်သည့်အခါ၌ သိမ်နိမိတ်တို့ကို ပြောကြားပုံ ပြောကြားနည်းပြဖြစ်သည်။

ပထမနည်းအရ တစ်ကြိမ် ပြောကြားခြင်းဖြင့်လည်း ပြီးနိုင်ပါ၏၊ တိက္ခတ္တုံ စကားအရ (၃) ကြိမ် နိမိတ်ပြောခြင်းမှာ ခိုင်မြဲအောင် ပြုခြင်းအကျိုးငှာ ဖြစ်မည်။

ပြောကြားပုံက...

နိမိတ္တကိတ္တန။ ။

ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ။)

ဧတံ ဥဒကံ နိမိတ္တံ။

ပုရတ္ထိမာယ အနုဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ)

တေံ ဥဒကံ နိမိတ္တံ။

ဒက္ခိဏာယ ဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ)

တေံ ဥဒကံ နိမိတ္တံ။

ဒက္ခိဏာယ အနုဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ)

တေံ ဥဒကံ နိမိတ္တံ။

ပစ္ဆိမာယ ဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ)

တေံ ဥဒကံ နိမိတ္တံ။

ပစ္ဆိမာယ အနုဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ)

တေံ ဥဒကံ နိမိတ္တံ။

ဥတ္တရာယ ဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ)

တေံ ဥဒကံ နိမိတ္တံ။

ဥတ္တရာယ အနုဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ)

တေံ ဥဒကံ နိမိတ္တံ။

ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ (ဥဒကံ ဘန္တေ)

တေံ ဥဒကံ နိမိတ္တံ။

ဤသို့ အမေး, အဖြေ သိမ်နိမိတ် ပြောကြားရသည်ဟု မှတ်ပါလေ။




အမှတ် (၁) ပုံစံ

သိမ်နိမိတ်များကို မေးမြန်းစိစစ်ရမည့်ပုဂ္ဂိုလ်က ဝိနည်းဓိုရ်ပုဂ္ဂိုလ်ဟု စာက လာသည်။ "ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ" ဟု မေးသောအခါ "ဥဒကံ ဘန္တေ" စသည်ဖြင့် လျှောက်သော ပုဂ္ဂိုလ်သည် ဦးပဉ္စင်းလည်း ဖြစ်နိုင်, လူ သာမဏေလည်း ဖြစ်နိုင်သည် ဆို၏။

ဤနိမိတ်ကဏ္ဍ၌ ဗုဒ္ဓအလိုတော်ကျ သိမ်နိမိတ်များသာ အသုံးပြုရမည်ဟု ဆို၏။ ဗုဒ္ဓအလိုတော်ကျ သိမ်နိမိတ်များကို အောက်ပါဆောင်ပုဒ်အတိုင်း ဆောင်ထားကြ, မှတ်ထားကြဟူလို။

[ဆောင်] တောင်-ကျောက်-တော-သစ်၊
လမ်းဖြစ်-တောင်ပို့၊ မြစ်-ရေကို့၊
မှတ်ဖို့ နိမိတ် ရှစ်။

## ဗုဒ္ဓအလိုတော်ကျ နိမိတ်(၈)မျိုးကား

၁။ တောင်နိမိတ်
၂။ ကျောက်နိမိတ်
၃။ တောနိမိတ်
၄။ သစ်ပင်နိမိတ်
၅။ လမ်းနိမိတ်
၆။ တောင်ပို့နိမိတ်
၇။ မြစ်နိမိတ်
၈။ ရေနိမိတ် တို့ ဖြစ်သည်ဟူ၍ မှတ်ပါ။

## သိမ်သမုတ်ကြရာ၌ အထူးသတိပြုဖွယ်

သဒ္ဓါစိတ် ထက်ထက်သန်သန်နှင့် ငွေကုန်ကြေးကျ လူပင်ပန်းခံ လုပ်ကြသော်လည်း လုပ်ထုံးလုပ်နည်း စနစ်မကျလျှင် သိမ်ပျက် (၁၁)လုံးထဲ အမှတ်မဲ့ ဖြစ်တတ်ချေသည်။ ထို့ကြောင့် သတိ အထူးထား၍ သမ္ပတ္တိ(၃)ပါးနှင့်လည်း ပြည့်စုံစေရမည်။

## သမ္ပတ္တိ (၃) ပါးကား

၁။ နိမိတ္တသမ္ပတ္တိ - နိမိတ်တို့၏ ပြည့်စုံခြင်း၊
၂။ ပရိသသမ္ပတ္တိ - ပရိသတ်၏ ပြည့်စုံခြင်း၊
၃။ ကမ္မဝါစာသမ္ပတ္တိ - ကမ္မဝါစာ၏ ပြည့်စုံခြင်းတို့ ဖြစ်လေသည်။

သိမ်သမုတ်ကြရာတွင် "နိမိတ်"ဟူသော စကားရပ်သည် အဆန်းစကားရပ် မဟုတ်ပေ၊ မိမိတို့ သမုတ်မည့် သိမ်နယ်မြေ အပိုင်းအခြား ကန့်သတ်မှု ပြုသည့် အရပ်ဌာန၏ သင်္ကေတကို "နိမိတ်"ဟု အသုံးပြုကြသည်၊ နိမိတ်ကား "နိမိတ္တ"ဟူသော ပါဠိမှ သက်ဆင်းလာသော နိမိတ်ပင်တည်း။

(၂) ယော ဧဝံ စက္ကသဏ္ဌာနေန ဝိဟာရံ ပရိက္ခိပိတွာ ဌိတော ပဗ္ဗတော၊ တံ ဧကေဒိသာယ ကိတ္တေတွာ အညာသု ဒိသာသု တံ ဗဟိဒ္ဓါ ကတွာ အန္တော အညာနိ နိမိတ္တာနိ ကိတ္တေတဗ္ဗာနိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၁၉)




အမှတ် (၂) ပုံစံ

(၂) စက်ဝိုင်းသဏ္ဌာန်အားဖြင့် သိမ်သမုတ်မည့် ကျောင်းကို တစ်ဆက်တစ်စပ်တည်း တည်နေသော တောင်ရှိအံ့၊ ထို တောင်ကို တစ်ခုသော အရပ်မျက်နှာ၌ နိမိတ်ကြားပြီးပါလျှင်

အ-ခြားအရပ်မျက်နှာတို့၌ ယင်းကို အပပြု၍ အခြားကျောက်စသည်တို့ကို ထား၍ နိမိတ်ကြားရမည်ဟု မှတ်ပါ၊၊

**မှတ်ချက်။** ။ အထက်ပါ စကားရပ်တို့၌ "အပပြု၍"ဟု ဆိုခြင်းကား နိမိတ်ဟူသည် သိမ်အတွင်း၌ မပါ၊ သိမ်အပ၌သာ တည်သည်၊ သိမ်ပ၌ တည်သော ထိုပတ်ပတ်လည်တောင် စသည်တို့သည် သိမ်တွင်း မဖြစ်နိုင်သောကြောင့် အခြားတစ်နေရာ၌ တစ်စိတ်တစ်ဒေသ အတွင်းပြု၍ သမုတ်ရန် မဖြစ်နိုင်၊ ထို့ကြောင့် ကျောက်စသော နိမိတ်ကို ထိုပတ်လည်တောင် စသည်ပေါ်မှာ မထားဘဲ တောင်မှ လွတ်ရာ အတွင်းဘက်၌ ထားရမည်ဟု မှတ်ပါ။

(၃) သစေ ပဗ္ဗတဿ တတိယဘာဂံ ဝါ ဥပမုံ ဝါ အန္တော သီမာယ ကတ္တုကာမာ ဟောန္တိ၊ ပဗ္ဗတံ အကိတ္တေတွာ ယတ္တကံ ပဒေသံ အန္တော ကတ္တုကာမာ၊ တဿ ပရတော တသ္မိံယေဝ ပဗ္ဗတေ ဇာတရုက္ခဝမ္မိကာဒီသု အညတရံ နိမိတ္တံ ကိတ္တေတဗ္ဗံ။ (ဝိ၊ ၄၊ ၃၊ ၃၁၉။)



အမှတ် (၃) ပုံစံ

(၃) တောင်၏ သုံးပုံ တစ်ပုံကို ဖြစ်စေ၊ ထက်ဝက်ကို ဖြစ်စေ၊ သိမ်အတွင်းပြု၍ သိမ်သမုတ်လိုအံ့၊ ထိုအခါ တောင်ကို နိမိတ်မကြားဘဲ အတွင်းပြုလိုသလောက် အရပ်၏အပြင်ဘက် ထို တောင်ပေါ်မှာပင် ပေါက်ရောက်နေသော သစ်ပင်၊ တောင်ပို့ စသည်ကို နိမိတ်ပြောကြားရမည်။

(၄) သစေ ကေယောဇနဒ္ဒိယောဇနပ္ပမာဏံ သဗ္ဗံ ပဗ္ဗတံ အန္တော ကတ္တုကာမာ ဟောန္တိ၊ ပဗ္ဗတဿ ပရတော ဘူမိယံ ဇာတရုက္ခဝမ္မိကာဒီနိ နိမိတ္တာနိ ကိတ္တေတဗ္ဗာနိ။ (ဝိ၊၄၊၃၊၃၁၉။)

(၄) အကယ်၍ တစ်ယူဇနာ၊ နှစ်ယူဇနာမျှရှိ တောင်တစ်ခု လုံးကို အတွင်းပြုလိုသည်ဖြစ်အံ့၊ တောင်၏ အပြင်ဘက်မြေ၌ ပေါက်ရောက်နေသော သစ်ပင်, တောင်ပို့စသည်တို့ကို နိမိတ် ကြားရသည်၊ ထိုသို့ နိမိတ်ကြား၍ သိမ်သမုတ်လျှင် တောင် တစ်ခုလုံး သိမ်အတွင်း ပါလေတော့သည်။



အမှတ် (၄) ပုံစံ

(၅) ဘူမိသမော ခလမဏ္ဍလသဒိသော ပိဋ္ဌိပါသာဏော ဝါ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၁၉။)

(၅) ကောက်နယ်တလင်းကဲ့သို့ မြေနှင့်အညီ ပြန့်ပြူးစွာ တည်ရှိနေသော ကျောက်ဖျာ၊ ယင်းကျောက်ဖျာကို တစ်ဖက်၊ ကြွင်းသောအရပ်များ၌ ရေစသည်ထား၍ နိမိတ်ကြားနိုင်ပုံ။



အမှတ် (၅) ပုံစံ

(၆) ဘူမိတော ခါဂုတော ဝိယ ဥဋ္ဌိတပါသာဏော ဝါ ဟောတိ၊ သောပိ ပမာဏုပဂေါ စေ, ဝဋ္ဋတိ။(ဝိ၊ ဋ္ဌ၊ ၃၊ ၃၁၉။)

(၆) သစ်ငုတ်ကဲ့သို့ မြေကြီးမှ ပေါ်ထွက်သော ကျောက်သည် ပမာဏလောက်လျှင် ကျောက်နိမိတ်ထား၍ ကြားနိုင်သည်။



အမှတ် (၆) ပုံစံ

**မှတ်ချက်။** ။"ပမာဏလောက်"ဟု ဆိုခြင်းသည် လူတိုင်း နားလည်မည် မဟုတ်ပေ။ အမှန်မှာ-"(၃၂) ပိုလ် တင်လဲခဲပမာဏ"ဟု ဆိုလိုရင်းဖြစ်သည်။ (၄) ကျပ်သားကို တစ်ပိုလ်၊ (၃၂) ပိုလ်ဟူသည် (၁၂၈) ကျပ်သားအချိန် ရှိသတတ်။

(၃၂) ပိုလ် အလေးချိန်ရှိသော တင်လဲခဲနှင့် အရွယ်ချင်း တူသော ကျောက်သည် နိမိတ်ပြုလောက်၏။ (အချိန်ချင်း တူရမည် မဟုတ်ပေ။)

(၇) သစေ မဟတော ပိဋ္ဌိပါသာဏဿ ကေပ္ပဒေသံ အန္တော သီမာယ ကတ္တုကာမာ ဟောန္တိ၊ တံ အကိတ္တေတွာ တဿုပရိ အညော ပါသာဏော ကိတ္တေတဗ္ဗော။

(ဝိ၊ ၄၊ ၃၊ ၃၁၉။)

(၇) ကြီးစွာသော ကျောက်ဖျာကြီး၏ တစ်စိတ်တစ်ဒေသ ကို အတွင်းပြု၍ သိမ်သမုတ်လိုသည် ဖြစ်အံ့၊ ထိုအခါ ယင်း ကျောက်ဖျာကြီးကို နိမိတ်မကြားဘဲ၊ ထိုကျောက်ဖျာအပေါ်၌ အခြား ပမာဏလောက်သော ကျောက်တုံးတစ်ခုခု စသည်ကို တင်၍ ထိုကျောက်တုံးစသည်ကို နိမိတ်ကြားရမည်။



အမှတ် (၇) ပုံစံ

(၈) သစေ ပိဋ္ဌိပါသာဏုပရိ ဝိဟာရံ ကရောန္တိ။

(ဝိ၊ ဋ္ဌ၊ ၃၊ ၃၁၉။)

(၈) အကယ်၍... ကျောက်ဖျာကြီးပေါ်၌ ကျောင်း ကျောင်းတိုက် တစ်ခုလုံးကို တည်ထားအံ့။



အမှတ် (၈) ပုံစံ

(၉) ဝိဟာရမဇ္ဈေန ဂါ ပိဋ္ဌိပါသာဏော ဝိနိဝိဇ္ဈိတွာ ဂစ္ဆတိ၊ ဝေရူပေါ ပိဋ္ဌိပါသာဏော န ဝဋ္ဋတိ။ (ဝိ၊ ၄၊ ၃၊ ၃၁၉။)



အမှတ် (၉) ပုံစံ

(၉) ကျောင်းတိုက်၏အလယ် ကျောက်ဖျာသည် ထုတ်ချင်း လျှိုထွင်း၍ အရှေ့ အနောက် (သို့မဟုတ်) တောင်မြောက် ထုတ်ချင်းဖောက်သွားသည် ဖြစ်အံ့၊ ဤကျောက်ဖျာမျိုးသည် မအပ်၊ နိမိတ်ကြားခြင်းငှာ မအပ်သည်ကို ပြသောပုံ။

(၁၀) ဝိဟာရံ ပရိက္ခိပိတွာ ဌိတပိဋ္ဌိပါသာဏော ကေတ္ထ ကိတ္တေတွာ အညတ္ထ န ကိတ္တေတဗ္ဗော။ (ဝိ၊ ဌ၊ ၃၊ ၃၁၉။)

(၁၀) ကျောင်းကို ဝန်းရံ၍ တည်သော ကျောက်ဖျာကို တစ်ခုသော အရပ်၌ ကြား၍၊... တစ်ပါးသော အရပ်၌ ၎င်း ကျောက်ဖျာကို နိမိတ်မကြားရသည်ကို ပြသောပုံ။




အမှတ် (၁၀) ပုံစံ

(၁၁) သစေ ပန ဝနမဇ္ဈေ ဝိဟာရံ ကရောန္တိ၊ ဝနံ န ကိတ္တေတဗ္ဗံ။ (ဝိ၊ ဌ၊ ၃၊ ၃၂၀။)

(၁၁) တောအလယ်၌ ကျောင်းကို အကယ်၍ ပြုကုန်အံ့၊ တောကို နိမိတ်မလုပ်ရ။

[နိမိတ်တစ်စိတ်တစ်ပိုင်းက ကျောင်းတွင်းရောက်နေသောကြောင့် ထိုတောမျိုးကို နိမိတ်မလုပ်ရ-ဟူလို။]



အမှတ် (၁၁) ပုံစံ

(၁၂) ဧကေဒေသံ အန္တောသီမာယ ကတ္တုကာမေဟိပိ ဝနံ အကိတ္တေတွာ တတ္ထ ရုက္ခပါသာဏာဒယော ကိတ္တေတဗ္ဗာ။
(ဝိ၊ ၄၊ ၃၊ ၃၂၀။)

(၁၂) တစ်စိတ်တစ်ဒေသဖြစ်သော တောကို သိမ်အတွင်း ပြုလုပ်လိုမူ တောနိမိတ် မပြုဘဲ ထိုတော၌ ပေါက်သော သစ်ပင် ကျောက် စသည်ကို နိမိတ်ပြုမည်ကို ပြသောပုံ။




အမှတ် (၁၂) ပုံစံ

(၁၃) ဝိဟာရံ ပရိက္ခိပိတွာ ဌိတဝနံ ဧကတ္ထ ကိတ္တေတွာ အညတ္ထ န ကိတ္တေတဗ္ဗံ။ (ဝိ၊ ဌ၊ ၃၊ ၃၂၀။)

(၁၃) ကျောင်းပတ်လည်၌ တည်သောတောကို တစ်နေရာ၌ နိမိတ်ကြားပြီးလျှင် အခြားနေရာတို့၌ တောနိမိတ် မကြားရတော့ပေ။




အမှတ် (၁၃) ပုံစံ

(၁၄) ဧကာဗဒ္ဓံ ပန သုပ္ပတိဋ္ဌိတနိဂြောဓသဒိသံ ဧကတ္ထ ကိတ္တေတွာ အညတ္ထ ကိတ္တေတုံ န ဝဋ္ဋတိ။ (ဝိ၊ ဌ၊ ၃၊ ၃၂၀။)

(၁၄) တစ်ဆက်တည်း စပ်နေသော ပညောင်ပင်ကြီးကဲ့သို့သော သစ်ပင်ကြီးကိုမူ တစ်နေရာ၌ ကြားပြီးလျှင် အခြားနေရာတို့၌ မကြားရတော့ပေ။




အမှတ် (၁၄) ပုံစံ

(၁၅) သစေ ဒွေ မဂ္ဂါ နိက္ခမိတွာ ပစ္ဆာ သကဋဓုရမိဝ ဧကီ ဘဝန္တိ၊ ဒွိဓာ ဘိန္နဋ္ဌာနေ ဝါ သမ္ဗန္ဓဋ္ဌာနေ ဝါ သကိံ ကိတ္တေတွာ ပုန န ကိတ္တေတဗ္ဗာ။ (ဝိ၊ ၄၊ ၃၊ ၃၂၀။)

(၁၅) နှစ်ခုသော လမ်းတို့သည် လှည်းဦးသဏ္ဌာန်ကဲ့သို့ တပေါင်းတည်း ဖြစ်ကုန်အံ့၊ နှစ်ဖြာခွဲထွက်သော နေရာ၌ ဖြစ်စေ၊ ပြန်ပေါင်းသောနေရာ၌ ဖြစ်စေ၊ တစ်ခါနိမိတ်ကြား ပြီးလျှင် နောက်ထပ်မကြားရတော့ပေ။




အမှတ် (၁၅) ပုံစံ

(၁၆) သစေ ဝိဟာရံ ပရိက္ခိတ္ဝာ စတ္တာရော မဂ္ဂါ စတူသု ဒိသာသု ဂစ္ဆန္တိ၊ မဇ္ဈေ ဧကံ ကိတ္တေတွာ အပရံ ကိတ္တေတုံ န ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၀။)

(၁၆) ကျောင်းတိုက်ကို ပတ်၍ လမ်းလေးခုတို့သည် အရှေ့ အနောက် တောင် မြောက် အရပ်လေးမျက်နှာတို့သို့ သွားကုန် အံ့၊ ထိုလမ်းလေးခုတည်းမှ တစ်ခုခုကို နိမိတ်လုပ်ပြီးလျှင် အခြားလမ်းကို နိမိတ်မလုပ်ရဟု ဆိုလိုသည်။ မဇ္ဈေ ဟု ဆို သော်လည်း "လမ်း(၄)ခုတို့၏ အလယ်တည့်တည့်၌"ဟု ဆိုလို သည်မဟုတ်ပေ၊ လမ်းလေးခုတို့တွင်ဟု နိဒ္ဓါရဏဆိုလိုသည်။




အမှတ် (၁၆) ပုံစံ

(၁၇) ကောဏံ နိဗ္ဗိဇ္ဈိတွာ ဂတမဂ္ဂံ ပန ပရဘာဂေ ကိတ္တေတုံ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၀။)

(၁၇) ကျောင်းတိုက်၏ အထောင့်ကို ဖြတ်သွားသောလမ်း။

**မှတ်ချက်။** ။ ထိုသို့ ထောင့်လေးခုကို ဖြတ်လျှင်လည်း ကျောင်းတိုက်ကြီးက မဟာသိမ်သမုတ်ဖို့ရန် ကျယ်ဝန်းရကား လမ်းအချင်းချင်း မရောဘဲ ဖြစ်နိုင်သောကြောင့် ကျောင်းဝိုင်းအပြင်သို့ ထွက်သွားသော (၄)ဌာန ဝယ် နိမိတ် (၄)ခု ပြုနိုင်ပါသည်။




အမှတ် (၁၇) ပုံစံ

(၁၈) ဝိဟာရမဇ္ဈေန နိဗ္ဗိဇ္ဈိတွာ ဂတမဂ္ဂေါ ပန န ကိတ္တေတဗ္ဗော။ ကိတ္တိတေ နိမိတ္တသ္သ ဥပရိဝိဟာရော ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၀။)

(၁၈) ကျောင်းတိုက်အလယ်က ဖြတ်သွားသော လမ်းကိုကား သိမ်နိမိတ် မကြားအပ်၊ ကြားလျှင် နိမိတ်အပေါ်၌ ကျောင်းရောက်နေမည်ဖြစ်သည်။




အမှတ် (၁၈) ပုံစံ

(၁၉) သစေ သကဋမဂ္ဂဿ အန္တိမစက္ကမဂ္ဂံ နိမိတ္တံ ကရောန္တိ၊ မဂ္ဂေါ ဗဟိသီမာယ ဟောတိ။ (ဝိ၊ ၄၊ ၃၊ ၃၂၀။)

(၁၉) လှည်းလမ်းကြောင်းတွင် ဘီးလမ်းရာ နှစ်ခုရှိရာ အတွင်းဘက်လမ်းကို သိမ်နိမိတ်လုပ်လျှင် လှည်းလမ်းကြောင်း နှစ်ခုလုံးသည် သိမ်အပြင်ဘက် ကျရောက်သည်ဟု မှတ်။




အမှတ် (၁၉) ပုံစံ

(၂၀) သစေ ဗာဟိရစက္ကမဂ္ဂံ နိမိတ္တံ ကရောန္တိ ဗာဟိရစက္က မဂ္ဂေါ ဗဟိသီမာယ ဟောတိ၊ သေသံ အန္တောသီမံ ဘဇတိ။

(ဝိ၊ ၄၊ ၃၊ ၃၂၀။)

(၂၀) အပြင်ဘက်လမ်းကို နိမိတ်လုပ်လျှင်ကား ထိုအပြင် ဘက်လမ်းကြောင်းသာ သိမ်ပ၌ ဖြစ်သည်၊ အတွင်းဘက် လမ်းသည် သိမ်တွင်း၌ ဖြစ်သည်။




အမှတ် (၂၀) ပုံစံ

(၂၁) ပရိခါသဏ္ဌာနေန ဝိဟာရံ ပရိက္ခိပိတ္ဝာ ဂတမဂ္ဂေါ ကေတ္ထ ကိတ္တေတ္ဝာ အညတ္ထ ကိတ္တေတုံ န ဝဋ္ဋတိ။

(ဝိ၊ ၄၊ ၃၊ ၃၂၁။)

(၂၁) ကျုံးသဏ္ဌာန်ဖြင့် ကျောင်းကို ဝန်းရံ၍ တည်ရှိနေကြ သော လမ်းဖြစ်မူကား တစ်ခုသော အရပ်၌ နိမိတ်ကြား၊ တစ်ပါးသောအရပ်လမ်း နိမိတ်မကြားရကောင်းပေ။




အမှတ် (၂၁) ပုံစံ

(၂၂) ဝမ္မိကနိမိတ္တေ ဟောဠမပရိစ္ဆေဒေန တံ ဒိဝသံ ဇာတော
အဋ္ဌင်္ဂုလုဗ္ဗေဓော ဂေါဝိသာဏပ္ပမာဏောပိ ဝမ္မိကော ဝဋ္ဋတိ၊
တတော ခြရံ န ဝဋ္ဋတိ၊ ပရံ ဟိမဝန္တပဗ္ဗတသတိသောပိ
သဒိဓောပိ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၁။)

(၂၂) တောင်ပို့နိမိတ်မှာ အောက်ထစ်ဆုံး အပိုင်းအခြား
အားဖြင့် သိမ်သမုတ်မည့်နေ့မှာပင် ပေါက်လာသော လက်
ရှစ်သစ် အမြင့်ရှိ၍ လုံးပတ် နွားဦးချိုမျှရှိသော တောင်ပို့သည်
ပင် အပ်တော့သည်၊ ထို့အောက်ငယ်လျှင် မအပ်၊ ထို့ထက်
ကြီးသော တောင်ပို့ကား ဟိမဝန္တာတောင်လောက်ပင် ဖြစ်
သော်လည်း အပ်သည်။




အမှတ် (၂၂) ပုံစံ

(၂၃) ဝိဟာရံ ပရိက္ခိပိတွာ ဌိတံ ပန ကောဗဒ္ဓံ ကေတ္ထ ကိတ္တေတွာ အညတ္ထ ကိတ္တေတုံ န ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၁။)

(၂၃) ကျောင်းတိုက်ကို ဝန်းရံ၍ တစ်စပ်တည်းသော တောင်ပို့ဖြစ်မူကား တစ်နေရာ၌ ကြားပြီးလျှင် အခြားနေရာတို့၌ မကြားရတော့ပေ။




အမှတ် (၂၃) ပုံစံ

(၂၄) ယာ ပန မဂ္ဂေါ ဝိယ သကဋမုခရသဏ္ဌာနေန ဝါ။

(ဝိ၊ ၄၊ [illegible] ၃၂၁။)

(၂၄) အကြင် မြစ်သည် လမ်းဆုံကဲ့သို့လည်းကောင်း၊ လှည်းဦးသဏ္ဌာန်ကဲ့သို့လည်းကောင်း ဖြစ်နေမူ တစ်ခုသော နေရာ၌ နိမိတ်ကြားပြီးလျှင် အခြားနေရာတို့ကို နိမိတ်မကြားရ တော့ပေ။




အမှတ် (၂၄) ပုံစံ

(၂၅) ပရိခါသဏ္ဌာနေန ဝါ ဝိဟာရံ ပရိက္ခိပိတွာ ဂတာ၊ တံ ဧကတ္ထ ကိတ္တေတွာ အညတ္ထ ကိတ္တေတုံ န ဝဋ္ဋတိ။

(ဝိ၊ ၄၊ ၃၊ ၃၂၁။)

(၂၅) ကျုံးသဏ္ဌာန်ဖြင့် ကျောင်းကို ဝန်းရံ၍တည်နေသော မြစ်ဖြစ်မူကား တစ်ခုသော အရပ်၌ နိမိတ်ကြား၍ တစ်ပါးသော အရပ်၌ မြစ်နိမိတ် မကြားရသည်ကို ပြသောပုံ။




အမှတ် (၂၅) ပုံစံ

(၂၆) ဝိဟာရဿ စတူသု ဒိသာသု အညမညံ ဝိနိဗ္ဗိဇ္ဈိတွာ ဂတေ နဒိစတုက္ကေပိ ဧသေဝ နယော။ (ဝိ၊ ၄၅၊ ၃၊ ၃၂၀။)

(၂၆) ကျောင်းတိုက်၏ အရှေ့ စသော အရပ်လေးမျက်နှာတို့၌ အချင်းချင်း ထုတ်ချင်းထွင်း၍ သွားသော မြစ်လေးစင်း၌လည်း နည်းတူပင် တစ်နေရာ၌ ကြားပြီးလျှင် အခြားနေရာတို့၌ မကြားရဟု မှတ်ပါ။




အမှတ် (၂၆) ပုံစံ

(၂၇) အသမ္ဘိဿနဒိယော ပန စတဿောပိ ကိတ္တေတုံ ဝဋ္ဋတိ။ (ဝိ၊ ၅၊ ၇၊ ၇၂၁။)

(၂၇) အချင်းချင်း မရောနှောသော မြစ် (၄) စင်း ဖြစ်မူ ၎င်း (၄)စင်းလုံးကိုပင် နိမိတ်ပြု၍ သမုတ်ခြင်းငှာ အပ်သည်ဟု ဆိုသည်။




အမှတ် (၂၇) ပုံစံ

(၂၈) သစေ ဝတိံ ကရောန္တော ဝိယ ရုက္ခပါဒေ နိခဏိတွာ ဝလ္လိပလာလာဒီဟိ နဒိသောတံ ရုမ္ဘန္တိ၊ ဥဒကန္တု အဇ္ဈောတ္ထရိတွာ အာဝရဏံ ပဝတ္တတိယေဝ၊ နိမိတ္တံ ကာတုံ ဝဋ္ဋတိ။ (ဝိ၊ ၅၊ ၇၊ ၇၂၁။)

(၂၈) မြစ်ရေကို တားခြင်းငှာ စည်းစောင်ရန်းကို ပြုကုန်ဘိ သကဲ့သို့ မြစ်ကို ဖြတ်၍ သစ်သားတိုင်တို့ကို စိုက်ပြီးလျှင် နွယ်, ကောက်ရိုး စသည်တို့ဖြင့် မြစ်အလျဉ်ကို အကယ်၍ ပိတ်ကုန် သည်ဖြစ်အံ့၊ ထိုသို့ ပိတ်ဆို့သော်လည်း မြစ်ရေသည် ရေကာတာကို ကျော်တက်၍ စီးသွားသည်ပင် ဖြစ်အံ့၊ ထိုသို့ စီးသွားလျှင် မြစ်နိမိတ်အဖြစ် အပ်သည်ပင် ဖြစ်၏။

**မှတ်ချက်။** ။ခြံစည်းရိုး အကာအရံကို ရှေး၌ ... “စည်းစောင်ရန်း”ဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြသည် ဟူ၍ မှတ်ပါ။




အမှတ် (၂၈) ပုံစံ

(၂၉) ယထာ ပန ဥဒကံ နပ္ပဝတ္တတိ၊ ဧဝံ သေတုမှိ ကတေ အပ္ပဝတ္တမာနာ နဒီနိမိတ္တံ ကာတုံ န ဝဋ္ဋတိ။ (ဝိ၊ ၄၊ ၃၊ ၃၂၁။)

(၂၉) ရေကျော်၍ မစီးနိုင်လောက်အောင် ရေကာတာကို ပြုလုပ်ထားလျှင် မစီးသော ရေရှိသော မြစ်ကို မြစ်နိမိတ် လုပ်ခြင်းငှာ မအပ်တော့။

**မှတ်ဖွယ်။** ။ ထိုမြစ်မျိုးမှာ ရေစီးသော နေရာ၌ မြစ်နိမိတ်၊ မစီးသော နေရာ၌ ရေနိမိတ် လုပ်နိုင်သည်ဟု မှတ်ဖွယ်ပင်။




မြစ်ကိုအကန့်ပြု၍
ရေလွှဲသောကြောင့်
ပထမမြစ်လမ်း၌
မြစ်နိမိတ်မပြုရ
သည်ကိုပြပုံ

အမှတ် (၂၉) ပုံစံ

(၃၀) ယာ ပန မူလေ မဟာနဒိတော နိဂ္ဂတာပိ ကာလန္တရေန တေနေဝ နိဂ္ဂတမဂ္ဂေန နဒိံ ဘိန္ဒိတွာ သယဥ္စ ဂစ္ဆတိ၊ ဂစ္ဆန္တီ ပရတော သုသုမာရာဒိသမာကိဏ္ဏာ နာဝါဒီဟိ သဉ္စရိတဗ္ဗာ နဒီ ဟောတိ၊ တံ နိမိတ္တံ ကာတုံ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၂။)

(၃၀) မြစ်ငယ်နှင့်တူသော ရေမြောင်းသည် အရင်းအစ၌ မြစ်ကြီးမှ ခွဲထွက်ခဲ့သော်လည်း တစ်ပါးသောအခါ၌ ထို ထွက်ကြောင်းရေလမ်းဖြင့်ပင် မူလမြစ်ကို ဖောက်၍ မိမိ ဟူသော မြစ်ငယ်ကိုယ်တိုင်လည်း စီးသွားနိုင်၏၊ စီးသွားနိုင် သည်ဖြစ်၍ နောင်၌ မိချောင်း စသည်ရှိပြီး လှေအစရှိသည် တို့ဖြင့် လှည့်လည်နိုင်သော မြစ်သည် ဖြစ်အံ့၊ ထိုမြစ်ကို သိမ်နိမိတ်ကြာခြင်းငှာ အပ်၏။




အမှတ် (၃၀) ပုံစံ

(၃၁) ဌိတံ ပန အန္တမသော သူကရခတာယပိ ဂါမဒါရကာနံ ကီဠနဝါပိယမ္ပိ တင်္ခဏညေဝ ပထဝိယံ အာဝါဋကံ ကတွာ ကုဋေဟိ အာဟရိတွာ ပူရိတဥဒကမ္ပိ သစေ ယာဝ ကမ္မဝါစာပရိယောသာနာ တိဋ္ဌတိ အပ္ပံ ဝါ ဗဟုံ ဝါ၊ ဝဋ္ဋတိ။ (ဝိ၊ ၄၊ ၃၊ ၃၂၂။)

(၃၁) တန့်ရပ်မစီးသော ရေဖြစ်မူကား အောက်ထစ်ဆုံး အားဖြင့် ဝက်တူးအပ်သော ရေအိုင်၌ ရေဖြစ်စေ၊ ကလေးသူငယ်တို့ ကစားသော ရေအိုင်၌ ရေဖြစ်စေ၊ သိမ်သမုတ်ခါနီးမှ တွင်းတူး၍ လောင်းထည့်အပ်သော ရေပင်ဖြစ်စေ၊ ကမ္မဝါစာ ပြီးဆုံးသည့်တိုင်အောင် တည်လျှင် နည်းသည်ဖြစ်စေ၊ များသည် ဖြစ်စေ အပ်တော့သည်သာဟု အဋ္ဌကထာဆရာ မိန့်ဆို၏။

**အထူးမှတ်ဖွယ်။** ။ ယခုအခါ၌ ဥဒကနိမိတ်လုပ်ရာဝယ် တွင်းငယ်လုပ်၍ ထိုတွင်း၌ ရေလောင်းထားကြ၏၊ သမာနသံဝါသသီမာသမ္မုတိကမ္မဝါစာ ဆုံးသည့်တိုင်အောင် ထိုရေ တည်လျှင် ဥဒကနိမိတ် လုပ်ဖို့ရန် အပ်သောကြောင့် ထိုအတိုင်း ပြုစီမံကြသည်ဟု ဘာသာဋီကာဆရာတော် မိန့်သည်။




**အမှတ် (၃၁) ပုံစံ**

(၃၂) ဣမေဟိ စ အဋ္ဌဟိ နိမိတ္တေဟိ အသမ္မိဿေဟိပိ အညမညံ သမ္မိဿေဟိပိ သီမံ သမ္မန္နိတုံ ဝဋ္ဋတိယေဝ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၂။)

(၃၂) အရပ်ရှစ်မျက်နှာတို့၌ (၈)မျိုးသော သိမ်နိမိတ်တို့ဖြင့် မရောနှောသော နိမိတ်ဖြင့်လည်းကောင်း၊ အချင်းချင်း ရောနှောသော နိမိတ်တို့ဖြင့်လည်းကောင်း သိမ်ကို သမုတ်ခြင်းငှာ အပ်သည်သာ။

**အထူးမှတ်ဖွယ်။** ။တောင်ချည်း ဖြစ်စေ၊ ကျောက်ချည်း ဖြစ်စေ၊ ဤသို့ စသည်ဖြင့် အခြားနိမိတ် မပါစေဘဲ ပြုလုပ်အပ်သောနိမိတ်တို့ကို "အသမ္ဗိဿ"ဟု ဆို၏၊ အရှေ့အရပ်၌ တောင်၊ တောင်အရပ်၌ ကျောက်၊ အနောက်အရပ်၌ တော၊ မြောက်အရပ်၌ သစ်ပင်၊ ဤသို့ နှစ်မျိုးသုံးမျိုး စသည် ရောနှောသော နိမိတ်တို့ကို "သမ္ဗိဿ"ဟု ဆိုသည်။




အမှတ် (၃၂) ပုံစံ

(၃၃) တိဏ္ဏံ ပန အာဒိံ ကတွာ ဝုတ္တပ္ပကာရာနံ နိမိတ္တာနံ သတေနာပိ ဗဒ္ဓါ ဟောတိ။ (ဝိ၊ ဠ၊ ၃၊ ၃၂၂။)

(၃၃) အနည်းဆုံး နိမိတ်သုံးခု ရှိစေရမည် ဖြစ်၏၊ သုံးခု အထက်၌ကား နိမိတ်တစ်ရာ (သို့မဟုတ်) နိမိတ် အများပင် ထားသော်လည်း အပ်တော့သည်သာ။




အမှတ် (၃၃) ပုံစံ

(၃၄) တိဏ္ဏံ ပန အာဒိံ ကတွာ ဝုတ္တပ္ပကာရာနံ နိမိတ္တ
သတေနာပိ ဗဒ္ဓါ ဟောတိ၊ သာ တီဟိ သိင်္ဃာ
သဏ္ဌာနာ ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ...

(၃၄) သိင်္ဃာဋကသဏ္ဌာနာ- ပေါင်းဆုံ၍ နေသော လ
သုံးခွ သဏ္ဌာန် ရှိသည်။




အမှတ် (၃၄) ပုံစံ

စတူဟိ စတုရဿာ ဝါ သိင်္ဃာဋကအမုစန္ဒမုဒိင်္ဂါဒိ သဏ္ဌာနာ ဝါ၊ တတော အဓိကေဟိ နာနာသဏ္ဌာနာ။

(ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၂။)

ဤအဋ္ဌကထာဝါကျ၌ စတုရဿာ ဝါ သိင်္ဃာဋက ဟူရာမှာ “သိင်္ဃာဋက”ပါဌ်ပို ဖြစ်ဟန်တူသည်။ အဘယ့်ကြောင့်နည်းဟူမူ လေးခုသောနိမိတ်နှင့် သုံးထောင့်မဖြစ်နိုင်သည်တစ်ကြောင်း၊ “သိင်္ဃာဋက”လည်း ပြပြီးဖြစ်သည်တစ်ကြောင်း၊ ဋီကာများလည်း အထူးမဆိုသည်တစ်ကြောင်းဖြစ်၍ ပါဌ်ပိုဖြစ်ဟန်တူသည်ဟု သိမ်ပုံပြကျန်းမှာ ဆိုထားသည်။




အမှတ် (၃၅) ပုံစံ




အမှတ် (၃၆) ပုံစံ




အမှတ် (၃၇) ပုံစံ

မုဒိင်္ဂသဏ္ဌာနာတိ ဘေရီဝိယ မဇ္ဈေ ဝိတ္ထတာ ဥဘောသု ကောဋီသု သံကောဋိတာ ဟောတိ။

(တေရသကဏ်။)




အမှတ် (၃၈) ပုံစံ

မုဒိင်္ဂသဏ္ဌာနာ ပန အာယတစတုရဿာ ဧကံ ကောဋိယံ သံကောစိတာ တဒညာ ယံ ဝိတ္ထိဏ္ဏာ ဝါ ဟောတိ။

(ဝိမတိ။)

(၃၉) တံ ဗန္ဓိတုကာမေဟိ သာမန္တဝိဟာရေသု ဘိက္ခူ တဿ တဿ ဝိဟာရဿ သီမာပရိစ္ဆေဒံ ပုစ္ဆိတွာ ဗဒ္ဓသီမဝိဟာရာနံ သီမာယ သီမန္တရိကံ, အဗဒ္ဓသီမဝိဟာရာနံ သီမာယ ဥပစာရံ ဌပေတွာ ဒိသာစာရိကဘိက္ခူနံ နိဿဉ္စာရသမယေ သစေ ဧကသ္မိံ ဂါမခေတ္တေ သီမံ ဗန္ဓိတုကာမာ၊ ယေ တတ္ထ ဗဒ္ဓသီမဝိဟာရာ, တေသု ဘိက္ခူနံ "မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ၊ တုမှေ သကသီမာပရိစ္ဆေဒတော မာ နိက္ခမိတ္ထာ"တိ ပေသေတဗ္ဗံ။ ယေ အဗဒ္ဓသီမဝိဟာရာ, တေသု ဘိက္ခူ ဧကဇ္ဈံ သန္နိပါတေတဗ္ဗာ၊ ဆန္ဒာရဟာနံ ဆန္ဒော အာဟရာပေတဗ္ဗော။

(ဝိ၊ ဌ၊ ၃၊ ၃၂၂။)

(၃၉) သိမ်မသမုတ်ရသေးသော ကျောင်းတိုက်အတွက် တစ်တိုက်လုံးကို မဟာသိမ်သမုတ်သောအခါ ကျောင်းတိုက် အပြင်ဘက်၌ သီမန္တရိက်ဥပစာ ကျန်အောင် မှန်းပြီး ချန်ထား ရမည်။ (ဝိမတိ) ဆို၏။

သာရတ္ထ၌..."ပစ္ဆာသီမံ ဗန္ဓန္တာနံ သီမာယ ဩကာသံ ဌပေတွာ" နောက်သမုတ်မည့် သိမ်နေရာ ဥပစာချန်ဟု ဆိုပြန်သည်။

**အထူးမှတ်ဖွယ်။** ။ဤသမုတ်နည်းသည် ဝိသုံဂါမ သီးခြား သိမ်မိန့်ခံပြီး သမုတ်နည်းမျိုး မဟုတ်၊ သိမ်မိန့်မခံဘဲ သမုတ်နည်းမျိုးတည်း။

ဝိသုံဂါမ အမိန့်ရ၍ သမုတ်လျှင်ကား ဤနည်း မလို၊ သို့ဖြစ်ရာ ရှေးဆရာတော်တို့သည် ဂိသုံဂါမအမိန့်ရပြီး

ဖြစ်သော်လည်း ဂါမခေတ်က နယ်ကျဉ်းနေလျှင် ဤနည်း အတိုင်း သမုတ်ကြ၏၊ အချို့သော တောနယ်များ၌ နယ်သိမ်း ၍ သမုတ်ဖို့ရန်လည်း လွယ်ကူပါသည်ဟု ဘာသာဋီကာမှာ ရှင်းပြထားသည်။

ထို့နောက် သိမ်သမုတ်ရာ ဂါမခေတ်မှ အခြား ဂါမ ခေတ်ကို သွင်း၍ သိမ်သမုတ်နိုင်ပုံကို ထောက်လျှင် ယခုအခါ ဝိသုံဂါမ အမိန့်ရသော သိမ်နေရာသည် ကျဉ်းနေပါမူ ထို ဝိသုံဂါမ၏ ပတ်ဝန်းကျင်သည်လည်း မူလဂါမပင် ဖြစ်ရကား ထိုမူလဂါမခေတ်မှ လိုသလောက် အတွင်းသွင်း၍ သမုတ်နိုင် ကြောင်း မှတ်ချက်တစ်မျိုးရသည်ဟု ဘာသာဋီကာဆရာတော် က ရှင်းပြထားသည်သာ။

**အကျိုးထူး ။ ။** ထို့ပြင် ဝိသုံဂါမအမိန့်ရသော နေရာသည် သီးခြား ရွာမြေ ဖြစ်နေရကား ဆိုင်ရာ အစိုးရတို့က ဝိသုံဂါမ အဖြစ်ကို ပြန်၍ မရုတ်သိမ်းသမျှ ဝိသုံဂါမ မပျက်သောကြောင့် ထိုသီးခြားရွာငယ်ဖြစ်သော ဝိသုံဂါမဝယ် သိမ်မသမုတ်ဘဲလည်း အလိုရှိရာ သံဃာ့ကံများ ပြုနိုင်၏ဟု မှတ်ပါ။

ထိုဝိသုံဂါမ၌ သိမ်သမုတ်ရခြင်းကား အစိုးရတို့က ဝိသုံဂါမအဖြစ်ကို ပြန်၍ ရုပ်သိမ်းသော်လည်း သိမ်မပျက်ခြင်း အကျိုးထူး ရှိသည်။




အမှတ် (၃၉) ပုံစံ

ဤပုံသည် ဂါမခေတ်တစ်ခုတည်း၌ ကျောင်းတိုက် အများ ရှိသည်ဖြစ်၍ ၎င်းနယ်အတွင်း တည်ရှိသော ကျောင်း တိုက်များ၌ ဖွဲ့ပြီး သိမ် ရှိ-မရှိ၊ ရှိလျှင် ၎င်းသိမ်များအတွင်း၌ ရဟန်းများကို နေစေရမည်၊ မရှိလျှင် ဆန္ဒဆောင်ရသည်ကို ပြသောပုံဟူ၍ မှတ်ပါ။




အမှတ် (၄၀) ပုံစံ

(၃၀) သစေ အညာနိပိ ဂါမခေတ္တာနိ အန္တောကာတုကာမာ၊ တေသု ဂါမေသု ယေ ဘိက္ခူ ဝသန္တိ၊ တေဟိပိ ဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗောတိ-မဟာသုမတ္ထေရော အာဟ။ မဟာပဒုမတ္ထေရော ပန "နာနာဂါမခေတ္တာနိ နာမ ပါဋေက္ကံ ဗဒ္ဓသီမာသဒိသာနိ၊ န တတော ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတိ။ အန္တောနိမိတ္တဂတေဟိ ပန ဘိက္ခူဟိ အာဂန္တဗ္ဗ"န္တိ ဝတွာ ပုနအာဟ "သမာနသံဝါသကသီမာသမ္မန္နနကာလေ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ။ အဝိပ္ပဝါသသီမာသမ္မန္နနကာလေ ပန အန္တောနိမိတ္တဂတေဟိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗော"တိ။

(ဝိ၊ ဌ၊ ၃၊ ၃၂၃။)

(၄၀) "အန္တောနိမိတ္တဂတေဟိ ပန ဘိက္ခူဟိ အာဂန္တဗ္ဗံ" ဟူသော စကားသည် "သာမိစိဝသေန ဝုတ္တံ-ရိုသေလေးစားရာ ရောက်ဖို့ ထွက်ဆိုအပ်သောစကား ဖြစ်သည်။ ဧကန် လာမှ သိမ်သမုတ်ကိစ္စ အထမြောက်မည်ဟု ဆိုလိုရင်း မဟုတ်။ ထို့ကြောင့် နောက်၌ "သမာနသံဝါသကသိမ်သမုတ်တုန်း၌ ဂါမခေတ်ချင်း မတူသောကြောင့် လာ လာ-မလာ လာ"ဟု ဆို၍ အဝိပ္ပဝါသသိမ်သမုတ်သောအခါ၌ကား ရွာတစ်ပါးက နိမိတ်အတွင်းရှိ သံဃာအားလုံး တစ်သိမ်တည်း၌ တည်နေသောကြောင့် လာရမည်၊ မလာနိုင်လျှင် ဆန္ဒဆောင်ယူရမည်" ဟု ဆိုသည်ကို ဘာသာဋီကာမှာလည်း ရှင်းပြထားသည်။

ပဗ္ဗဇ္ဇုပသမ္ပဒါဒီနံ သံဃကမ္မာနံ သုခ ကရဏတ္ထံ ပဌမံ ခဏ္ဍသီမာ ဗန္ဓိတဗ္ဗာ။ တံ ပန ဗန္ဓန္တေဟိ ဝတ္တံ ဇာနိတဗ္ဗံ၊ သစေ ဟိ ဗောဓိစေတိယဘတ္တသာလာဒီနိ သဗ္ဗဝတ္ထူနိ ပတိဋ္ဌာပေတွာ ကတဝိဟာရေ ဗန္ဓန္တိ၊ ဝိဟာရမဇ္ဈေ ဗဟူနံ သမောသရဏဋ္ဌာနေ အဗန္ဓိတွာ ဝိဟာရပစ္စန္တေ ဝိဝိတ္တောကာသေ ဗန္ဓိတဗ္ဗာ။ (ဝိ၊ ဌ၊ ၃၊ ၃၂၃။)

ပဗ္ဗဇ္ဇုပ ၊ပေ၊ သုခကရဏတ္ထံ။ ။ဤနေရာ၌ ပဗ္ဗဇ္ဇ အရ ဘဏ္ဍုကမ္မာရောစန-ခေါင်းတုံးရိတ်ဖို့ရန် ပန်ပြောမှုကို ရည်ရွယ်သည်၊ ရှင်ပြုသောအခါ ဆံရိတ်ရာ၌ တိုက်ရှိသံဃာကုန်ကို ပန်ပြောရ၏၊ ခဏ္ဍသိမ်အတွင်းသို့ သွား၍ ဆံရိတ်လျှင်ကား ထိုခဏ္ဍသိမ်တွင်းသံဃာကို ပန်ပြောရုံမျှဖြင့် တာဝန်ကျေ၏။

ထို့ကြောင့် ခဏ္ဍသိမ်သည် ပဗ္ဗဇ္ဇာကိစ္စအတွက်လည်း လွယ်ကူခြင်းအကျိုး ရှိ၏၊ ဥပသမ္ပဒကံပြုရာ၌လည်း တိုက်ရှိသံဃာအားလုံးကို ပင့်ဆောင်ဖွယ်မလို၊ ခဏ္ဍသိမ်တွင်း ရှိသမျှသံဃာများ ဟတ္ထပါသ်စပ်ဖို့သာ အရေးကြီးတော့၏။

ထို့ကြောင့်ပင် ဥပသမ္ပဒကံအတွက်လည်း လွယ်ကူခြင်းအကျိုး ရှိ၏၊ အခြားကံများအတွက်လည်း ဥပသမ္ပဒကံ နည်းတူပင်တည်းဟု မှတ်ပါ။

ဋီကာမှာ သုခကရဏတ္ထန္တိ သဗ္ဗေသံ သန္နိပါတန ပရိဿမံ ပဟာယ-တိုက်ရှိ သံဃာအားလုံး စည်းဝေးရခြင်းကြောင့် ပင်ပန်းမှုကို ပယ်၍ အပ္ပတရေဟိ သုခကရဏတ္ထံ-ဟု မှတ်ဖွယ်တွေ့ရှိရသည်။

**သိမ်သမုတ်မည့်နေရာ ရွေးပေးထား**

ခဏ္ဍသိမ် သမုတ်ရာ၌ နားလည် လိုက်နာရမည့် ဝတ္တရား သည်၊ ဤသဘောတရားကို အဋ္ဌကထာ၌ မှူချသတ်မှတ်ပေးထားသည်မှာ...ဗောဓိပင်, စေတီ, ဆွမ်းစားကျောင်း စသည် ရှိပြီးကျောင်းတိုက်၌ သမုတ်သည် ဖြစ်အံ့၊ ကျောင်းတိုက်အလယ် ရဟန်းများ ပေါင်းဆုံရာအရပ်၌ ခဏ္ဍသိမ်ကို မသမုတ်ရ၊ ကျောင်းတိုက်အစွန် ဆိတ်ငြိမ်ရာအရပ်၌သာ သမုတ်ရမည်၊ ထိုအရပ်မျိုးကိုသာ ခဏ္ဍသိမ်နေရာအဖြစ် သတ်မှတ်ရမည်။

အကယ်၍ ဗောဓိပင်စသည် မရှိသေးသော ကျောင်းတိုက်၌ သမုတ်သည် ဖြစ်အံ့၊ နောင် ဗောဓိပင်စသည်ကို တည်လာသောအခါ ကျောင်းတိုက်အစွန် ဆိတ်ငြိမ်ရာ ဖြစ်ရမည့် အရပ်မျိုးသာ သမုတ်ရမည်၊ ဗောဓိပင် စသည်ရှိရာအရပ်သည် လူအမျိုးမျိုးတို့ ပေါင်းဆုံရာ ဖြစ်၍ မဆိတ်ငြိမ်သောကြောင့် ဆိတ်ငြိမ်ရာသာ ဖြစ်မည့် ကျောင်းတိုက် အစွန်အရပ်ကို ညွှန်ကြားရခြင်း ဖြစ်ပေသည်။

ယခုအခါ ကျောင်းတိုက် အသစ်များ တည်ဆောက်ကြရာ၌ သိမ်သမုတ်မည့်နေရာ အဋ္ဌကထာလမ်းညွှန်ချက်ကို သတိထား လိုက်နာသင့်ပေသည်။




အမှတ် (၄၁) ပုံစံ

(၄၁) သစေ ပန ခဏ္ဍသီမာယ နိမိတ္တာနိ ကိတ္တေတွာ တတော သီမန္တရိကာယ နိမိတ္တာနိ ကိတ္တေတွာ မဟာသီမာယ နိမိတ္တာနိ ကိတ္တေန္တိ၊ ဧဝံ တီသု ဌာနေသု နိမိတ္တာနိ ကိတ္တေတွာ ယံ သီမံ ဣစ္ဆန္တိ၊ တံ ပဌမံ ဗန္ဓိတုံ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၄။)

(၄၁) အကယ်၍ ခဏ္ဍသိမ်၏ နိမိတ်တို့ကို ပထမကြား၊ ထို့နောက် သီမန္တရိက်နိမိတ်တို့ကို ကြား၊ ထို့နောက် မဟာသိမ်၏ နိမိတ်တို့ကို ကြားလျှင်မူကား ခဏ္ဍသိမ်၊ မဟာသိမ် ကြိုက်ရာသိမ်ကို ပထမ သမုတ်နိုင်သည်။

ယင်းသို့ဖြစ်သော်လည်း ခဏ္ဍသိမ်ကို ပထမသမုတ်ခြင်းသည် ဆရာစဉ်ဆက် အလေ့အကျက် ဖြစ်၏၊ ထိုအလေ့အကျက်အတိုင်း ဆောင်ရွက်ခြင်းဖြင့် တွေဝေမှု မဖြစ်နိုင်။

ထို့ကြောင့် ခဏ္ဍသိမ်ကို ပထမ သမုတ်သည့်နည်းကိုသာ လိုက်နာသင့်သည်ဟု မှတ်ပါ။

**မှတ်ဖွယ်**။ ။ ယခုခေတ်၌ကား ခဏ္ဍသိမ် မဟာသိမ် နှစ်မျိုးလုံးကို သမုတ်ဖို့ရန် ရည်ရွယ်ချက် မရှိသော်လည်း သိမ်၏ ပတ်ဝန်းကျင်၌ ပဌမနိမိတ်တိုင်ကို စိုက်ပြီးနောက် တစ်တောင့်ထွာ နှစ်တောင်လောက် ခြား၍ သီမန္တရိက်ခေါ် ကျောက်တိုင်ကို ပတ်ဝန်းကျင်၌ စိုက်ကြသေး၏၊ ထိုသီမန္တရိက်ကား မဟာသိမ်သမုတ်ရန် ရည်ရွယ်ချက်မရှိလျှင် အကျိုးမများလှ။

ရဟန်းတော်များ လှည့်လည်ခြင်းကို ဆိုလိုသည် မဟုတ်၊ နှုတ်အပြောအားဖြင့် လှည့်လည်ခြင်းကို ဆိုလိုသည်၊ မဟာသိမ်သမုတ်မည့် အရပ်၏ အတွင်း၌ တည်၍သီမန္တရိက်ကျောက်များကို ယခုခေတ် နိမိတ်ပြောသကဲ့သို့ ပြောရမည်။

**ပမာမှာ** ... မဟာသိမ်၏ အရှေ့တောင်ထောင့်က သီမန္တရိက် အမှတ်အသားသည် အဘယ်နည်း၊... ဤသို့ သိမ်နိမိတ်ပြောသလို အစဉ်အတိုင်း သီမန္တရိက်နိမိတ်တို့ကိုလည်း ပြောပါ။

ယနေ့ခေတ် နိမိတ်ပြောသလို ပြောနေမှ မဟုတ်ပေ၊ "ခဏ္ဍသိမ်နှင့် မဟာသိမ်အကြားဝယ် မည်သည့်နေရာ၌ သီမန္တရိက် ရှိပါသည်"ဟု ပတ်ပတ်လည် ပြောလျှင်လည်း "**ကိတ္တေတဗ္ဗ**" ပင်တည်းဟု ဘာသာဋီကာမှာ ရှင်းလင်းထား၏။




အမှတ် (၄၂) ပုံစံ

(၄၂) ဤပုံမှာ ဖွဲ့ပြီးခဏ္ဍသိမ်တစ်လုံးရှိသော ကျောင်းတိုက်၊ မဖွဲ့ရသေးသော ခဏ္ဍသိမ်ရှိသော ကျောင်းတိုက်၊ ဤ ကျောင်းတိုက် (၂) တိုက်လုံးကို သိမ်းကြုံး၍ မဟာသိမ်ဖွဲ့ပုံကို ပြသည်။

(၃)တိုက် (၄)တိုက် အစရှိသော ကျောင်းတိုက်များကို သိမ်းကြုံး၍ မဟာသိမ်ဖွဲ့လိုလျှင် ခဏ္ဍသိမ်ရာကို ချန်လှပ်၍ မဟာသိမ်ကို သမုတ်ရာသည်ဟု သိမ်ကျမ်းမှာ ပုံစံနှင့်တကွ ပြထားပါသည်။

(၄၃) သစေ ပန ဝိဟာရော မဟာ ဟောတိ၊ ဒွေပိ တိဿောပိ တတုတ္တရိပိ ခဏ္ဍသိမာယော ဗန္ဓိတဗ္ဗာ။

(ဝိ၊၌၊၃၊ ၃၂၄။)




အမှတ် (၄၃) ပုံစံ

(၄၃) အထက်ပါ အဋ္ဌကထာစကားရပ်တို့ကို ထောက်၍ မဟာသိမ်သည် အလွန်ကျယ်အံ့၊ ထိုကြောင့် ကျောင်းတိုက်ကြီး တစ်ခု၌ ခဏ္ဍသိမ် တစ်လုံးသာမက (၂) လုံး (၃)လုံးတို့ထက် အလွန်လည်းဖြစ်သော ခဏ္ဍသိမ်တို့ကို ဖွဲ့အပ် ဖွဲ့နိုင်ကြောင်း တို့ကို သိရပေသည်။

(၄၄) ပိဋ္ဌိပါသာဏော ဗန္ဓန္တေဟိ ပါသာဏပိဋ္ဌိယံ ရာဇိ ဝါ ကောဋ္ဋေတွာ ဥဒုက္ခလံ ဝါ ခဏိတွာ နိမိတ္တံ န ကာတဗ္ဗံ၊ နိမိတ္တုပဂပါသာဏော ဌပေတွာ နိမိတ္တာနိ ကိတ္တေတဗ္ဗာနိ။ ကမ္မဝါစာပရိယောသာနေ သီမာ ပထဝိသန္ဓာရကံ ဥဒကံ ပရိယန္တံ ကတွာ ဩတရတိ။ (ဝိ၊ဋ္ဌ၊၃၊ ၃၂၄။)



<u>အမှတ် (၄၄) ပုံစံ</u>

(၄၄) ဤသိမ်မည်သည် မြေအပြင်၌သာ သမုတ်အပ်သည် မဟုတ်သေး၊ ကျောက်ဖျာ၌လည်းကောင်း၊ ကျောင်းကုဋီ၌ လည်းကောင်း (ကျောင်းငယ် မြက်မိုးကျောင်း)၌လည်းကောင်း၊ လိုဏ်၌လည်းကောင်း၊ ပြာသာဒ်၌လည်းကောင်း၊ တောင်ထိပ် ၌လည်းကောင်း သိမ်သမုတ်လျှင်လည်း ဖြစ်သည်သာ။

ထို့ကြောင့် သိမ်သမုတ်ရာ နေရာကို အစွဲပြု၍ သိမ် အမျိုးမျိုး ဖြစ်ရသည်။ သိမ် (၅) မျိုးရှိသည်ဟု မှတ်ပါ။

ကျောက်ဖျာပေါ်၌ သိပ်သမုတ်သောအခါ ပတ်ပတ်လည်က အရေးအသား အရာပေါ်အောင် ဖြတ်တောက်၍လည်းကောင်း၊ ဆုံငယ်နှင့် သဏ္ဌာန်တူသော တွင်းငယ်ကို ပြု၍လည်းကောင်း နိမိတ် မလုပ်ကောင်း။

ဘာ့ကြောင့်နည်းဟူမူ... ထိုအရေးအသား၊ ထိုတွင်းငယ်တို့က နိမိတ် (၈)ပါးတွင် မပါဝင်သောကြောင့်တည်း၊ ထိုသို့ မပါဝင်သော်လည်း အချို့က ကျောက်ဖျာပေါ်၌ ဖြစ်၍ ကျောက်နိမိတ်တစ်မျိုးဟု ထင်မှားကာ ပြုလုပ်မည်စိုးသောကြောင့် "နိမိတ္တံ န ကာတဗ္ဗံ"ဟု တားမြစ်ရသည်။

ဥဒုက္ခလသဒ္ဒါသည် ဆုံငယ်ကို ဟောသော်လည်း ဤနေရာ၌ ဆုံငယ်နှင့်တူသော တွင်းငယ်ကို ယူပါ။ (ဥဒုက္ခလန္တိ ဥဒုက္ခလာ ဝါဋ္ဌသဒိသခုဒ္ဒကာဝါဋ္ဌံ-ဝိမတိ။) အဆိုပါ အဓိပ္ပာယ်ကို ဘာသာ ဋီကာ၌ ထည့်ပြီး ရှင်းပြထားပါသည်။

**ဝေးစွာရှောင်** မအပ်ကြောင်း ထင်ရှားပြီးဖြစ်သော်လည်း မပျက်စီးနိုင်သော အရေးအသားစသည်ဖြစ်၍ တချို့က မသိ နားမလည်၍ နိမိတ်ပြုမည်စိုးသောကြောင့် ဝိပတ္တိဖြစ်မည့် အရေးကို ဝေးစွာ ရှောင်ဖို့ရန် ဤစကားကို ဆိုထားသည်။

နောင်ဝယ် "နံရံကို နိမိတ်မပြုရ"စသည် ဆိုရာ၌လည်း ဤအတိုင်း ဝိပတ္တိအရေးကို ဝေးစွာ ရှောင်ရခြင်းအကျိုး ရှိ၏ဟု ထပ်မံ ရှင်းလင်း ပေးသည်ကို သတိပြု မှတ်ပါ။

(၄၅) ကုဋ္ဋိဂေဟေပိ ဗန္ဓန္တေဟိ ဘိတ္တိ အကိတ္တေတွာ ဧကေ ဝိသတိယာ ဘိက္ခူနံ ဩကာသဒ္ဓာနံ အန္တော ကရိတွာ ပါသာဏာနိမိတ္တာနိ ဌပေတွာ သီမာ သမ္မန္နိတဗ္ဗာ၊ အန္တော ကုဋ္ဋမေဝ သီမာ ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၅။)




အမှတ် (၄၅) ပုံစံ

(၄၅) "ဘိတ္တိ အကိတ္တေတွာ" ဟူသော စကားရပ်ကား…

နိမိတ် (၈) ပါးတွင် နံရံနိမိတ် မပါသော်လည်း နားမလည်သူတို့က နံရံကို နိမိတ်လုပ်မည်စိုးသောကြောင့် ထပ်မံသတိပေးလိုက်ခြင်း ဖြစ်သည်။ ဘိတ္တိ" ဟူရာမှာ အုတ်နံရံ, သစ်သားနံရံ စသည့် အကာကိုသာ ဆိုလို၏၊ အကယ်၍ ကျောက်ခဲကြီးများကို စီထားသော နံရံဖြစ်လျှင် နံရံရှိသော ဘက်တိုင်း၌ နိမိတ်လောက်သော ကျောက်ခဲကို

ကျောက်နိမိတ်ပြုကောင်း၏၊ သို့သော် "ဘိတ္တိ အကိတ္တေတွာ" ဟု ဆိုသောကြောင့် ထိုကျောက်နံရံကိုကား နိမိတ်မလုပ်ကောင်းဟု ဝိမတိ ဆိုသည်။

နံရံအတွင်း၌ သိမ်ဖြစ်သည်ဟု ဆိုရာဝယ်၊ နံရံအတွင်း၌ ထားအပ်သော ကျောက်နိမိတ်တို့၏ အတွင်း၌သာ သိမ်ဖြစ်၏ဟု ဆိုလိုသည်၊ ကျောက်တိုင်များကား သိမ်၏အပြင်ဘက်၌သာ ရှိရမည်။

(၄၆) သစေ အန္တောကုဋ္ဋေ ဧကဝီသတိယာ ဘိက္ခူနံ ဩကာသော နတ္ထိ၊ ပမုခေ နိမိတ္တာပါသာဏေ ဌပေတွာ သမ္မန္နိတဗ္ဗာ။ (ဝိ၊ ၄၊ ၃၊ ၃၂၅။)



အမှတ် (၄၆) ပုံစံ

(၄၆) အတွင်းအဆောင်၏ ရှေးရှု အပြင်ဘက်၌ ဆင်ဝင်စမုခ်ရှိ၏၊ ထိုဆင်ဝင်စမုခ်အတွင်း၌လည်းကောင်း၊ ထိုစမုခ်၏ အပြင်ဘက် ဘေးနှစ်ဖက် နံရံအစွန်၌ တည့်တည့် အရပ်၌လည်းကောင်း ကျောက်တိုင်နိမိတ်တို့ကို ထားရမည်။

သို့မှသာ လေးထောင့်စပ်စပ်သိမ် ဖြစ်မည်၊ (ဝိမတိ) အကယ်၍ အတွင်းဆောင်နှင့် စမုခ်အတွင်းဝယ် နှစ်ကျိပ် တစ်ပါး နေလောက်လျှင် စမုခ်ဆင်ဝင် လေးဖက်ရှိရာ လေး ဌာနအတွင်း၌လည်း နိမိတ်ထား၍ သမုတ်နိုင်၏၊ ထိုသိမ်ကား ခန်းမအတွင်းနှင့် စမုခ်အတွင်း၌သာ သိမ်ဖြစ်သည်။

(၄၇) သစေ ဧဝမ္ပိ နပ္ပဟောတိ၊ ဗဟိနိဗ္ဗောဒကပတန ဋ္ဌာနေပိ နိမိတ္တာနိ ဌပေတွာ သမ္မန္နိတဗ္ဗာ။ ဧဝံ သမ္မတာယ ပန သဗ္ဗံ ကုဋ္ဋိဂေဟံ သီမဋ္ဌမေဝ ဟောတိ။
(ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၅။)



အမှတ် (၄၇) ပုံစံ

(၄၇) ရှေးသမုတ်နည်း၌ နံရံသည် သိမ်တွင်းမပါ။ ဤသမုတ်နည်း၌ကား နိမိတ်တို့ကို နံရံအပြင်ဘက် (တံစက်ရေကျရာ) အရပ်၌ ထားသောကြောင့် "နံရံနှင့်တကွ ကျောင်းကုဋိ တစ်ခုလုံး သိမ်အတွင်း၌ တည်သည်"ဟု ဆိုသည်။



အမှတ်(၄၈)ပုံစံ

(၄၈) စတုဘိတ္တိယ လေဏေပိ ဗန္ဓန္တေဟိ ကုဋ္ဋံ အကိတ္တေတွာ ပါသာဏာဝ ကိတ္တေတဗ္ဗာ။ (ဝိ၊ ဋ၊ ၃၊ ၃၂၅။)

(၄၈) နံရံလေးခုရှိသော လိုဏ်ဖြစ်မူ နံရံကို မကြားမူ၍ ကျောက်ကို နိမိတ်ထားကြားရမည်ကိုပြသောပုံ ဖြစ်သည်။



အမှတ် (၄၉) ပုံစံ

(၄၉) သစေ အန္တော ဩကာသော နတ္ထိ၊ ပမုခေပိ နိမိတ္တာနိ ဌပေတဗ္ဗာနိ။ (ဝိ၊ ၄၊ ၃၊ ၃၂၅။)

(၄၉) စတုဘိတ္တိယ လိုဏ်ဝယ် အတွင်း၌ (၂၁) ယောက် မစည်းဝေးလောက်လျှင် ပြာသာဒ်၏ အဦးစမုခ်၌ နိမိတ်ထား၍ ကြားရမည်ကိုပြသောပုံ ဖြစ်သည်။

(၅၀) သစေ နပ္ပဟောတိ၊ ဗဟိ နိဗ္ဗောဒကပတနဋ္ဌာနေပိ နိမိတ္တူပါသကေ ဌပေတွာ နိမိတ္တာနိ ကိတ္တေတွာ သီမာ သမ္မန္နိတဗ္ဗာ။ ဧဝံ လေဏာဿ အန္တော စ ဗဟိ စ သီမာ ဟောတိ။ (ဝိ၊ ၄၊ ၃၊ ၃၂၅။)



အမှတ် (၅၀) ပုံစံ

(၅၀) သိမ်သမုတ်သည့်အခါ၌ ဆင်ဝင်စမုခ်ဦး၌ နိမိတ်ထား၍ သမုတ်သည် ဖြစ်အံ့၊ (၂၀) ပါး မဆံ့သည် ဖြစ်အံ့၊ သို့ဖြစ်သည်ရှိသော် လိုဏ်၏ဘေး၌ အမိုး၏ အစွန်ဆုံး ရေကျရာ အရပ်၌ ကျောက်နိမိတ်တို့ကို ထား၍ နိမိတ်ပြောကြားရမည်။

ဤသို့ သမုတ်သည့်အခါ လိုဏ်၏အတွင်း၌လည်းကောင်း၊ အပြင်၌လည်းကောင်း၊ ဘေး၌လည်းကောင်း သိမ်ဖြစ်သည်သာ၊ (အလယ်၌ တည်သောနံရံနှင့်တကွ အတွင်းအပြင်အားလုံး သိမ်ဖြစ်သည်ဟူ၍ မှတ်ပါ။)



အမှတ် (၅၁) ပုံစံ

(၅၁) ဥပရိပါသာဒေပိ ဘိတ္တိံ အကိတ္တေတွာ အန္တော ပါသာဒေ ဌပေတွာ သီမာ သမ္မန္နိတဗ္ဗာ။ (ဝိ၊ ဌ၊ ၃၊ ၃၂၅။)

(၅၁) ပြာသာဒ်၏ အထက်ထပ်၌ နံရံနိမိတ်မကြားဘဲ နံရံ၏ အတွင်း၌ ကျောက်နိမိတ်ထား၍ သိမ်သမုတ်ကြသည်။

အတွင်းအရပ်က (၂၁) ပါး မထိုင်လောက်သည်ဖြစ်အံ့၊ ပြာသာဒ်၏ဆင်ဝင်စမုခ်ဦး၌ ကျောက်တို့ကို ထား၍ သမုတ်ကြသည်သာ။

ဤသို့ သမုတ်သောသိမ်သည် ပြာသာဒ်၏ အထက်ထပ်၌သာ သိမ်ဖြစ်သည်။

အောက်၌ မသက်ဆင်းဟု မှတ်ပါ။



အမှတ် (၅၂) ပုံစံ

(၅၂) သစေ နပ္ပဟောတိ၊ ပမုခေပိ ပါသာဏေ ဌပေတွာ သမ္မန္နိတဗ္ဗာ။ ဧဝံ သမ္မတာ ဥပရိပါသာဒေယေဝ ဟောတိ၊ ဟေဋ္ဌာ န ဩတရတိ။ (ဝိ၊ ၄၊ ၃၊ ၃၂၅။)

(၅၂) နံရံလေးဖက်၏ အတွင်း၌ ကျောက်နိမိတ်များထားလျှင် ထိုနိမိတ်တို့၏ အတွင်းကျသော အောက်ထပ်ဝယ် သက်စရာ မရှိဘဲ ဟာလာဖြစ်နေသောကြောင့် အောက်သို့ မသက်ဟု ဆိုသည်။

ဟေဋ္ဌာ န ဩတရတီတိ ဘိတ္တိတော ဩရံ နိမိတ္တာနိ ထပေတွာ ကိတ္တိတတ္တာ ဟေဋ္ဌာ အာကာသပ္ပဒေသံ န ဩတရတိ။-ဋီကာ။ (ဘာသာဋီကာမှ ရှင်းလင်းချက် ထုတ်ပြ လိုက်သည်။)



အမှတ် (၅၃) ပုံစံ

(၅၃) သစေ ပန ဗဟူသု ထမ္ဘေသု တုလာနံ ဥပရိ ကတ ပါသာဒဿ ဟေဋ္ဌိမတလေ ကုမ္ဘော ယထာ နိမိတ္တာနံ အန္တော ဟောတိ၊ ဧဝံ ဥဋ္ဌဟိတွာ တုလာရုက္ခေဟိ ဧကသမ္ဗန္ဓော္ဓ ဋ္ဌိတော၊ ဟေဋ္ဌာပိ ဩတရတိ။ (ဝိ၊ ၅၊ ၃၊ ၃၂၅။)

(၅၃) တိုင်များစွာတို့၏ အပေါ်ထုပ်လျှောက်တို့အထက်၌ ဆောက်လုပ်ထားသော ပြာသာဒ်အောက် အပြင်မှာ နံရံ ရှိရမည်။ အမှန်မှာ ထောင်ထားသော နိမိတ်တို့ အတွင်း၌ ဖြစ်ရမည်၊ ထုပ်လျှောက်သစ်သားတို့နှင့် တစ်စပ်တည်း စပ်နေ သည် ဖြစ်တော့သည်။ သို့ဖြစ်မူ အောက်သို့လည်း သက်ဆင်း သည်သာ။

မှတ်ချက်။ ။ ဤဝိမတိဋီကာအလိုမှာ... အောက်နံရံသည် နှစ်ဖက် သုံးဖက်သာ အထက်နှင့် ထိလျှင် အောက်သို့ သိမ်မသက်-ဟူလို။




အမှတ်(၅၄)ပုံစံ

(၅၄) ကေထမ္ဘပါသာဒေသ ပန ဥပရိမတလေ ဗဒ္ဓါ သီမာ သစေ ထမ္ဘမတ္ထကေ ကေဝီသတိယာ ဘိက္ခူနံ ဩကာသော ဟောတိ၊ ဟေဋ္ဌာ ဩတရတိ။ (ဝိ၊ ၄၊ ၃၊ ၃၂[illegible])

(၅၃) တိုင်တစ်တိုင်တည်းဖြင့် တည်ဆောက်သော ပြာသာဒ် (သစ်သားတိုင်၊ အုတ်တိုင်) တိုင်ကြီးတစ်တိုင်တည်းဖြင့် ဆောင်လုပ်ထားသော ပြာသာဒ်၏ အထက်ပြင်၌ ဖွဲ့သော သိမ် ဖြစ်သည်။

ထိုတိုင်ကြီးထိပ်၌ (၂၁)ပါးသော ရဟန်းတော်တို့ထိုင်နေလောက်ရာ အရပ်သည် အကယ်၍ ဖြစ်အံ့။ ဤသို့ဖြစ်လျှင် အောက်သို့ သက်ဆင်းသည်သာ။



အမှတ်(၅၅)ပုံစံ

(၅၅) သစေ ပါသာဒဘိတ္တိတော နိဂ္ဂတေသု နိယျူဟကာဒီသု ပါသာဒဏော ဌပေတွာ သီမံ ဗန္ဓန္တိ၊ ပါသာဒဘိတ္တိ အန္တော သီမာယံ ဟောတိ။ ဟေဋ္ဌာ ပနဿာ ဩတရဏာနောတရဏံ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၅။)

(၅၅) ပြာသာဒ်နံရံမှ ထွက်ကုန်သော ဆင်စွယ်ကောက်ငယ် အစရှိသည်တို့၌ ကျောက်နိမိတ်တို့ကို ချိတ်ဆွဲထား၍ သိမ် သမုတ်ကြ၏။ ဤသို့ ပြာသာဒ်နံရံသည် သိမ်၏အစွန်း၌ ဖြစ်မည်၊ ထို သိမ်၏ အောက်သို့ သက်ခြင်း-မသက်ခြင်းကို ညွှန်းပြခဲ့သော နည်းတို့ဖြင့် သိထိုက်လှပေ၏။

**ရှင်းလင်းချက်** နံရံ၏အတွင်းဘက်၌ ထွက်သော ဆင်စွယ်ကောက် မဟုတ်၊... အပြင်ထွက်သောကောက်တည်းဟု မှတ်ပါ။

အကယ်၍ နံရံအတွင်းဘက်ထွက်သော ကောက်၌ ကျောက်တုံးကို ချိတ်ဆွဲထားလျှင် နံရံသည် သိမ်၏ အပြင်ဘက်၌ တည်ရလိမ့်မည်။

ဆင်စွယ်ကောက်သည် နိမိတ်၏ ဆွဲချိတ်ရာ ဖြစ်သောကြောင့် သိမ်သမုတ်ပြီးသောအခါ သိမ်အတွင်း၌ တည်၏ဟု ဝိမတိဆို၏။

ပမာ-သိမ်တွင်း၌ ပေါက်နေသော သစ်ပင်သည် သိမ့်အပြင်သို့ ကောက်၍ ထွက်နေသော်လည်း သီမဋ္ဌဖြစ်သကဲ့သို့တည်း။

**ဩဒါတရဏာနောဒါတရဏာ** အထက်ထပ် သိမ်ပမာဏ၏အတွင်းကျသော အောက်အထပ်ဝယ် နံရံ လေးဖက်သည် ထုပ် လျှောက်အားဖြင့် အထက်ထပ်နှင့် တစ်စပ်တည်း ဆက်စပ်နေသည့်ပြင် (၂၁)ပါးနေထိုင်လောက်မူ အောက်ထပ်သို့ သက်ပုံ၊ ထိုသို့ အင်္ဂါ မစုံလျှင် အောက်ထပ်သို့ မသက်ပုံ၊ ဆိုပြီးအတိုင်း မှတ်ပါလေ။



အမှတ်(၅၆)ပုံစံ

(၅၆) ယေဏ္ဍာ ပါသာဒေ ကိတ္တောန္တေဟိပိ ဘိတ္တိ စ ရုက္ခထမ္ဘာ စ န ကိတ္တေတဗ္ဗာ။ ဘိတ္တိလဂ္ဂေ ပန ပါသာဏထမ္ဘေ ကိတ္တေတုံ ဝဋ္ဋတိ။ ဧဝံ ကိတ္တိတာ သီမာ ယေဏ္ဍာ ပါသာဒဿ ပရိယန္တထမ္ဘာနံ အန္တောယေဝ ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၅။)

(၅၆) ပြာသာဒ်အောက်၌ ပြောကြားထားသည်တို့သည် နံရံကို ဖြစ်စေ၊ သစ်သားတိုင်တို့ကို ဖြစ်စေ မပြောကြားရ။ နံရံငြိကပ်နေကုန်သော ကျောက်တိုင်တို့ကို ပြောကြားခြင်းငှာ အပ်၏၊ ဤသို့ ပြောပြအပ်သော နိမိတ်ရှိသိမ်သည် အောက်၌

ပြာသာဒ်အစွန်ဖြစ်သော တိုင်တို့၏ အတွင်းသာ ဖြစ်ရမည်။ ပြာသာဒ်၏ အောက်နံရံသည် အထက်အပြင်နှင့် ဆက်စပ်သည် အကယ်၍ ဤသို့ ဖြစ်မူ ပြာသာဒ်အထက်သို့လည်း တက်ရောက်၏၊ ပြာသာဒ်ဘေး၊ တံစက်မြိတ် ရေကျရာအရပ်၌ နိမိတ်တို့ကို အကယ်၍ ပြောကြားကုန်အံ့၊ ပြာသာဒ်အားလုံး သိမ်၌ တည်သည် ဖြစ်တော့၏။

**ရှင်းလင်းချက်** ပြာသာဒ်၏ အထက်ထပ်၌ နိမိတ်ထား၍ သမုတ်ကြပုံကို ပြပြီး၍ အောက်ထပ်၌ နိမိတ်ထား၍ သမုတ်ပုံကို ပြလိုသောကြောင့် "ဟေဋ္ဌာပါသာဒေ"ဟု ဆိုလိုက်ပြန်သည်။

နံရံကို ကပ်၍ အတွင်းဘက်က စိုက်ထားသော ကျောက်တိုင်များသည် အောက်မြေကြီးကို မစိုက်ဘဲ နံရံချိတ်ထားသော တိုင်များကိုလည်း "ဘိတ္တိလဂ္ဂေ ပန ပါသာဏတ္ထမ္ဘေ"ဟု ဆိုနိုင်သည်။

နိမိတ်အပြင်ဘက်၌ အစွန်ဆုံးကျသော ပတ်ပတ်လည်တိုင်များကို "ပရိယန္တထမ္ဘ"ဟု ဆိုသည်၊ ကျောင်းကြီးများ၌ အစွန်ဆုံး တိုင်များ၏ အတွင်း၌လည်း တိုင်အများ ရှိကြသေး၏၊ ထို့ကြောင့် "ပရိယန္တထမ္ဘ" ဟု ဝိသေသန ပြုထားသည်။



အမှတ် (၅၇) ပုံစံ

(၅၇) သစေ ပန ဟေဋ္ဌာပါသာဒဿ ကုဋ္ဋော ဥပရိမတလေန သမ္ဗဒ္ဓေါ ဟောတိ၊ ဥပရိပါသာဒမ္ပိ အဘိရူဟတိ။
(ဝိ၊ ၅၊ ၃၊ ၃၂၅။)

(၅၇) ပြာသာဒ်၏ အောက်၌ နံရံသည် အထက်အပြင်နှင့် ဆက်စပ်မှုသည် အကယ်၍ ဖြစ်အံ့၊ ဤသို့ ဆက်စပ်မှု ရှိလျှင် ပြာသာဒ်၏ အထက်သို့လည်း တက်ရောက်သည်ဟု မှတ်ပါ။

**မှာထား။** ။ ဤပုံမှာ အမြင့်ဆုံးတိုင်နှင့် အထက်သို့ နံရံတက် သော တိုင်အကြား နိမိတ်ထား၍ကြားသောပုံ။

**လျော်စွာကံပြုပါ** အတွင်းတိုင် အပြင်တိုင်တို့ဖြင့် ဆောက်တည်ထားအပ်သော ပြာသာဒ်ဝယ်...

အပြင်တိုင်များ၏ အတွင်း၌ နိမိတ်ထား၍ သမုတ်ရာ၌ ထိုသိမ်၏ အတွင်းကျသော တိုင်များဖြင့် ဆက်သွယ်ထားသော အထက်ထပ်သည် သိမ်တည်၏ဟု ဆိုရာ၌ ငြင်းဖွယ်မရှိပါ။

သိမ်တွင်းတိုင် သိမ်ပြင်တိုင်တို့ဖြင့် အညီအမျှ ဆောက်ထားအပ်သော အထက်ထပ်သည် အဘယ်သို့နည်းဟု... မေးစရာ၌ "အထက်ထပ်တစ်ဝက်သာ သိမ်ဖြစ်၏"ဟု ကေစိဆရာတို့ ဆို၏။

အပရေဆရာတို့ကား "အားလုံး ဂါမသိမ်သာ"ဟု ဆို၏။ အညေဆရာတို့ကား "အားလုံး ဗဒ္ဓသိမ် ဖြစ်၏"ဟု ဆို၏၊ ဤသို့ အဆိုကွဲပြားသဖြင့် ယုံမှားစရာဖြစ်သော အရာဝယ် ယုံမှားဖွယ်မရှိသော အရပ်၌သာ တည်၍ ကံပြုပါ။

(သို့မဟုတ်) ဆုံးဖြတ်ဖို့ရန် အကြောင်းကို ရှာ၍ ထိုအဆုံးအဖြတ်အား လျော်စွာကံပြုပါဟု ဘာသာဋီကာပါသည့်အတိုင်း ထုတ်ပြလိုက်သည်ဟု မှတ်ပါ။

(၅၈) သစေ ပါသာဒဿ ဗဟိ နိဗ္ဗောဒကပတနဋ္ဌာနေ နိမိတ္တာနိ ကရောန္တိ၊ သဗ္ဗော ပါသာဒေါ သီမဋ္ဌော ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၅။)



အမှတ် (၃၈) ပုံစံ

(၃၈) ပြာသာဒ်၏ အပြင်ဘက် တံစက်မြိတ် ရေကျရာအရပ်၌ နိမိတ်တို့ကို အကယ်၍ ပြုကုန်အံ့၊ ဤသို့ ပြုသည် ရှိသော် အလုံးစုံသောပြာသာဒ်သည် သိမ်၌ တည်သည်ဖြစ်၏။

**နှိုင်းယှဉ်ကြည့်**

အကယ်၍ ပြာသာဒ်အပြင်ဘက် တံစက်မြိတ် ရေကျရာအရပ်၌ နိမိတ်တို့ကို ထား၍ သမုတ်အံ့၊ ပြာသာဒ်တစ်ခုလုံး သိမ်၌ တည်သဖြင့် ပြာသာဒ်ဂယ် အလိုရှိရာ အရပ်၌ပင် တည်၍ ကံပြုနိုင်တော့သည်-ဟူလို။ (သိမ်သင်တန်း)မှ ထုတ်ပြသည်။



အမှတ် (၅၉) ပုံစံ

(၅၉) ပဗ္ဗတမတ္ထကေ တလံ ဟောတိ ဧကဝိသတိယာ ဘိက္ခူနံ ဩကာသာရဟံ၊ တတ္ထ ပိဋ္ဌိပါသာဏော ဝိယ သီမံ ဗန္ဓန္တိ။ ဟေဋ္ဌာပဗ္ဗတေပိ တေနေဝ ပရိစ္ဆေဒေန သီမာ ဩတရတိ။ (ဝိ၊ ၄၊ ၇၊ ၇၂၆။)

(၅၉) တောင်ထိပ်၌ မြေအပြင်သည် ရဟန်းတော် (၂၁)ပါး နေထိုင်လောက်သည် ဖြစ်အံ့၊ ထိုမြေအပြင်၌ (ကျောက်ဖျာ၌ သိမ်သမုတ်သလို) သိမ်သမုတ်အံ့၊ ထိုသိမ်သည် အထက်၌ သမုတ်အပ်သော အပိုင်းအခြားအတွင်း တောင်အောက်သို့ လည်း သက်သည်ဟု မှတ်ပါလေ။

(၆၀) တာလမူလကပဗ္ဗတေပိ ဥပရိ သီမာ ဗဒ္ဓါ ဟေဋ္ဌာ ဩတရတေဝ။ (ဝိ၊ ၄၊ ၇၊ ၇၂၆။)



အမှတ် (၆၀) ပုံစံ

(၆၀) ထန်းပင်မြစ်ရင်းသဏ္ဌာန်ရှိသော တောင်၌လည်း အထက်၌ သမုတ်အပ်သော သိမ်သည် အောက်သို့ သက်သည်သာ ဖြစ်၏။

**တာလမူလကပဗ္ဗတေ ရှင်းလင်းချက်**

ထန်းပင်စိုက်သောအခါ ထိုထန်းပင်ဖြစ်မည့် ထန်းစေ့မှ ထွက်သောအမြစ်ကို "တာလမူလ"ဟု ခေါ်ကြ၏၊ ထိုထန်းမြစ်သည် စား၍ ဖြစ်လောက်သောအခါ အရင်း၌ တုတ်၍ အဖျားတိုင်အောင် အနည်းငယ် သေးသေးသွား၏၊ ထိုထန်းမြစ်နှင့်တူသော တောင်လည်း အောက်ခြေ၌ တုတ်၍ အထက်၌ ကျဉ်းရကား အထက်၌ သမုတ်အပ်သောသိမ်သည် အောက်သို့သက်၏ဟု မှတ်ပါ။



ဝိတာနသဏ္ဌာနတောင်ပုံ

အမှတ် (၆၁) ပုံစံ

(၆၁) ယော ပန ဝိတာနသဏ္ဌာနော ဟောတိ၊ ဥပရိ ဧကဝီသတိယာ ဘိက္ခူနံ ဩကာသော အတ္ထိ, ဟေဋ္ဌာ နတ္ထိ၊ တဿ ဥပရိ ဗဒ္ဓါ သီမာ ဟေဋ္ဌာ န ဩတရတိ။ (ဝိ၊ ၄၊ ၇၊ ၇၂၆။)

(၆၁) ဗိတာန်မျက်နှာကြက်သဏ္ဌာန်ရှိသော တောင်ဝယ် အထက်၌ (၂၁)ပါးသော ရဟန်းတော်တို့ ဆံ့သောနေရာရှိအံ့၊ အောက်၌မူ မရှိအံ့၊ ထိုတောင်မျိုး၏ အထက်၌ သမုတ်အပ်သော သိမ်သည် အောက်မသက်ပေဟု မှတ်ပါ။

**မှတ်ဖွယ်** ဗိတာန်မျက်နှာကြက်သဏ္ဌာန်ရှိသော တောင်ဟူသည် မှိုပွင့်ကဲ့သို့ အပေါ်၌ ဝဲနေသော၊ အောက်၌ကား မှို၏ ခြေထောက်ကဲ့သို့ သေးသော တောင်ဟု မှတ်။

ထို့ကြောင့် “ဟေဋ္ဌာ န ဩတရတိ”ဟု ဆိုသည်။ [“ဝိတာနသဏ္ဌာနောတိ-အဟိစ္ဆတ္တကသဏ္ဌာနော”ဟု ဝိမတိ၌ အဓိပ္ပာယ် ဖွင့်၏။] ဟု ဘာသာဋီကာမှာ ဆက်ပြထား၏။



မုဒိင်္ဂသဏ္ဌာနတောင်ပုံ

အမှတ် (၆၂) ပုံစံ



ပဏဝသဏ္ဌာနတောင်ပုံ

အမှတ် (၆၃) ပုံစံ

(၆၂) (၆၃) ဧဝံ မုဒိင်္ဂသဏ္ဌာနော ဝါ ဟောတု, ပဏဝ သဏ္ဌာနော ဝါ။ ယဿ ဟေဋ္ဌာ ဝါ မဇ္ဈေ ဝါ သီမပမာဏံ နတ္ထိ၊ တဿုပရိဗဒ္ဓါ သီမာ ဟေဋ္ဌာနေဝ ဩတရတိ။ (ဝိ၊ ၄၊ ၃၊ ၃၂၆။)

(၆၂) (၆၃) ဤသို့ မရိုးစည်သဏ္ဌာန်ရှိသော တောင်ဖြစ်စေ၊ ထက်စည်သဏ္ဌာန်ရှိသော တောင်ဖြစ်စေ ၊ တောင်၏ အောက်၌လည်းကောင်း၊ အလယ်၌လည်းကောင်း

(၂၁) ပါး ဆုံလောက်သော သိမ်၏ ပမာဏသည် မရှိသည် ဖြစ်အံ့၊ ထိုတောင်၏ အထက်၌ သမုတ်အပ်သော သိမ်သည် အောက်သို့ မသက်ပေ။

**မရိုးစည်သဏ္ဌာန်ဆိုသည်** အောက်ပိုင်းသေး၍ အထက်ပိုင်း၌ ပြန့်ကျယ်သောတောင်ကို "မုဒိင်္ဂသဏ္ဌာန"ဟု ခေါ်၏။

အောက်ပိုင်း၌ သိမ်ပမာဏမရှိလျှင် အောက်သို့မသက်၊ ရှိလျှင်ကား အောက်သို့ သက်ပါ၏။ [မုဒိင်္ဂသဏ္ဌာနောကို "ဟေဋ္ဌာဝိ"နှင့် အဓိပ္ပာယ် တွဲစပ်ပါ]ဟု ဘာသာဋီကာမှာ ရှင်းလင်းထား၏။

**ထက်စည်သဏ္ဌာန်ဆိုသည်** ခါးသေး၍ အထက်အောက် ပြန့်ကျယ်သော တောင်ကို "ပဏဝသဏ္ဌာန"ဟု ခေါ်၏။

ခါးအရပ်၌ သိမ်ပမာဏမရှိလျှင် အောက်သို့ မသက်နိုင်၊ [ခါးသေးသော်လည်း သိမ်ပမာဏ ရှိလျှင် အောက်သို့ သက်နိုင်၏၊ ပဏဝသဏ္ဌာနောကို "မဇ္ဈေဝိ"နှင့် အဓိပ္ပာယ် တွဲစပ်]ဟု ဘာသာဋီကာမှာ မှာထားပါ၏။



အမှတ် (၆၄) ပုံစံ

(၆၄) ယဿ ပန ဒွေ ကူဋာနိ အာသန္နေ ဌိတာနိ၊ ကေဿပိ ဥပရိ သီမပ္ပမာဏံ နပ္ပဟောတိ၊ တဿ ကူဋန္တရံ စိနိတွာ ဝါ ပူရေတွာ ဝါ ဧကာဗဒ္ဓံ ကတွာ ဥပရိ သီမာ သမ္မန္နိတဗ္ဗာ။ (ဝိ၊ ၄၊ ၃၊ ၃၂၆။)

(၆၄) အကြင်တောင်၌ကား တောင်ထွတ် နှစ်ခုတို့သည် ခပ်နီးနီး၌ တည်ရှိကြအံ့၊ တစ်ခုတစ်ခုသော တောင်ထွတ်ပေါ်၌လည်း သိမ်ပမာဏသည် မလောက်၊ (၂၁-ပါး ရဟန်းတော်များ နေလောက်အောင် နေရာ မရှိအံ့) ထိုတောင်၏ အထွတ်နှစ်ခုတို့၏ အကြား၌ အုတ်ကျောက်စသည်တို့ကို စီ၍သော်လည်းကောင်း၊ တစ်စပ်တည်း စပ်သည်ကို ပြုပြီးမှသော်လည်းကောင်း အထက်ပေါ်၌ သိမ်ကို သမုတ်ကြ၏။



အမှတ် (၆၅) ပုံစံ

(၆၅) ဧကော သပ္ပဖဏသဒိသော ပဗ္ဗတော၊ တဿုပရိ သီမပ္ပမာဏဿ အတ္ထိတာယ သီမံ ဗန္ဓန္တိ။ တဿ စေ ဟေဋ္ဌာ အာကာသပဗ္ဘာရံ ဟောတိ၊ သီမာ န ဩတရတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၆။)

(၆၅) မြွေပါးပျဉ်းနှင့်တူသော တောင်တစ်မျိုးသည် ရှိ၏၊ ထို တောင်၏ အပေါ်၌ ရဟန်းတော် (၂၁) ပါးနေထိုင် လောက်သည် အဖြစ်ကြောင့် သိမ်သမုတ်ကုန်အံ့၊ ထိုမြွေ ပါးပျဉ်းသဏ္ဌာန်ရှိသော တောင်၏ အောက်၌ လွင်ပြင် တောင်ဝှမ်းသည် အကယ်၍ ဖြစ်အံ့... ဤသို့ ဖြစ်လျှင် သိမ်သည် အောက်သို့ မသက်။

**အာကာသပဗ္ဘာရ** မြွေ၏ ပါးပျဉ်းသည် မြွေ၏ ရှေ့သို့ အတော်ရှည်စွာ ထွက်နေသကဲ့သို့ တောင်၏အပြင်သို့ အတော်ရှည်စွာ ထွက်နေသော တောင်လက်မောင်းကို "သပ္ပဖဏာသဒိသ"ဟု ဆို၏၊ အုတ်စသည်ဖြင့် စီထားအပ်သော အကာမရှိဘဲ ဟာလာဟင်းလင်းဖြစ်သော တောင်ဝှမ်းကို "အာကာသပဗ္ဘာ" ခေါ်သည်ဟု မှတ်။



အမှတ် (၆၆) ပုံစံ

(၆၆) သစေ ပနဿ ဝေမဇ္ဈေ သီမပ္ပမာဏော သုသိရပါသာဏော ဟောတိ၊ ဩတရတိ။ သော စ ပါသာဏော သီမဋ္ဌောယေဝ ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၆။)

(၆၆) အာကာသပဗ္ဘာရ၏အလယ်၌ သိမ်ပမာဏလောက်သော (၂၁)ပါးနေလောက်သော အခေါင်းရှိသော ကျောက်တုံးကြီးသည် အကယ်၍ ရှိအံ့၊ ဤသို့ဖြစ်လျှင် အောက်သို့ သက်ဆင်း၏၊ ထိုအခေါင်းရှိသော ကျောက်တုံးကြီးသည်လည်း သိမ်၌ တည်သည်သာ။

ထိုမြေပြင်ပါးပျဉ်းနှင့် တူသော တောင်လက်မောင်း၏ အောက်၌ လိုဏ်ရှိ၏၊ တမင်တူးအပ်သော လိုဏ်၏ ◌ံသည် အဖျားအစွန်းကို (တောင်လက်မောင်း၏အဖျားအစွန်းကို) ထိခိုက်၍ အကယ်၍မူလည်း တည်အံ့၊ ဤသို့ဖြစ်သည်ရှိသော် အောက်၌လည်းကောင်း၊ အထက်၌လည်းကောင်း သက်ဆင်းသည်၊ သိမ်သမုတ်အပ်သည်သာ ဖြစ်၏။



အမှတ် (၆၇) ပုံစံ

(၆၇) သစေ ပန သော သုသိရပါသာဏော ဘူမိ အနာဟစ္စ အာကာသဂတော ဝ ဩလမ္ဗတိ၊ သီမာ န ဩတရတိ။

(ဝိမတိ၊ ဒု၊ ၁၄၆။)

(၆၇) ထိုအခေါင်းပါသော ကျောက်တုံးကြီးသည် မြေကို မထိဘဲ ကောင်းကင်၌သာ တွဲလဲ ဖြစ်နေအံ့၊ ထိုသို့ ဖြစ်လျှင် သိမ်သည် အောက်သို့ မသက်ပေ။



အမှတ် (၆၈) ပုံစံ

(၆၈) အထာပိဿ ဟေဋ္ဌာ လေဏဿ ကုဋ္ဋော အဂ္ဂကောဋ္ဋိ အာဟစ္စ တိဋ္ဌတိ၊ ဩတရတိ။ ဟေဋ္ဌာ စ ဥပရိ စ သီမာ ယေဝ ဟောတိ။ (ဝိ၊ ၃၊ ၃၊ ၃၂၆။)

(၆၈) ထိုမြေပါးပျဉ်းနှင့် တူသော တောင်လက်မောင်း၏ အောက်လိုဏ်၏ (တမင်တူးအပ်သော လိုဏ်၏) နံရံသည် အဖျားအစွန် တောင်လက်မောင်း၏ အဖျားအစွန်ကို ထိခိုက်၍မူလည်း တည်အံ့၊ ဤသို့ တည်သည်ရှိသော် သက်၏၊ အောက်၌လည်းကောင်း၊ အထက်၌လည်းကောင်း သိမ်ဖြစ်သည်သာ။

**ဝေသဒ္ဒါမှတ်ဖွယ်** မြေပါးပျဉ်းသဏ္ဌာန်ရှိသော တောင်၏ အောက်ဝယ် လိုဏ်ဂူရှိ၏၊ ထိုလိုဏ်ကို အပြင်ဘက်နံရံ ထောင်သောအခါ မြေပါးပျဉ်းသဏ္ဌာန်ရှိ

တောင်၏ အဖျားအစွန်တိုင်အောင် နံ့ရံတက်ထား၏၊ ထို့ကြောင့် အောက်သို့ သိမ်သက်၏၊ ဇဝဖြင့် အောက်ထပ်သိမ် မဖြစ်ခြင်းကို တားမြစ်သည်။



အမှတ် (၆၉) ပုံစံ

(၆၉) သစေ ပန ဟေဋ္ဌာ ဥပရိမဿ သိမာ ပရိစ္ဆေဒဿ ပါရတော အန္တော လေဏံ ဟောတိ၊ ဗဟိ သိမာ န ဩတရတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၆။)

(၆၉) ထိုမြေပါးပျဉ်းတောင်၏အောက်၌ အထက်ဖြစ်သော သိမ်အပိုင်းအခြား၏ ထိုမှာဘက်၌ အတွင်းဖြစ်သော တောင်ခြေလိုဏ်သည် အကယ်၍ ဖြစ်အံ့၊ ပြင်ဘက် (တောင်၏ပြင်ဘက်၌) သိမ်သည် မသက်ပါ။

## ဝိမတိပြသိမ် (၅) မျိုး

မြေပြင်ပျဉ်းသဏ္ဍာန်တူတောင်ပေါ်ဝယ် သမုတ်အပ်သော သိမ်၏ အောက်သို့ သက်ပုံ၊ မသက်ပုံ နည်း(၅)မျိုးဖြင့် ပြသည်။

<u>ထို (၅) မျိုးကား</u>

(၁) သစေ ပန ဟေဋ္ဌာ။

(၂) အထာပိ ဥပရိမသ္မ။

(၃) အထာပိ ဥပရိသီမာယ။

(၄) ယဒိ ပန လေဏံ။

(၅) အထ လေဏံ။

ဤသို့ စသည်ထားသော ဝါကျ(၅)မျိုးဖြင့် ပြအပ်သော သိမ်များတည်း။

မြေပြင်ပျဉ်းသဏ္ဍာန်တူ တောင်လက်မောင်းပေါ်၌သမုတ်အပ်သော သိမ်အပိုင်းအခြား၏ အောက်၌ ဟာလာဟင်းလင်း လွင်ပြင်သာ ရှိ၏၊ ထိုလွင်ပြင်၏ ထိုမှာဘက် တောင်ခြေဖြစ်သော အတွင်းဝယ် လိုဏ်ရှိအံ့၊ ထိုလိုဏ်သည် အထက်ပေါ်က သိမ်၏ အပိုင်းအခြားနှင့် မတည့်ဘဲ အတွင်းဘက် ရောက်နေသောကြောင့် "ဗဟိ သီမာ န ဩတရတိ" သိမ်၏ပြင်ဘက် ဟာလာဟင်းလင်းအရပ်၌ သိမ်မသက်နိုင်။




အမှတ် (၇၀) ပုံစံ

(၇၀) အထာပိ ဥပရိမသဿ သီမာ ပရိစ္ဆေဒဿ ဩရတော ဗဟိ လေဏံ ဟောတိ၊ အန္တော သီမာ န ဩတရတိ။

(ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၆။)

(၇၀) အထက်သိမ်အပိုင်းအခြား၏ ဤဘက်ဟု ဆိုသော အပြင်ဘက်လိုဏ် ရှိ၏၊ (ဤလိုဏ်ကား တောင်ခေါင်းမဟုတ် တမင်ပြုလုပ်ထားသော လိုဏ်တည်း၊) ထိုလိုဏ်သည် အထက် သီမာပရိစ္ဆေဒ၏ အပြင်ရောက်နေရကား "အန္တော သီမာ န ဩတရတိ-လိုဏ်၏ အတွင်းဘက်ကျသော အထက်သိမ်နှင့် တည့်နေသော အရပ်ဝယ် ဟာလာဖြစ်နေသောကြောင့် သိမ် မသက်နိုင်။



## အမှတ် (၇၁) ပုံစံ

(၇၁) အထာပိ ဥပရိ သီမာယ ပရိစ္ဆေဒေါ ခုဒ္ဒကော, ဟေဋ္ဌာ လေဏံ မဟန္တံ၊ သီမာ ပရိစ္ဆေဒမတိက္ကမိတွာ ဌိတံ၊ သီမာ ဥပရိယေဝ ဟေဋ္ဌာ န ဩတရတိ။ (ဝိ၊ ဋ၊ ၃၊ ၃၂၆။)

(၇၁) ထိုမှတစ်ပါး သိမ်၏ အပိုင်းအခြားသည် ငယ်သည်၊ အောက်၌ လိုဏ်သည် ကျယ်သည် ဖြစ်၍ သိမ်အပိုင်းအခြားကို လွန်၍ တည်သည် အကယ်၍ ဖြစ်အံ့၊ ဤသို့ ဖြစ်သည်ရှိသော် သိမ်သည် အထက်၌သာ ဖြစ်၏၊ အောက်သို့ မသက်ပါ။

**ဘာသာဋီကာမှ မှတ်ဖွယ်** တောင်လက်မောင်းပေါ်၌ သမုတ်အပ်သောသိမ်ကကျဉ်း၍ အောက်တည့်တည့်၌ရှိသော လိုဏ်က (ထိုအထက်သိမ်အပိုင်းအခြားကို လွန်အောင်) ကျယ်နေပြန်လျှင်လည်း သိမ်သက်ဖို့ရန် လေးမျက်နှာလုံး ပြည့်စုံအောင်မရနိုင်သောကြောင့် ဖြစ်စေ၊ သုံးမျက်နှာ နှစ်မျက်နှာ မရနိုင်သောကြောင့် ဖြစ်စေ၊ လုံးလုံးမရနိုင်သောကြောင့်ဖြစ်စေ အောက်သို့ သိမ်မသက်နိုင်။



အမှတ် (၇၂) ပုံစံ

(၇၂) ယဒိ ပန လေဏာံ ခုဒ္ဒကံ သဗ္ဗပစ္ဆိမ သိမာ ပရိမာဏာံ၊ ဥပရိ သိမာ မဟာတိ၊ တံ အဗ္ဘောတ္ထရိတွာ ဌိတာ၊ သိမာ ဩတရတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၆။)

(၇၂) သို့မဟုတ် လိုဏ်ကငယ်သည် အလုံးစုံတို့၏ နောက်ဆုံးဖြစ်သော သိမ်၏အတိုင်း အရှည်သည် ဖြစ်အံ့၊ အထက်၌ သိမ်ကျယ်သည် ဖြစ်၍ ထိုငယ်သော လိုဏ်ကို လွှမ်းမိုး၍ တည်သည် ဖြစ်အံ့၊ ဤသို့ ဖြစ်လျှင် သိမ်သည် သက်ဆင်း၏။

**မှတ်ဖွယ်။** ။အောက်၌ အထက်သိမ် အပိုင်းအခြားနှင့် တည့်နေသော လိုဏ်သည်ငယ်နေအံ့၊ (ငယ်ဆိုသော်လည်း ၂၁-ပါး ထိုင်နေလောက်အံ့၊ အောက်၌ သက်ဖို့ရန် နေရာရှိသောကြောင့် အောက်သို့ သက်နိုင်သည်ဟု မှတ်ပါ။




အမှတ် (၇၃) ပုံစံ

(၇၃) အထ လေဏံ အတိခုဒ္ဒကံ၊ သီမပ္ပမာဏံ န ဟောတိ၊ သီမာ ဉပရိယေဝ ဟောတိ၊ ဟေဋ္ဌာ န ဩတရတိ။
(ဝိ၊ ဠ၊ ၃၊ ၃၂၆။)

(၇၃) လိုဏ်က အလွန်ငယ်နေသည်၊ သိမ်၏ ပမာဏမဖြစ် အံ့၊ (၂၁-ပါးနေထိုင်လောက်သည် မဖြစ်၊) ဤသို့ဖြစ်သည် ရှိသော် သိမ်သည် အထက်၌သာ ဖြစ်၏၊ အောက်သို့ မသက် ဆင်းဟု မှတ်။

ရှင်းလင်း...လိုဏ်သည် (၂၁)ပါးထိုင်လောက်ရုံမျှ မရှိအောင် ကျဉ်းနေလျှင် သိမ်သည် အထက်ပေါ်၌သာ တည်၏၊ အောက်သို့ မသက်နိုင်။ "မြေကြီးနှင့် မြွေပါးပျဉ်း တောင်လက်မောင်း၏အကြားဝယ် အလယ်က ကျဉ်းနေသော ကြောင့် သိမ်သည် မြေကြီးသို့ မသက်"ဟူသော စကားသည် ပဏဝသဏ္ဌာန်ရှိသော တောင်ဝယ် အလယ် ကျဉ်းနေ၍ အောက်သို့ သိမ်မသက်နိုင်"ဟူသော စကားနှင့် သဘောတူ ပင်တည်း။



အမှတ် (၇၄) ပုံစံ

(၇၄) သစေ တတော ဥပမုံ ဘိဇ္ဇိတွာ ပတတိ၊ သီမပ္ပမာဏံ စေပိ ဟောတိ၊ ဗဟိ ပတိတံ အသီမာ။ အပတိတံ ပန ယဒိ သီမပ္ပမာဏံ၊ သီမာ ဟောတိယေဝ။ (ဝိ၊ ၄၊ ၃၊ ၃၂၆။)

(၇၄) ထို သပ္ပဖဏာသဏ္ဍာန် ရှိသော တောင်လက်မောင်းမှ ထက်ဝက်သည် ကွဲ၍ အကယ်၍ကျအံ့၊ (၂၁)ပါး နေထိုင်လောက်သည် အကယ်၍ပင် ဖြစ်စေဦးတော့၊ ဤသို့ ဖြစ်သည်ရှိသော်လည်း အပြင်ဘက်၌ ကျသောအပိုင်းသည် သိမ်မဟုတ်တော့။

မကျသော အပိုင်းသည်ကား (၂၁)ပါး နေထိုင်လောက်သည် အကယ်၍ ဖြစ်အံ့၊ ဤသို့ ဖြစ်လျှင် သိမ်သည် ဖြစ်မြဲ ဖြစ်သည်သာ။



အမှတ် (၇၅) ပုံစံ

(၇၅) ခဏ္ဍသီမာ နီစဝတ္ထုကာ ဟောတိ၊ တံ ပူရေတွာ ဥစ္စဝတ္ထုကံ ကရောန္တိ၊ သီမာယေဝ။ (ဝိ၊ ၄၊ ၃၊ ၃၂၆။)

(၇၅) ခဏ္ဍသိမ်သမုတ်ပြီးနောက် နိမ့်သော အကြည်ရှိသည် (တည်နေရာမြေကို "အကြည်"ဟု ရှေးကခေါ်ကြသည်၊ ထိုမြေက နိမ့်နေသည်) ဖြစ်အံ့၊ ထိုနိမ့်သော အကြည်ကို ဖို့၍ မြင့်သောအကြည် ပြုကုန်အံ့၊ သိမ်သည် သိမ်ပင်တည်း။

(သိမ်သမုတ်ရာ မြေက နိမ့်နေသောကြောင့် အုတ်ခုံစသည် လုပ်ခြင်းကို "ဥစ္စဝတ္ထုကံ"ဟု ဆိုသည်။)



အမှတ် (၇၆) ပုံစံ

(၇၆) သိမာယ ဂေဟံ ကရောန္တိ၊ သိမဠကမေဝ ဟောတိ။
(ဝိ၊ ဠ၊ ၃၊ ၃၂၆။)

(၇၆) သိမ်သမုတ်ပြီးနေရာ၌ ကျောင်းဆောက်အံ့၊ ထိုကျောင်း သည် သိမ်၌ တည်သည်သာ ဖြစ်၏၊ ထိုကျောင်း၌ တည်၍ ကံပြုနိုင်သည်သာ။



အမှတ် (၇၇) ပုံစံ

(၇၇) ဩဃော သီမာ မဏ္ဍလံ ဩတ္ထရိတွာ ဂစ္ဆတိ၊ သီမာ မာဠကေ အဋ္ဋံ ဗန္ဓိတွာ ကမ္မံ ကာတုံ ဝဋ္ဋတိ။
(ဝိ၊ ၄၊ ၃၊ ၃၂၆။)

(၇၇) ရေအယဉ်သည် သိမ်အဝှမ်းကို လွှမ်း၍ သွားအံ့၊ ဤသို့ ဖြစ်လျှင် သိမ်ဝှမ်း၌ ငြမ်းဖွဲ့၍ ကံပြုခြင်းငှာ အပ်၏။

**မှတ်ချက်။** ။"ရေအယဉ်" ဆိုသည်မှာ မြစ်ရေ၊ ချောင်းရေ ရေကြီးသောအခါ စီးဝင်လာသော ရေကို (ရေအယဉ်)ဟု ရှေးသူများက ခေါ်ကြသည်။



အမှတ် (၇၈) ပုံစံ

(၇၈) သီမာယ ဟေဋ္ဌာ ဥမင်္ဂနဒီ ဟောတိ၊ ဣဒ္ဓိမာ ဘိက္ခု တတ္ထ နိသီဒတိ၊ သစေ သာ နဒီ ပဌမံ ဂတာ, သီမာ ပစ္ဆာ ဗဒ္ဓါ၊ ကမ္မံ န ကောပေတိ။ အထ ပဌမံ သီမာ ဗဒ္ဓါ, ပစ္ဆာ နဒီ ဂတာ၊ ကမ္မံ ကောပေတိ။ ဟေဋ္ဌာ ပထဝိတလေ ဌိတော ပန ကောပေတိယေဝ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၆၊ ၃၂၇။)

(၇၈) သိမ်၏ အောက်၌ ဥမင်မြစ်သည် ရှိအံ့၊ ...(ဥမင်မြစ် ဆိုသည်မှာ အောက်မြေကြီးထဲ၌ စီးဆင်းနေသော မြစ် ချောင်း ဖြစ်သည်၊ ဥပမာ-စက်ရေတွင်း တူးသည့်အခါ

အောက်မှ ရေများတွေ့ရှိ ရေကြောင်းကို ဆိုလိုဟန် ရှိသည်၊) တန်ခိုးရှင် ရဟန်းတော်သည် ထိုဥမင်မြစ်၌ ထိုင်နေအံ့၊ ဥမင်မြစ်သည် သိမ်မသမုတ်မီ ရှေးဦးစွာ စီးသွားသည် (ရှိနေသည်) ဖြစ်အံ့၊ သိမ်သည် နောက်မှ သမုတ်သည် အကယ်၍ ဖြစ်အံ့၊ ဤသို့ ဖြစ်လျှင် ကံကြီး ကံငယ် မပျက်-ဟူလို။

ဥမင်မြစ်က သိမ်တွင်းမပါသောကြောင့် ထိုမြစ်၌ ထိုင်နေသော တန်ခိုးရှင် ရဟန်းတော်သည် ကံကို မဖျက်နိုင်ပါ။

ဥမင်မြစ် မစီးမီ ရှေးဦးစွာ သိမ်သည် သမုတ်အပ်သည် ဖြစ်အံ့၊ နောက်မှ ဥမင်မြစ်သည်စီးသွားသည် ဖြစ်အံ့၊ ဤသို့ ဖြစ်လျှင် ကံကို ပျက်စေနိုင်၏။

အောက်မြေအပြင်၌တည်သော တန်ခိုးရှင်ရဟန်းသည် ကံကို ဧကန်ပျက်စေနိုင်သည်သာ၊ (သိမ်၏ အောက် မြေကြီး ဝယ် တည်နေသော တန်ခိုးရှင်ရဟန်းကား ယုံမှားစရာ မရှိ၊ ဧကန် ဖျက်နိုင်သည်သာ၊ ဘာ့ကြောင့်နည်း ဆိုမူ ...

ထိုရဟန်း၏ တည်နေရာ မြေကြီးနှင့်တကွ အောက် ပထဝီသန္ဓာရက ရေတိုင်အောင် သိမ်သမုတ်ပြီး ဖြစ်သော ကြောင့်တည်း။)

**မှတ်ဖွယ်** သိမ်သင်တန်းစာအုပ်မှာ အထက်ပါ စကားရပ်ကို ဤသို့ ရေးဖွဲ့ထား၏။သိမ်၏အောက်၌ ဥမင်မြစ် ရှိအံ့၊ (ဥမင်မြစ်ဟူသည် အောက် မြေကြီးထဲ၌ စီးနေသော

ပြ~~ခြောင်းတည်း၊) တန်ခိုးကြွန္တိရှင် ရဟန်းသည် ထို မြစ်၌ ထိုင်နေအံ့၊ ထိုအခါ သိမ်၌ ကံပြုလျှင် ကံပျက်မ~~သာ, မပျက်ဘဲ နေမည်လောဟူမူ ...

အကယ်၍ ဥမင်မြစ်က အရင်ရှိနှင့်ပြီး သိမ်ကို နောက်မှ သမုတ်သည် ဖြစ်အံ့၊ ကံမပျက်၊ မြစ်သည် ဗဒ္ဓသိမ် မဟုတ်၊ ဗဒ္ဓသိမ်သည် မြစ်ကို ချန်၍သာ သက်သည်၊ ထိုမြစ်သည် ဗဒ္ဓသိမ် မဟုတ်၊ ယင်းမှ အပဖြစ်သောကြောင့် ဥမင်မြစ်၌ ရဟန်းရှိသော်လည်း ကံမပျ~~-ဟူလို။

အကယ်၍ ထိုသို့ မဟုတ်ဘဲ သိမ်သမုတ်ပြီးနောက်မှ ဥမင်မြစ် ဖြစ်ပေါ်စီးဆင်းလာသည် ဖြစ်အံ့၊ ထိုအခါ ဥမင်မြစ်သည် ဗဒ္ဓသိမ်ပင် ဖြစ်၍ ကံပျက်သည်။

သိမ်အောက်တည့်တည့် မြေအပြင်ဝယ် တည်နေသော ရဟန်းသည်မူကား အထက်သိမ်၌ ပြုနေသော ကံကို ပျက်စေနိုင်သည်သာ ဖြစ်လေသည်။



အမှတ် (၇၉) ပုံစံ

(၇၉) သီမာမာဠကေ ဝဋရုက္ခော ဟောတိ၊ တဿ သာခါ ဝါ တတော နိဂ္ဂတပါရောဟော ဝါ မဟာသီမာယ ပထဝိတလံ ဝါ တတ္ထ ဇာတရုက္ခာဒိနိ ဝါ အာဟစ္စ တိဋ္ဌတိ၊ မဟာသီမံ သောဓေတွာ ဝါ ကမ္မံ ကာတဗ္ဗံ၊ တေ ဝါ သာခါ ပါရောဟာ ဆိန္ဒိတွာ ဗဟိဋ္ဌကာ ကာတဗ္ဗာ။ အနာဟစ္စဋ္ဌိတသာခါဒီသု အာရုဠ္ဟဘိက္ခူ ဟတ္ထပါသံ အာနေတဗ္ဗော။ (ဝိ၊ ဌ၊ ၃၊ ၃၂၇။)

(၇၉) ခဏ္ဍသိမ်၏ မြေအပြင်၌ ပညောင်ပင်သည် (ညောင်ခြေထောက်ပင်သည်) ရှိအံ့၊ ထိုပညောင်ပင်၏ အကိုင်းသည် လည်းကောင်း၊ ထိုအကိုင်းမှ ထွက်သော မြစ်ပျဉ်းသည်လည်းကောင်း၊ မဟာသိမ်၏ မြေအပြင်ကိုလည်းကောင်း၊ ထိုမဟာသိမ်၏ မြေအပြင်၌ ပေါက်သော သစ်ပင် အစရှိသည်တို့ကိုလည်းကောင်း ထိ၍ တည်နေအံ့။...

ဤသို့ ဖြစ်လျှင် မဟာသိမ်ကို သုခ်သင်၍သော်လည်း သံဃာ့ကံကို ပြုထိုက်၏။

ထိုဆက်စပ်နေသော အကိုင်း မြစ်ပျဉ်းတို့ကို ဖြတ်၍သော်လည်း ပြင်ပ၌ တည်သည်တို့ကို ပြုအပ်ကုန်၏၊ မထိမူ၍ တည်သော အကိုင်း အစရှိသည်တို့၌ တက်နေသော ရဟန်းကို ဟတ္ထပါသ်သို့ ဆောင်ထားထိုက်၏။

## ခဏ္ဍသိမ်-မဟာသိမ်
## သိမာသမ္ဘေဒအကြောင်း
## ဘာသာဋီကာရှင်းပြပုံ

ခဏ္ဍသိမ်၏ မြေအပြင်ကိုသာ "သိမာမာဠက" ခေါ်သည်ဟု မှတ်ပါ၊ "ဝဋရုက္ခ"ဟူသည် ဖြာ၍ ထွက်သွားသော အကိုင်း၏အောက်၌ "မြစ်ပျဉ်း"ဟုခေါ်အပ်သော ခြေထောက်များ ကျ၍ ထိုခြေထောက်များကို အားပြုကာ အတော်ကျယ်ပြန့်နိုင်သော "ပညောင်"ခေါ် ညောင်ခြေထောက်ပင်တည်း။

ထိုဝဋရုက္ခ၏ အကိုင်း (သို့မဟုတ်) မြစ်ပျဉ်းသည် မဟာသိမ်၏ မြေအပြင်ကို ဖြစ်စေ, မဟာသိမ်၌ ပေါက်နေသော သစ်ပင်စသည်တို့ကို ဖြစ်စေ ထိ၍ တည်နေအံ့၊ ရုက္ခာဒီနိ၌ အာဒိဖြင့် မဟာသိမ်အတွင်းက တိုင်, ကျောင်း, တန်ဆောင်းစသည်ကို ယူပါ။

ဤသို့ သိမ်နှစ်သိမ်အတွင်း၌ ရှိသော အဆောက်အဦးတို့ အချင်းချင်း ထိနေခြင်းကို "သိမာသမ္ဘေဒ-သိမ်ချင်းရောခြင်း"ဟု ခေါ်သည်။

ထိုသို့ ဖြစ်နေလျှင် ခဏ္ဍသိမ်၌ ကံပြုလိုသော သံဃာသည် မဟာသိမ်ကို သုဓ်သင်ပြီးမှ ပြုရမည်။

**"သုဓ်သင်"ဟူသည်** မဟာသိမ်ရှိသော သံဃာများကို ကံပြုရာ ဟတ္ထပါသ်ရောက်အောင် ပင့်ခြင်း (သို့မဟုတ်) မဟာသိမ်၏ အပြင်ဘက်သို့ ထွက်နေစေခြင်းတည်း။

မဟာသိမ်၌ တည်ရှိသော ရဟန်းများကို ဟတ္ထပါသ် ဆောင်ခြင်း စသည် မပြုလိုသောကြောင့် မဟာသိမ်၏ မြေ၌လည်းကောင်း၊ သစ်ပင်စသည်တို့၌လည်းကောင်း မထိအောင် ဖြတ်ခြင်းကို "ဗဟိဋ္ဌကာ ကာတဗ္ဗာ"ဟု ဆိုသည်။ (ထိုသို့ ဖြတ်လိုက်လျှင် သီမာသမ္ဘေဒ မဖြစ်တော့။

ခဏ္ဍသိမ်ဝယ် ပေါက်သောသစ်ပင်မှ ထွက်သော အကိုင်း၊ ညောင်ခြေထောက်သည် မဟာသိမ်၌ မထိဘဲ တည်နေအံ့၊ ထိုအကိုင်းစသည်၌ကား ရဟန်းတစ်ပါး တက်နေလျှင် ထိုရဟန်းကို ဟတ္ထပါသ်သို့ ဆောင်ရမည်၊ ဘာ့ကြောင့်နည်း- ထိုရဟန်းသည် ကံပြုရာ ခဏ္ဍသိမ်ဝယ် ပေါက်နေသော သစ်ပင်၌ တည်နေရကား ခဏ္ဍသိမ်တွင် ပါဝင်နေသော ကြောင့်တည်း။

မှတ်ချက်။ ။ ခဏ္ဍသိမ်၏ အခြားမဲ့၌ သီမန္တရိက်သည် ဂါမခေတ်တွင် ပါဝင်၏၊ ဂါမခေတ် တစ်ခေတ်သည် ဂါမသိမ်ပင်တည်း။

ထို့ကြောင့် ခဏ္ဍသိမ်နှင့် ဂါမသိမ်သည် အလွန်နီးကပ်ဆက်စပ်လျက်ရှိ၏၊ ထိုမျှလောက် ဆက်စပ်နေသော ဂါမသိမ်နှင့် သမ္ဘေဒ (ရောယှက်ခြင်း) အပြစ်ကို မပြဘဲ သီမန္တရိက်ခြားနေသော မဟာသိမ်နှင့် သမ္ဘေဒအပြစ်ကိုသာ အဋ္ဌကထာ၌ ပြ၏။

ထိုသို့ ပြသဖြင့် ခဏ္ဍသိမ်ဖြစ်စေ, မဟာသိမ်ဖြစ်စေ ဗဒ္ဓသိမ်နှင့် ဂါမသိမ်သည် ရောစပ်မှု သမ္ဘေဒအပြစ် မရှိ၊ ဘာ့ကြောင့်နည်း...

ဂါမသိမ်နှင့် ဗဒ္ဓသိမ်သည် နိဿယ (ဂါမက မှီရာ) နိဿိတ (ဗဒ္ဓက မှီတတ်) အဖြစ်ဖြင့် အမြဲ တွဲဖက်ဖြစ်သော ကြောင့်တည်း။

**မဟာသီမာယ ပထဝိတလန္တိ ဧတ္ထ အာသန္နတရမ္ပိ ဂါမသီမံ အဂ္ဂဟေတွာ ဗဒ္ဓသီမာယ ဧဝ၊**

(ဝိမတိ ၊ ဒု ၊ ၁၄၈)

(မဟာသိမ်တည်းဟူသော ဗဒ္ဓသိမ်ကိုသာ)

**ဂဟိတတ္တာ ဂါမသီမာဗဒ္ဓသီမာနံ အညမညံ ရုက္ခာဒိသမ္ဗန္ဓေပိ သမ္ဘေဒဒေါသော နတ္ထိ အညမညံ နိဿယနိဿိတာဘာဝေန ပဝတ္တိတောတိ ဂဟေတဗ္ဗံ။**

(ဝိမတိ ၊ ဒု ၊ ၁၄၈)




အမှတ် (၈၀) ပုံစံ

(၈၀) ဧဝံ မဟာသီမာယ ဇာတရုက္ခဿ သာခါ ဝါ ပါရောဟော ဝါ ဝုတ္တနယေနေဝ သီမာမာဠကေ ပတိဋ္ဌာတိ၊ ဝုတ္တနယေနေဝ သီမံ သောဓေတွာ ဝါ ကမ္မံ ကာတဗ္ဗံ၊ တေ ဝါ သာခါ ပါရောဟာ ဆိန္ဒိတွာ ဗဟိဋ္ဌကာ ကာတဗ္ဗာ။ (ဝိ၊ ဋ၊ ၃၊ ၃၂၇။)

(၈၀) ဤအတူ မဟာသိမ်၌ပေါက်သော သစ်ပင်၏အကိုင်း သော်လည်းကောင်း၊ ဆက်စပ်နေသော အကိုင်း မြစ်ပျဉ်းတို့ သည်လည်းကောင်း ဆိုခဲ့ပြီးသော နည်းဖြင့်သာ ခဏ္ဍသိမ်၏ မြေပြင်၌ တည်အံ့၊ ဤသို့ တည်သည်ရှိသော် ဆိုခဲ့ပြီးသော နည်းတို့ဖြင့်သာ ခဏ္ဍသိမ်ကို သုမ်သင်၍ သော်လည်း သံဃာ့ ကံကို ပြုထိုက်၏။ ထိုအကိုင်း မြစ်ပျဉ်းတို့ကို ဖြတ်၍သော် လည်း အပ၌ တည်သည်တို့ကို ပြုအပ်၏။



အမှတ် (၈၁) ပုံစံ

(၈၁) သစေ အန္တောသိမတော ပဗ္ဗတော အဗ္ဘုဂ္ဂစ္ဆတိ၊
တတြဋ္ဌော ဘိက္ခု ဟတ္ထပါသံ အာနေတဗ္ဗော။
ကုဒ္ဒိယာ အန္တောပဗ္ဗတံ ပဝိဋ္ဌေပိ ဧသေဝနယော။ ဗဟိမာနာ
ဓဝ ဟိ သိမာပမာဏရဟိတံ ပဒေသံ န ဩတရတိ။
ဗဒ္ဓသိမာယ ဇာတံ ယံကိဉ္စိ ယတ္ထကတ္ထစိ ဧကသမ္ဗန္ဓေန ဂတံ
သိမာ သင်္ချမေဝ ဂစ္ဆတီတိ။ (ဝိ၊ ဌ၊ ၃၊ ၃၂၇။)

(၈၁) သိမ်၏ အတွင်းမှာ တောင်သည် အထက်သို့ တက်အံ့၊
(တောင်ပေါက်၍နေအံ့၊) ထိုတောင်၌ တည်သော
ရဟန်းကို ဟတ္ထပါသ်အတွင်းသို့ ဆောင်ထားရမည်၊ တန်ခိုးဖြင့်
တောင်အတွင်းသို့ ဝင်နေရာ၌လည်း နည်းတူပင် ဟတ္ထပါသ်သို့
ဆောင်ရမည်။

ထိုစကား မှန်၏၊ သိမ်ဟူသည် သမုတ်ဆဲသာ နှစ်ကျိပ်
တစ်ယောက် စည်းဝေးလောက်သော ပမာဏမှ ကင်းသော

အရပ်သို့ မသက်၊ သမုတ်ပြီး ဗဒ္ဓသိမ်၌ တစ်စုံတစ်ခုသော သစ်ပင် တောင် စသော အရာဝတ္ထုသည် အမှတ်မထား တစ်ပါးပါးသော အရပ်သို့ တစ်စပ်တည်း စပ်သောအားဖြင့် သွားသော ဝတ္ထုဟူသမျှသည် သိမ်ဟူသော အရေအတွက်သို့ ရောက်တော့သည်သာ၊ ဤသို့ မှတ်အပ်၏။




အမှတ် (၈၂) ပုံစံ

(၈၂) ဣမဿ ပန နဒီပါရသိမံ သမ္မန္နန္တေန ကေသိဉ္စိ တီရေ ဌတွာ ဥပရိသောတေ နဒီတီရေ နိမိတ္တံ ကိတ္တေတွာ တတော ပဋ္ဌာယ အတ္တာနံ ပရိက္ခိပန္တေန ယတ္တကံ ပရိစ္ဆေဒံ ဣစ္ဆတိ၊ တဿ ပရိယောသာနေ အဓောသောတေပိ နဒီတီရေ နိမိတ္တံ ကိတ္တေတွာ ပရတီရေ သမ္မုခဋ္ဌာနေ နဒီတီရေ နိမိတ္တံ ကိတ္တေတဗ္ဗံ။ တတော ပဋ္ဌာယ ယတ္တကံ ပရိစ္ဆေဒံ ဣစ္ဆတိ၊ တဿ ဝသေန ယာဝ ဥပရိသောတေ ပဌမကိတ္တိတနိမိတ္တဿ သမ္မုခါ နဒီတီရေ နိမိတ္တံ၊ တာဝ ကိတ္တေတွာ ပစ္စာဟရိတွာ ပဌမကိတ္တိတနိမိတ္တေန သဒ္ဓိံ ဃဋေတဗ္ဗံ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၈-၃၂၉။)

သိမ်ပုံကျမ်း၌ အတက်ပါအဋ္ဌကထာလာပုံအဓိပ္ပာယ်မှာ

- ဥပရိသောတေ နဒီတီရေ အရ အထက်မြစ်ကမ်း၌ ပဌမနိမိတ်ကြား။

- ပရိက္ခိပန္တေန အရ (၂)မှတ် (၃)မှတ် (၄)မှတ် တိုင်အောင် လှည့်လည်၍ ကြားပြီးမှ ပရမုခေ သံမုခဌာနေ... ဟူသည်နှင့်အညီ၊ (၄) မှတ်နိမိတ်နှင့်တည့်တည့်။

ထိုမှာဘက်ကမ်း။ (၅)မှတ်နိမိတ်ကြား၍ (၆)မှတ် (၇) မှတ်တိုင်အောင် အလိုရှိသမျှ ကြားပြီးလျှင် ပဌမနိမိတ်နှင့် တည့်တည့် ထိုမှာဘက်မြစ်ကမ်း၌ ကြားပြီးမှ ပဌမနိမိတ်ကို စပ်ဆက်မိအောင် ထပ်၍ ကြားရမည်။သိလွယ်စေခြင်းငှာ လှည့်လည်ပုံကို ဂဏန်းအမှတ်နှင့် ပြလိုက်သည်။

ဤပုံကို နားလည်မှ နောင် ကျွန်းသိမ်များကို နားလည် လိမ့်မည်။ ဤသို့ သိမ်ပုံကျမ်းမှာ ပါသည်ဟု မှတ်ပါ။

(၈၂) ထပ်၍ ဆက်ဦးအံ့... ဤနဒီပါရသိမ်ကို သမုတ်သော

ရဟန်းသည် တစ်ဖက်သော ကမ်း၌ ရပ်တည်၍ ရေညာမြစ်ကမ်း၌ ကျောက်စသော နိမိတ်ပြောကြား၍ ထို အထက်ဆုံးနိမိတ်မှ စ၍ မိမိကို ရစ်ပတ်လျက် အကြင်မျှ အတိုင်းအရှည်ရှိသော အပိုင်းအခြားကို အလိုရှိ၏၊ ထိုမျှ လောက် အပိုင်းအခြား၏ အဆုံး၌ ရေအစုန် မြစ်ကမ်း၌ နိမိတ်ကို ပြောကြား၍ ဟိုမှာဘက်ကမ်း၌ ရှေးရှုဖြစ်သော အရပ်၌ (ဤဘက်ကမ်းနိမိတ်နှင့်တည့်တည့်အရပ်၌) မြစ်ကမ်း ၌ နိမိတ်ကို ပြောကြားရာ၏။

ထိုနိမိတ်နေရာမှ စ၍ အကြင်မျှလောက်သော အပိုင်းအခြားကို အလိုရှိ၏၊ ထိုမျှလောက်သော အပိုင်းအခြား၏ အစွမ်းဖြင့် ရေညာ၌ ပဌမပြောသော နိမိတ်၏ ရှေးရှု တည့်တည့်၌ မြစ်ကမ်းနိမိတ် ရှိ၏၊ ပဌမနိမိတ်နှင့်တည့်တည့် ဟိုဘက်ကမ်းဝယ်ချထားသော နိမိတ်တိုင်အောင် ပြောကြား၍ တစ်ဖန် ပြန်ဆောင်၍ ပဌမပြောနိမိတ်နှင့်တကွ ပြန်ဆက်မိစေရာ၏။

**အထ သဗ္ဗနိမိတ္တာနံ အန္တော ဋ္ဌိတေ ဘိက္ခူ ဟတ္ထပါသဂတေ ကတွာ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ။**

(ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၉။)

ထိုမှနောက် အလုံးစုံသော နိမိတ်တို့၏ အတွင်း၌ တည်ရှိကုန်သော ရဟန်းတို့ကို ဟတ္ထပါသ်သို့ ရောက်သည်တို့ကို ပြု၍ ကမ္မဝါစာဖြင့် သိမ်ကို သမုတ်အပ်၏။

**မှတ်ဖွယ်** နိမိတ်ပြောသောရဟန်းက မြစ်ဘက်၌ တည်၍ နိမိတ်က မြစ်ကမ်း၏ အထက်အပြင်၌ တည်သောကြောင့် "နိမိတ်ပြောသော မိမိလှည့်ပတ်၍" ဟု ဆိုသည်၊ "ယတ္တကံ ပရိစ္ဆေဒံ ဣစ္ဆတိ" ဖြင့် အောက်ရေညာသို့သွားသော အခါ မိမိအလိုရှိသလောက် အတောင် (၂၀) (၃၀) စသည် ပိုင်းခြားပြီးလျှင် ကျောက်စသော နိမိတ်ထားရမည်ဟု ပြသည်။ ဘာသာဋီကာမှာ တွေ့ရ၏။

(၈၃)   သစေ အန္တော နဒိယံ ဒီပကော ဟောတိ၊ တံ အန္တော သီမာယ ကာတုကာမေန ပုရိမနယေနေဝ အတ္တနာ ဌိတတိရေ နိမိတ္တာနိ ကိတ္တေတွာ ဒီပကဿ ဩရိမန္တေ စ ပါရိမန္တေ စ နိမိတ္တံ ကိတ္တေတဗ္ဗံ။ အထ ပရတိရေ နဒိယာ ဩရိမတီရေ နိမိတ္တဿ သမ္မုခဋ္ဌာနေ နိမိတ္တံ ကိတ္တေတွာ တတော ပဋ္ဌာယ ပုရိမနယေနေဝ ယာဝ ဥပရိသောတေ ပဌမကိတ္တိတနိမိတ္တဿ သမ္မုခါနိမိတ္တံ တာဝ ကိတ္တေတဗ္ဗံ။ အထ ဒီပကဿ ပါရိမန္တေ စ ဩရိမန္တေ စ နိမိတ္တံ ကိတ္တေတွာ ပစ္စာဟရိတွာ ပဌမကိတ္တိတ နိမိတ္တေန သဒ္ဓိံ ယောဇေတဗ္ဗံ။

(ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၉။)




အမှတ် (၈၃) ပုံစံ

(၈၃)   မြစ်အတွင်း၌ ကျွန်းငယ်သည် ရှိအံ့၊ ထိုကျွန်းငယ်ကိုလည်း သိမ်အတွင်း ပါစေလိုသည် ဖြစ်အံ့၊ ထိုသို့ဖြစ်လျှင် ပြခဲ့သည့်အတိုင်း မိမိနေရာဘက်၌ နိမိတ်တို့ကို ကြား၍ ကျွန်းငယ်၏ သည်ဘက်ကမ်းနှင့် နီးသော အစွန်း၊ ဟိုဘက်ကမ်းနှင့် နီးသော အစွန်းတို့၌ နိမိတ်ကြားရမည်။

ထို့နောက် တစ်ဖက်ကမ်းဝယ် ဤဘက်ကမ်းနှင့် တည့်တည့်ကျရာ၌ နိမိတ်ကြား၍ ရှေးနည်းအတိုင်း ဤဘက်ကမ်း ပဌမကြားသော နိမိတ်နှင့် တည့်တည့်အရပ်တိုင်အောင် ကြားရမည်။ ထို့နောက် ကျွန်း၏ ဟိုဘက်ကမ်းနှင့် နီးသော အစွန်း၊ ဤဘက်ကမ်းနှင့်နီးသော အစွန်းတို့၌ ကြား၍ ဤဘက်ကမ်း ပဌမကြားသော နိမိတ်ကို ထပ်၍ စပ်အောင် ကြားရမည်။




အမှတ် (၈၄) ပုံစံ

(၈၄) သစေ ပန ဒီပကော ဝိဟာရသီမာပရိစ္ဆေဒတော ဥဒ္ဓံ ဝါ အဓော ဝါ အဓိကတရော ဟောတိ၊ အထ ဝိဟာရသီမာပရိစ္ဆေဒနိမိတ္တဿ ဥဇုကမေဝ သမ္မုခိဘူတေ ဒီပကဿ ဩရိမန္တေ နိမိတ္တံ ကိတ္တေတွာ တတော ပဋ္ဌာယ ဒီပကသိခရံ ပရိက္ခိပန္တေန ပုန ဒီပကဿ ဩရိမန္တေ နိမိတ္တသမ္မုခေ ပါရိမန္တေ

နိမိတ္တံ ကိတ္တေတဗ္ဗံ။ တတော ပရံ ပုရိမနယေနေဝ ပါရတီရေ သမ္မုခနိမိတ္တမာဒိံ ကတွာ ပါရတီရနိမိတ္တာနိ စ ဒီပကဿ ပါရိမန္တဉ္စြရိမန္တနိမိတ္တာနိ စ ကိတ္တေတွာ ပဌမကိတ္တိတနိမိတ္တေန သဒ္ဓိံ ယဋနာ ကာတဗ္ဗာ။ ဧဝံ ကိတ္တေတွာ သမ္မတာ သီမာ ပဗ္ဗတသဏ္ဌာနာ ဟောတိ။ (ဝိ၊ ၄၊ ၃၊ ၃၂၉။)

(၈၄) ကျွန်းသည် ကျောင်းတိုက်သိမ်၏ အပိုင်းအခြားမှ အထက်၌လည်းကောင်း၊ အောက်၌လည်းကောင်း ပိုလွန်နေသည် အကယ်၍ ဖြစ်အံ့၊ ထိုသို့ ဖြစ်လျှင် ကျောင်းတိုက် သိမ်အပိုင်းအခြားဖြစ်သော နိမိတ်၏ ဖြောင့်ဖြောင့်သာ ရှေးရှုဖြစ်၍ ကျွန်း၏ ဤဘက်အစွန်း၌ နိမိတ်ကို ပြောကြား၍ ထိုနိမိတ်မှ စ၍ ကျွန်းငယ်၏ ထိပ်ကို လက်ယာရစ်လှည့်လည်လျက် နိမိတ်ပြောကြား၍... တစ်ဖန် ကျွန်း၏ ဤဘက် အစွန်း နိမိတ်တည့်တည့် ဖြစ်သော ဟိုဘက်အစွန်း၌ လည်းကောင်း နိမိတ်ကို ပြောကြားရ၏။

ထိုအခါမှ ကျွန်းထိပ်၏ ဟိုဘက်နိမိတ်ကို ပြောပြပြီးရာနောက်၌ ရှေးနည်းဖြင့်သာ (ရှေ့ ဒီပကပါသော နဒီပါရ သိမ်သမုတ်နည်းဖြင့်သာ) ဟိုဘက်ကမ်း၌ ရှေးရှုဖြစ်သော နိမိတ်ကို အစပြု၍ ဟိုဘက်ကမ်းနိမိတ်ကိုလည်းကောင်း၊ ကျွန်း၏ ဟိုဘက်အစွန်း, ဤဘက်အစွန်း၌ ဖြစ်သော နိမိတ်တို့ကို ပြောကြား၍ ပဌမပြောကြားနိမိတ်နှင့်တကွ ဆက်စပ်ခြင်း ပြုအပ်၏။

(ဤသိမ်၌ တစ်ဖက်ကျွန်းစွယ်အတွက် နိမိတ်နှစ်လုံး ထားရသောကြောင့် သိမ်နိမိတ် ဆယ်လုံးရှိသည်။) ဤသို့ ပြောကြား၍ သမုတ်သောသိမ်သည် တောင်၏ ပုံသဏ္ဌာန်နှင့် တူသော ပုံသဏ္ဌာန်ရှိသည် ဖြစ်အံ့၊ ကျွန်း၏ ထိပ်ဘက်ကို အထက် ထောင်၍ ကြည့်လျှင် တောင်၏ သဏ္ဌာန်နှင့် တူသည်-ဟူလို။

[ပဗ္ဗတဿ သဏ္ဌာနံ ပဗ္ဗတသဏ္ဌာနံ၊ ပဗ္ဗတသဏ္ဌာနံ ဝိယ သဏ္ဌာနံ ဧတိဿာတိ ပဗ္ဗတသဏ္ဌာနာ။]




အမှတ် (၈၅) ပုံစံ

(၈၅) သစေ ပန ဒီပကော ဝိဟာရသီမာပရိစ္ဆေဒတော ဥဒ္ဓမ္ပိ အဓောပိ အဓိကတရော ဟောတိ၊ ပုရိမနယေနေဝ ဒီပကဿ ဥဘောပိ သိခရာနိ ပရိက္ခိပိတွာ နိမိတ္တာနိ ကိတ္တေန္တေန နိမိတ္တဃဋနာ ကာတဗ္ဗာ။ ဧဝံ ကိတ္တေတွာ သမ္မတာ သီမာ မုဒိင်္ဂသဏ္ဌာနာ ဟောတိ။ (ဝိ၊ ၄၊ ၃၊ ၃၂၉။)

(၈၅) အကယ်၍ ကျွန်းငယ်သည် ဝိဟာရသိမ်၏ အထက် အောက် နှစ်ဖက်လုံးမှာပင် လွန်ထွက်နေသည်ဖြစ်အံ့၊ ထိုသို့ဖြစ်လျှင် ပြခဲ့သည့်ရှေးနည်းအတိုင်း ကျွန်း၏ နှစ်ဖက် ပိုထွက်သော အစွန်းတို့ကို ဝန်းရံနိမိတ်ကြား၍ သမုတ်ရမည်။ ဤသို့ နိမိတ်ကြား၍ သမုတ်အပ်သော သိမ်သည် မုရိုးစည်

(မုဒိင်) သဏ္ဌာန် ရှိလေသည်။ ဘေးနှစ်ဖက်က ကျဉ်း၍ အလယ်၌ ကျယ်သောကြောင့် မုရိုးစည်သဏ္ဌာန်ဟု ဆိုသည်။

ကျွန်းနှစ်ဖက်က ရှည်ထွက်နေသည့်အတွက် အလယ်က တုတ်၍ မြစ်ကမ်းနှစ်ဖက်က ကျဉ်းနေသောကြောင့် အလယ် တုတ်၍ အဖျားနှစ်ဖက်ကျဉ်းသော မုဒိင်သဏ္ဌာန် ရှိသည်၊ ရှေး၌ တစ်ဖက်ကျဉ်းသော မုဒိင်သဏ္ဌာန်ကိုလည်း ပြခဲ့၏။

(၈၆) သစေ ဒီပကော ဝိဟာရသီမာပရိစ္ဆေဒသ္သ အန္တော ခုဒ္ဒကော ဟောတိ သဗ္ဗပဌမနယေန ဒီပကေ နိမိတ္တာနိ ကိတ္တေတဗ္ဗာနိ။ ဧဝံ ကိတ္တေတွာ သမ္မတာ၊ သီမာ ပဏဝ သဏ္ဌာနာ ဟောတိ။ (ဝိ၊ ၌၊ ၃၊ ၃၃၀။)

(၈၆) အကယ်၍ ကျွန်းငယ်သည် ဝိဟာရသိမ်၏ အပိုင်း အခြားအောက် ငယ်နေအံ့၊ ဤသို့ဖြစ်လျှင် အလုံးစုံ တို့၏ ရှေးဖြစ်သော သမုတ်နည်းဖြင့် ကျွန်း၌ နိမိတ်တို့ကို ကြား၍ သမုတ်ရမည်။

ဤသို့ ပြောကြား၍ သမုတ်သော သိမ်သည်... ထက်စည်ပုံသဏ္ဌာန်နှင့်တူသော ပုံသဏ္ဌာန်ရှိသည် ဖြစ်အံ့။ ကျွန်းငယ်က နှစ်ဖက်လုံးကျုံ့၍ ဟိုဘက် ဒီဘက် ကမ်းက ကျယ်နေသောကြောင့် ထက်စည်ပုံသဏ္ဌာန်နှင့် တူသည်ဟု မှတ်။




အမှတ် (၈၆) ပုံစံ




အမှတ် (၈၇) ပုံစံ

(၈၇) သီမာယ သီမံ သမ္ဘိန္ဒန္တီတိ အတ္တနော သီမာယ ပရေသံ ဗဒ္ဓသီမံ သမ္ဘိန္ဒန္တိ။ သစေ ဟိ ပေါရာဏကဿ ဝိဟာရဿ ပုရတ္ထိမာယ ဒိသာယ အမ္ဗော စေဝ ဇမ္ဗု စာတိ ဒွေ ရုက္ခာ အညမညံ သံသဋ္ဌဝိဋပါ ဟောန္တိ၊ တေသု အမ္ဗဿ ပစ္ဆိမဒိသာဘာဂေ ဇမ္ဗု။ ဝိဟာရသီမာ စ ဇမ္ဗုံ အန္တော ကတွာ အမ္ဗံ ကိတ္တေတွာ ဗဒ္ဓါ ဟောတိ၊ အထ ပစ္ဆာ တဿ ဝိဟာရဿ ပုရတ္ထိမာယ ဒိသာယ ဝိဟာရံ ကတွာ သီမံ ဗန္ဓန္တာ တံ အမ္ဗံ အန္တော ကတွာ ဇမ္ဗုံ ကိတ္တေတွာ ဗန္ဓန္တိ၊ သီမာယ သီမာ သမ္ဘိန္နာ ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၃၇။)

(၈၇) သီမာယ သီမံ သမ္ဘိန္ဒန္တိ ကား ... မိမိ၏ သိမ်ဖြင့် သူတစ်ပါးတို့ ဗဒ္ဓသိမ်ကို ရောစပ်ကြကုန်၏၊ ချဲ့ဦးအံ့၊ ရှေး၌ဖြစ်သော ကျောင်းတိုက်၏ အရှေ့အရပ်၌ သရက်ပင်, သပြေပင် ဤသို့ နှစ်ပင်ကုန်သောသစ်ပင်တို့သည် အချင်းချင်း ရောယှက်သော အခွ ရှိကုန်သည် ဖြစ်ကုန်အံ့။

ထိုနှစ်ပင်တို့တွင် သရက်ပင်၏ အနောက်ဘက် သပြေပင်ရှိသည် ဖြစ်အံ့။

ကျောင်းတိုက်၏သိမ်သည်လည်း အနောက်ဘက် သပြေပင်ကို သိမ်၏အတွင်း၌ ထား၍ အရှေ့ဘက်သရက်ပင်ကို ပြောကြား၍ သမုတ်အပ်သည် ဖြစ်၏။

ထိုမှ နောက်၌ ထိုကျောင်းတိုက်၏ အရှေ့အရပ်၌ ကျောင်းကို ပြုပြီး၍ သိမ်ကို သမုတ်ကြသော ရဟန်းတို့သည် ထိုအရှေ့ဘက် သရက်ပင်ကို သိမ်အတွင်းထား၍ အနောက်ဘက် သပြေပင်ကို ပြောကြားပြီး အကယ်၍ သိမ်သမုတ်ကုန်အံ့။

ဤသို့ သမုတ်သည်ရှိသော် မိမိသိမ်ဖြင့် သူတစ်ပါးတို့၏ သိမ်ကို ရောစပ်သည် ဖြစ်အံ့၊ ဤနည်းဖြင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပြုကြကုန်ပြီ၊ ထို့ကြောင့် "သီမာယ သီမံ သမ္ဘိန္ဒတိ" ဟူ၍ ဆိုကုန်ပြီ။

**သမ္ဘိန္ဒတိ့မှတ်ဖွယ်** သမ္ဘိန္ဒန္တိတိ ယတ္ထ စတူဟိ ဘိက္ခူဟိ နိသီဒိတုံ န သက္ကာ၊ တတ္တကတော ပဋ္ဌာယ ယာဝ ကေသဂ္ဂမတ္တမ္ပိ အန္တော သီမာယ ကရောန္တော သမ္ဘိန္ဒတိ။ (ဝိမတိ၊ ဒု၊ ၁၆၈။)

ကံပြုမည့် ရဟန်း(၄)ပါး မထိုင်လောက်ရုံအရပ်မှ စ၍ ဆံဖျားမျှလောက်တိုင်အောင်သော သိမ်ဟောင်းအရပ်ကို မိမိတို့၏ သိမ်အတွင်းသို့ သွင်းသော ရဟန်းသည် သိမ်ချင်း ရောစပ်သည် မည်၏။

**အဗ္ဗောတ္ထရန္တိမည်ပုံ**

စတုန္နံ ဘိက္ခုနံ ပဟောနကတော ပဌာယ ယာဝ သကလမ္ပိ အန္တော ကရောန္တော အဗ္ဗောတ္ထရန္တိတိ ဝေဒိတဗ္ဗံ။(ဝိမတိ၊ ဒု၊ ၁၆၈။)

ရဟန်း လေးပါး ထိုင်လောက်ရာ အရပ်မှ စ၍ သိမ်ဟောင်းတစ်ခုလုံးကိုပင် အသစ်သိမ်၏ အတွင်းပြု၍ သမုတ်သော ရဟန်းသည် "အဗ္ဗောတ္ထရတိ" မည်၏ဟု သိပါ။

**အထူးမှတ်ဖွယ်**

ဤမူလသိမ်ဟောင်းကို သမ္ဘေဒ အဗ္ဗောတ္ထရဏပြု၍ သိမ်သစ် သမုတ်ရာ၌ မူလသိမ်ကား မပျက်ပါ။ နောက်သိမ်သာလျှင် သိမ် မဖြစ်ဘဲ သိမ်ပျက်ရသည်။

ယေသံ ဘိက္ခဝေ သီမာ ပဌမံ သမ္မတာ၊ တေသံ တံ ကမ္မံ ဓမ္မိကံ အကုပ္ပံ ဌာနာရဟံ...စသည် (ဝိ၊ ပါ၊ ၃၊ ၁၅၀။)

**တစ်ခုတည်းသော သစ်ပင်နိမိတ်**

ထို တစ်ခုတည်းသော သစ်ပင်နိမိတ်သည် ကြီးကျယ်လာသောအခါ သိမ်နှစ်လုံးကို ရောနှောသွားအောင် ပြုလုပ်တတ်သောကြောင့် ထိုကဲ့သို့ သစ်ပင်တစ်ပင်တည်းကို သိမ်နှစ်လုံး၏ နိမိတ်မလုပ်ထိုက်။

ဆက်ဦးအံ့၊ "သီမာ သင်္ကရံ ကရောတိ" ဟူသည် ရှေး၌ ဗဒ္ဓသိမ်နှစ်လုံး (ခဏ္ဍနှင့်မဟာသိမ်)ကို ပြရာဝယ် သစ်ပင်၏ အကိုင်း မြစ်ပျဉ်းတို့က အခြားတစ်သိမ်ပေါ်သို့ ရောက်၍ ထောက်မိနေခြင်းအားဖြင့် သိမ်ချင်း ရောယှက်သွားခြင်းမျိုး ကဲ့သို့ ဤ၌လည်း "ကြီးကျယ်လာသောသစ်ပင်က သိမ်နှစ်လုံး

အတွင်းသို့ ဝင်ရောက်သွားခြင်းအားဖြင့် သီမာသင်္ကရ သိမ်ချင်း ရောယှက်မှု ဖြစ်သည်ဟု ဆိုလိုသည်။ ထိုသို့ ရောယှက်မှုကြောင့် သိမ်ကား ပျက်၍ မသွားပါ၊ ကံပြုသော အခါ၌သာ အခြားတစ်သိမ်အတွင်းရှိ သံဃာကို သုမ်သင် ရမည်။

သစ်ပင်၏ ပင်လုံး၊ အကိုင်း၊ အခက်တို့ကြောင့်သာ သီမာသင်္ကရ ဖြစ်နိုင်သည် မဟုတ်သေး၊ မြေပေါ်၌ အထင် အရှား ပေါ်ထွက်နေသော အမြစ်အားဖြင့်လည်း သီမာသင်္ကရ ဖြစ်နိုင်၏။

သို့သော် မြေအောက်၌ မြုပ်နေသော အမြစ်များ၏ အတွက်ကား သီမာသင်္ကရ မဖြစ်ပါ၊ ကျောက်ဖျာ ကျောက် တောင် စသည်အတွက် "သိမ်ချင်း ရောယှက်သည်"ဟု မဆိုရ၊ ထိုကျောက်ဖျာ ကျောက်တောင်စသည်ကား ဘူမိဂတိကသာ တည်း။

အဒိဿမာနာနံ မူလာနံ ပဝေသေပိ ဘူမိဂတိကတ္တာ (မြေကြီးနှင့် သဘောတူသဖြင့်) "ဒေါသော နတ္ထီတိ သိဋ္ဌတိ၊ သစေ ပန မူလာနိပိ ဒိဿမာနာနေဝ ပဝိသန္တိ၊ သင်္ကရောဝ၊ ပဗ္ဗတပါသာဏာ ပန ဒိဿမာနာပိ ဘူမိဂတိကာ ဧဝ။

(ဝိမတိ၊ ဒု၊ ၁၆၉။)

**လျှပ်စစ်မီးကြိုးမှတ်ဖွယ်** ယခုအခါ ဗဒ္ဓသိမ် တစ်ခု၌ လျှပ်စစ်ဓာတ်ကြိုး သွယ်ထားလျှင် ထိုကြိုးသည် အခြားဗဒ္ဓသိမ်အများ၌လည်း ရောက်နေပါမူ သိမ်ချင်း ကူးယှက်ရာ ရောက်၏၊ ထိုသို့ ကူးယှက်နေရာ၌ "အပြစ်မရှိ"ဟု ယူဆကြသော ဆရာများလည်း ရှိ၏။

အချို့ဆရာများက "သီမာသင်္ကရ ဖြစ်သည်"ဟု ယူဆ၍ ကံပြုခါနီး၌ လျှပ်စစ်ဓာတ်ကြိုးကို ဖြုတ်ကာ အဆက်အသွယ် ဖြတ်ထားကြသည်၊ ထိုတွင် "သီမာသင်္ကရ မဖြစ်"ဟု ယူဆသောဆရာတို့သည် "ထင်ရှားစွာ ဝင်လာသော သစ်မြစ်အားဖြင့် သင်္ကရဖြစ်၏"ဟု ဆိုသော ဤဝိမတိစကားဖြင့်လည်းကောင်း၊ ရှေး၌ ဥဒကုက္ခေပသိမ်၏ လှေကြိုးကို မြစ်ကမ်းဘေးဝယ် ဂါမသိမ်နှင့် ရောမည်စိုးသောကြောင့် မချည်ဖို့ရန်တားမြစ်သော အဋ္ဌကထာစကားဖြင့်လည်းကောင်း စဉ်းစားသင့်ကြပါသည်ဟု ဘာသာဋီကာမှာ ဆိုထားပေသတည်း။

မိုင်းခိုင်းဆရာတော်ဘုရားကြီးသည် သားတော်သီပေါမင်းတြားကြီးလက်ထက် ၁၂၄၆-ခုနှစ်တွင် "ပဏ္ဍိတဓဇသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ကို ကပ်လှူခြင်း ခံရသည့် ဆရာတော်တစ်ပါး ဖြစ်ခဲ့ပေသည်။

ယင်းဆရာတော်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် သာသနာ့သမိုင်းမှာ "ဝိထိပုံ၊ သိမ်ပုံ၊ ဆန်းပုံ"ဟူသော ကျမ်းဖြင့် တံခွန်စိုက်ခဲ့သော ဆရာတော်ဘုရားကြီးတစ်ပါး ဖြစ်ခဲ့သည်။

ဆရာတော်တို့ ခေတ်ကား ယနေ့ခေတ်နှင့် လုံးဝမတူသော ခေတ်ဖြစ်သည်၊ ယနေ့ခေတ်သည်ကား အရာရာမှာ ကွန်ပျူတာက ဦးဆောင်ပေးနေသောခေတ် ဖြစ်ပေသည်။

မိုင်းခိုင်းဆရာတော်ဘုရားကြီးသည် ပိဋကကျမ်းလာ ဝိနည်းမဟာဝါ ပါဠိတော်အဖွင့် အဋ္ဌကထာ၊ အဋ္ဌကထာဖွင့် ဝိမတိဋီကာ စသည်တို့၏ သိမ်ပိုင်းဆိုင်ရာ အဆိုအမိန့်တို့ကို သရုပ်ပုံစံထုတ်ပြီး ပြနိုင်ခဲ့သည့် နည်းပညာသည် ဂုဏ်ပြုထိုက်သော ဆရာတော်ဘုရားကြီး ဖြစ်ပေ၏။

ထို့ကြောင့် ၎င်းဆရာတော်ဘုရားကြီး၏ သရုပ်ပုံစံပြ သိမ်ကျမ်းလာ အဆိုအထောက်အထားတို့ကို အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဘာသာဋီကာကျမ်းစုံပြု အနန္တကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ရေပက်မဝင်နိုင်အောင် စီမံပြုစုထားသော ဝိနည်းမဟာဝါဘာသာဋီကာကျမ်းတို့နှင့် ညှိနှိုင်း စူးစမ်း ရှာဖွေ တင်ပြခဲ့သည်မှာ အပြီးတိုင်ရောက်ရှိခဲ့ပေပြီတကား။ ။

# "သိမ်ပိုင်းဆိုင်ရာ လေ့လာပါ သင့်မှာ မြဲမှတ်သား"

ရဟန်းငယ် ရှင်ငယ်လေးများ လွယ်လင့်တကူ သိမ်ပိုင်းဆိုင်ရာတို့ကို လေ့လာကျက်မှတ်ထားကြစေရန် ရည်ရွယ်၍ လင်္ကာဆောင်ပုဒ်လေးများ ဖော်ပြလိုက်ပါမည်။

## ဂါမသိမ်

၁။ သူကြီးတစ်ယောက်၊ ခွန်ကောက်ယူရ၊ ထိုဒေသ၊ မှတ်ပ ဂါမခေတ်။

၂။ ရဟန်းအားလုံး၊ စုရုံးတူပြိုင်၊ ကံဆိုင်ဆိုင်၊ ပြုနိုင် ရွာသိမ်ဖြစ်။

## ဝိသုံဂါမသိမ်

၁။ "အယံ ဝိသုံ ဂါမော ဟောတု" ဆိုမှုမြဲခိုင်၊ ပြည်ပိုင်, နယ်ပိုင်၊ အပိုင်ပေးတုံ၊ အလုံးစုံ၊ ဝိသုံဂါမ မှတ်ကုန်ကြ။

## ခဏ္ဍာသိမ်

၁။ ဗဒ္ဓသိမ်ပါ၊ မြစ်သမုဒ္ဒရာ၊ တစ်ဖြာ ထုံးအိုင်ဝဲင်။

၂။ မဝင်လိုလတ်၊ ဟတ္ထပါသ်၊ စပ်စပ်နေဖို့ပင်။

၃။ အလိုဆန္ဒ၊ ဆောင်ယူရ၊ မှတ်ကြ တစ်နည်းပင်။

၄။ ဗဒ္ဓသိမ်သစ်၊ သမုတ်လစ်၊ မှတ်ရစ် နယ်သိမ်းပင်။

၅။ ကျောင်းတိုက်လုံးဝ၊ သမုတ်က၊ မှတ်ကြ မဟာသိမ်။

၆။ မဟာသိမ်ကို၊ သမုတ်လို၊ ရင်လို ခဏ္ဍသိမ်။

၇။ သီမန္တရိက၊ ကွင်းချန်ချ၊ မှတ်ကြ မဟာသိမ်။

## ခဏ္ဍသိမ်ပြုကျိုး

၁။ သံဃာအားလုံး၊ မစုရုံးလို၊ ကျဉ်းစေလို၊
မိန့်ဆို ခဏ္ဍသိမ်။

## သိမ်ပျက်(၁၁)လုံး

ငယ်, ကြီး, ကျိုးရိပ်၊ အနိမိတ်၊
ဗဟိတ် တည်သမုတ်၊
မြစ်, သမုဒ်-အိုင်၊ စပ်လွှမ်းတိုင်၊
မခိုင် သိမ်ပျက်ထုတ်။

## သမ္ပတ္တိ(၃)ပါး

နိမိတ်-ပရိသာ-ကမ္မဝါ၊ သုံးဖြာ သမ္ပတ္တိ။

## သိမ်နိမိတ်(၈)မျိုး

တောင်-ကျောက်-တော-သစ်၊ လမ်း-ဖြစ်တောင်ပို့၊
မြစ်-ရေတို့၊ မှတ်ဖို့ နိမိတ်ရှစ်။

## (၁) တောင်နိမိတ်

၁။ နိမိတ်ကြားမူ၊ လူ-သာမညော၊ ရဟန်းပေ၊
သုံးထွေ ကြားအပ်စွာ။

၂။ သက်သက်မြေ, ကျောက်၊ နှစ်ပါးလျောက်၊
မှတ်လောက် တောင်သုံးသာ။

၃။ သုံးပါးလုံးပင်၊ အပ်သည်ပင်၊ မိန့်ရှင် ဌကထာ။

၄။ သဲစုသည်ကား၊ မအပ်ငြား၊ မှတ်သား မသုံးရာ။

၅။ ခုနစ်တောင်ထွာ၊ သုံးလေးပါ၊ ငယ်ရာ မအပ်ပါ။

၆။ ရပ်လေးမျက်နှာ၊ တောင်လေးသာ၊ မှတ်ပါ လေးနိမိတ်။

၇။ ရပ်သုံးမျက်နှာ၊ တောင်သုံးသာ၊ မှတ်ပါ သုံးနိမိတ်။

## (၂) ကျောက်နိမိတ်

၁။ သံချောင်း, သံခဲ၊ ကျောက်လိုပဲ၊ သူ့ထဲ ရေတွက်ဘိ။

၂။ ခုနစ်တောင်ထွာ၊ ပမာဏာ၊ မှတ်ပါ တောင်ဟုသိ။

၃။ ကျွဲနွားတမျှ၊ ပမာဏ၊ သုံးကြ ကြီးဆုံးသိ။

၄။ သုံးကျပ်နှစ်ပဲ၊ လေးကျပ်လဲ၊ ခေါ်မြဲ ပိုလ်ဟုသိ။

၅။ ရွေးသုံးရာကို၊ ပိုလ်မှတ်လို၊ မိန့်ဆို ဝဒန္တိ။

၆။ ရွေးလေးရာကို၊ ပိုလ်မှတ်လို၊ မိန့်ဆို ဘိဓာန်ရှိ။

၇။ ထို့ကြောင့် တပ်အပ်၊ ခြောက်ကျပ်တစ်ပိဿာ၊
မူးသတ္တာ၊ နှစ်ဖြာ ရွေးဟုသိ။

၈။ အလေးမယူရ၊ ပမာဏ၊ မှတ်ကြ သေချာသိ။

၉။ သုံးဆယ့်နှစ်ပိဿာ၊ တစ်နည်းလာ၊ ပယ်ခွာ မဟုတ်သိ။

၁၀။ ကျောက်ဖျာမူကား၊ ကြီးသော်ငြား၊
မှတ်သား ကျောက်ဟုသိ။

၁၁။ အုတ်ကြီး, ငယ်တုံ၊ မြေ, သဲပုံ၊ လုံးစုံ မအပ်သိ။

၁၂။ လက်ဆုပ်လောက်အောက်၊ ငယ်သောကျောက်၊
မှတ်လောက် ကျောက်စရစ်။

၁၃။ ဆင်မျှအောက်ဘက်၊ လက်ဆုပ်ထက်၊
ကြီးလျက် ကျောက်မှတ်လစ်။

## (၃) တောနိမိတ်

၁။ မြက်တောကြဉ်လစ်၊ ပြင်နှစ်ထန်း-အုန်း၊
အသုံးမကျ၊ တွင်းသာရ၊ ပဉ္စ စတုသာ။

၂။ ပဉ္စဟူက၊ တိသာရ၊ ဒွယ နှစ်မပါ။

၃။ စတုဟူက၊ တိ, သာရ၊ ဧက နှစ်မပါ။

၄။ ဋီကာနယ၊ ဖွင့်ကာပြ၊ မှတ်ကြ အထူးလာ။

၅။ "ပဉ္စ ရုက္ခ ဝနံ ဟောတိ"၊ လောကီရှိ၊ မိန့်ဘိ အဘယာ။

၆။ ဝါစာသိလို၌၊ ထို့ကြောင့်ပ၊ မှတ်ကြ စတုမှာ။

၇။ တောအလယ်မှာ၊ ကျောင်းဆောက်ရာ၊ မှတ်ပါ မအပ်သိ။

၈။ သိမ်ပြုချင်လှ၊ ထိုဒေသ၊ ရှင်းက အပ်ဘိ၊ ဝိမတိ။

၉။ ဘယာရာမ၊ အလိုကျ၊ မိန့်ဟ "၌ာ"တိုင်းသိ။

ဋီကာအလို လေးပင်, ငါးပင် ရှိက တောဟူ၏၊ လေးပင်ရှိသော တောတွင် သုံးပင် အနှစ်ရှိ၊ တစ်ပင် နှစ်မပါ၊ ငါးပင်ရှိသောတောတွင် သုံးပင် အနှစ်ရှိ နှစ်ပင် နှစ်မပါ။

အဘယာရာမဆရာတော်ကား "ပဥ္စ ရုက္ခံ ဝနံ ဟောတိ"ဟု ဆိုသောကြောင့် ငါးပင်ရှိမှ တော၊ စတုကား ဝါစာသိလိဋ္ဌ ဟူ၏။

## (၄) သစ်ပင်နိမိတ်

၁။ ပြင်နှစ် ထန်း, အုန်း၊ အသုံးမကျ၊ တွင်းသာရ၊ ဇီဝမာနကာ။

၂။ စောက်လက်ရှစ်သစ်၊ လုံးမှတ်လစ်၊ ကညစ် သီဟိုဠ်သာ။

၃။ ရိုးနှင့်တကွ၊ လက်သန်းမျှ၊ ဖွင့်ပြ ကျမ်းဋီကာ။

၄။ ဝါး-ကျူ-ကျည်-မျိုး၊ အိုးကြီးအိုးငယ်၊ သွယ်သွယ်စိုက်ထား၊ သစ်ပင်များ၊ မှတ်သား မအပ်စပ်။

၅။ သွယ်သွယ်အိုးမှ၊ မြေပြောင်းချ၊ မုချ အပ်ဟုသိ။

၆။ ပင်စည်ကိုဖြတ်၊ စိုက်တုံလတ်၊ မုချ အပ်ဟုသိ။

## (၅) လမ်းနိမိတ်

၁။ တော, လယ်, မြစ်, ကန်၊ သွားဖို့ရန်၊ လမ်းမှန် မအပ်စပ်။

၂။ ခြေလမ်း,လှည်းလမ်း၊ လူဖြတ်သန်း၊ နှစ်လမ်း မှန်အပ်စပ်။

၃။ နှစ် သုံးရွာလောက်၊ ထုတ်ချင်းပေါက်၊ ရောက်မှ မှန်အပ်စပ်။

၄။ ခရိုးဆုံ, ကွဲ၊ တစ်ကြိမ်ထဲ၊ မှတ်စွဲ ပြောကြားအပ်။

## (၆) တောင်ပို့နိမိတ်

၁။ ထိုနေ့ပေါက်လစ်၊ တောက်ရှစ်သစ်၊ မှတ်လစ် နွားချိုမျှ။

၂။ ထို့အောက်ယုတ်လတ်၊ မအပ်စပ်၊ မှတ်အပ် ဝမ္မိက။

## (၇) ရေနိမိတ်

၁။ လှေနှင့်အိုးဝယ်၊ ရေသွယ်သွယ်၊ မြစ်ပယ် မအပ်စပ်။

၂။ ထုံးအိုင်သမုဒ္ဒြာ၊ တွင်းကန်မှာ၊ လေးဖြာ မှန်အပ်စပ်။

၃။ မစီးသွားပေ၊ လေးဖြာနေ၊ သုံးလေ မှန်အပ်စပ်။

၄။ နိမိတ်ကြားဆဲ၊ မတည်မြဲပေ၊ စီးတဲ့ရေ၊
ပယ်လေ မအပ်စပ်။

၁။ နိမိတ်ရှစ်မျိုး၊ တစ်မျိုးသက်သက်၊ မျိုးရောယှက်၊
မိန့်မြွက် အပ်သည်သာ။

၂။ နိမိတ်ကော၊ ဒွိပယ်ချ၊ သုံးက စလေပါ။

နိမိတ်(၈)မျိုးတွင် တစ်မျိုးသက်သက်ဖြစ်စေ, အမျိုးရောယှက်၍ ဖြစ်စေ နိမိတ်ပြုနိုင်သည်၊ နိမိတ်တစ်ခုသာရှိသောသိမ်၊ နှစ်ခုသာရှိသောသိမ် မရှိသင့်၊ နိမိတ်သုံးခုမှစ၍ ရှိနိုင်သည်။

သံပေါက်လက်ာ၊ ပြီးသည်သာ၊ နှုတ်မှာ တွတ်တွတ်ပွား။
ဆရာစဉ်ဆက်၊ နည်းမခက်၊ လုပ်ချက် ရဲစေသား။

မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးဆိုတာ မြန်မာနိုင်ငံတွင်မက ကမ္ဘာမှာ ပေါ်လွင်ထင်ရှား ကျော်ကြားသည့် ဆရာတော်ကြီးတစ်ပါး ဖြစ်သည်။

ယင်းဆရာတော်ဘုရားကြီးက စာပေအယူအဆ မရှင်းလင်းသည့် သိမ်ကိစ္စကို နောင်လာ နောက်သားများ မှတ်ယူစေရန်အတွက်ကြောင့် ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးထံ မေးမြန်းလျှောက်ထားသွားသည်မှာ အနာဂတ်သာသနာအတွက် အတုယူဖွယ် ကြည်ညိုလေးမြတ်စရာ ကောင်းလှပေသည်။ စိတ်နေစိတ်ထား မြင့်မြတ်လှကြောင်း ထင်ရှားပေသည်။

လျှောက်ထားပုံက...

"ယခု ပို့ချဆဲအခါ ကြုံကြိုက်သည်ဖြစ်၍ ဥဒကုက္ခေပသိမ်ဖြစ်ပုံ၊ သတ္တဗ္ဘန္တရသိမ်ဖြစ်ပုံများကို တိုတိုကျဉ်းကျဉ်း လိုရင်း နေရာကျ ပြောပုံကို လျှောက်ထားလိုက်ပါသည်"တဲ့။

ဆက်ပြီးလျှောက်ထားပုံက...

"နဒိယာ ဝါ ဘိက္ခဝေ သမုဒ္ဒေ ဝါ ဇာတဿရေ ဝါ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါ၊ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ။

ဘိက္ခဝေ-တို့၊ နဒိယာ ဝါ-၌လည်းကောင်း၊ သမုဒ္ဒေ ဝါ-၌လည်းကောင်း၊ ဇာတဿရေ ဝါ-အလိုလိုဖြစ်သော

ထုံးအိုင်၌လည်းကောင်း၊ ယံ ဌာနံ-ကို၊ မဇ္ဈိမသဿ-အား အလယ်အလတ်ရှိသော၊ ပုရိသဿ-၏၊ သမန္တဥဒကုက္ခေပါ- ထက်ဝန်းကျင် ရေကစ်ကျဖြင့်၊ ပရိစ္ဆိန္န-ပိုင်းခြားအပ်၏၊ အယံ သီမာ-ဤ အပိုင်းအခြားသည်၊ တတ္ထ-ထိုမြစ် သမုဒ္ဒရာ ဇာတဿရအိုင်တို့၌၊ သမာနသံဝါသာ-တူသော ကံကြီး ကံငယ် ပေါင်းဖော်ခြင်းရှိသော၊ ဧကူပေါသထာ-တူသော ဥပုသ်ကံရှိသော သိမ်မည်၏ ဟူသည်နှင့်အညီ...

ဥဒကုက္ခေပသိမ်မည်သည် လက္ခဏာနှင့် ပြည့်စုံသော မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရခေတ်၌သာ ဖြစ်၏၊ အဘယ်သို့ ဖြစ်သနည်းဟူမူ...

ထိုခေတ်၌ သံဃာ့ကံကို ပြုဆဲအခါ၌ ဖြစ်၏၊ ဖြစ်၏ ဆိုသည်ကား အနုညာတ ပါဠိတော်နှင့်အညီ ဝဂ္ဂကမ္မကို စောင့်ရှောက်ခွင့် ဆိုက်ဆဲသောအခါ၌ ထက်ဝန်းကျင် ရေ တစ်ကျ သဲတစ်ကျ စောင့်ရှောက်ခွင့် အပိုင်းအခြားဖြစ်၍ တည်၏၊ ကံပြုခြင်းကြိယာ မရှိသေးမီ ရှေးအဖို့၌လည်း မဖြစ်။

ဝိမတိ အပရေဝါဒအလိုအားဖြင့် ထိုခေတ်တွင်းသို့ ရဟန်းရောက်ခဲ့လျှင် ကံပြုရဟန်း ဟုတ်ဟုတ်-မဟုတ်ဟုတ် ထိုရဟန်းကို ဝန်းဝိုင်း၍ ဥဒကုက္ခေပသိမ်၏ဟု ဆိုလို၏။

တတ္ထကံ ယေဝ ပရိစ္ဆေဒံ အနတိက္ကမိတ္វာ ဌိတောဂ်ိ ကမ္မံ ကောပေတိ ယေဝ။ ဟူသော မာတိကာ အဋ္ဌကထာ၌ ဌိတော အရကို ရဟန်းသာမန်ကို ယူ၏၊ ကင်္ခါဋီကာဟောင်း

သာရတ္ထ၊ ဝိမတိတို့အလို ထို ဋီကာ အရမှာ ကံပြုသော သံဃာကိုသာ ယူ၏၊ သင့်မြတ်ပေ၏။

ဝိမတိဆရာအလိုအားဖြင့် ကံပြုလို၍ သိမာပေက္ခ စိတ် ဖြစ်မှသာ ဥဒကုက္ခေပသိမ် ဖြစ်၏၊ သိမာပေက္ခစိတ် အထူးမဖြစ်မူ၍ အမှတ်တမဲ့ ကံပြုခဲ့သော် နဒီမှာ ဖြစ်အံ့၊ နဒီသိမ်၌ အပြုဖြစ်၏၊ သမုဒ္ဒရာ ဖြစ်အံ့၊ သမုဒ္ဒရာသိမ်၌ အပြု ဖြစ်၏၊ ဇာတဿရ၌ အပြုဖြစ်၏ ဟူလို၏။

ဤဝိမတိအလိုမှာ သိမာပေက္ခစိတ် အထူးမဖြစ်မူ၍ သမုဒ္ဒရာသိမ်၌ပင် အပြုဖြစ်၍ နေခဲ့သော် သမုဒ္ဒရာလေးစင်း တစ်ပြင်လုံးသည် တစ်သိမ်တည်း ဖြစ်၏၊ နဒီ ဇာတဿရ တို့၌လည်း ဤအတူတည်း။

ကံပြုတွင်းသို့ မရောက်မီ ရှေးအဖို့ကပင် သိမာပေက္ခ ဖြစ်လျှင် သိမ်ဖြစ်၏၊ ကံပြုပြီးသောနောက်၌လည်း သိမာပေက္ခ စိတ် ရှိသေးလျှင် သိမ်ရှိသေး၏ဟု အဓိပ္ပာယ်ကျ၏။

ထိုနှစ်ဝါဒလုံးပင် မသင့်၊ ပါဠိတော်အရမှာ ကံကြီး ကံငယ် ပြုဆဲအခါ ဖြစ်၍ ဝဂ္ဂကမ္မကို စောင့်ရှောက်သုတ်သင် ခွင့် ဆိုက်ဆဲအခါ စောင့်ရှောက်သုတ်သင်ရန် အပိုင်းအခြားကို ပညတ်ထားတော်မူခါမျှသာ ဖြစ်သည်။

ထို့ကြောင့် ကံပြုမှု မရှိသောအခါ ထိုအပိုင်းအခြား မဆိုင်ပေ။

လက္ခဏာမြောက်သော ခေတ်လည်း ဖြစ်စေ၊ ကံကြီး ကံငယ်မှု ပြုဆဲလည်း ဖြစ်စေ၊ ဤအင်္ဂါနှစ်ပါး ပြည့်စုံလျှင် ဥဒကုက္ခေပသိမ် ဖြစ်၏၊

ဤမျှသာ အင်္ဂါဆိုသင့်သည်၊ ကံပြုဆဲမှ ရှေးအဖို့ နောက်အဖို့၌ သီမာပေက္ခကို ပြုသော်လည်း သိမ်အခွင့် မရှိ၊ သိမ်မဖြစ်၊ ထိုအင်္ဂါနှစ်ပါး စုံညီဆဲအခါ သီမာပေက္ခ မရှိသော်လည်း ပညတ်တော်အရ ဧကန္တ သိမ်ဖြစ်၏၊ ဤသိမ်ကို လွတ်၍ သက်သက်သော နဒီ, သမုဒ္ဒရာ, ဇာတဿရသိမ်ဟူ၍ မရှိပြီ။

ဤ ဥဒကုက္ခေပသိမ်ကိုပင် နဒီသိမ်, သမုဒ္ဒသိမ်, ဇာတဿရသိမ်ဟူ၍လည်း ဆိုရ၏။

ကံပြုဆဲမဟုတ်သော သံဃာသည် ကံပြုဆဲသံဃာ၏ ဥဒကုက္ခေပပမာဏ၏ အပ၌ တစ်တောင့်ထွာ ခွာ၍ တစ်ရာ တစ်ထောင် ဝိုင်းဝန်း၍ နေသော်လည်း ကံမပျက်။

ဤကား ဥဒကုက္ခေပသိမ်၌ အတ္တနောမတိ၊ အပရေဝါဒ၊ ဝိမတိဝါဒ သုံးပါးကို ပြဆိုသော စကားရပ်တည်း။

သတ္တဗ္ဘန္တရသိမ်၌လည်း...

**အဂါမကေ ဘိက္ခဝေ အရညေ သမန္တာ သတ္တဗ္ဘန္တရာ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ။**

ဘိက္ခဝေ- တို့၊ အဂါမကေ- သော၊ အရညေ- ၌၊ သမန္တာ-သံဃာထက်ဝန်းကျင်၊ သတ္တ-ခုနစ်သီကုန်သော၊

အဗ္ဘန္တရာ-နှစ်ဆယ့်ရှစ်တောင်မျှ အဗ္ဘန္တရတို့သည်၊ သန္တိ-ရှိကုန်၏၊ အယံ သီမာ-ဤသံယာ့ပြင် ထက်ဝန်းကျင် နှင့်အဗ္ဘန္တရ အပိုင်းအခြားသည်၊ တတ္ထ - ထို ရွာမနီးသော တောကြီး၌၊ သမာနသံဝါသာ-သော၊ ဧကူပေါသထာ-မည်၏။...

ဟူသည်နှင့်အညီ သတ္တဗ္ဘန္တရသိမ်မည်သည်ကား... လက္ခဏာနှင့် ပြည့်စုံသော အရပ်ခေတ်၌သာ ဖြစ်၏၊ အဘယ်သို့ ဖြစ်သနည်းဟူမူ...

ထိုခေတ်၌ သံယာ့ကံကို ပြုဆဲဖြစ်သော ဝဂ္ဂကမ္မကို စောင့်ရှောက်ခွင့် ဆိုက်ဆဲအခါ၌ သံဃာမှ ထက်ဝန်းကျင် ခုနစ်အဗ္ဘန္တရ စောင့်ရှောက်ခွင့် ဆိုက်ဆဲအခါ၌ သံဃာမှ ထက်ဝန်းကျင် ခုနစ်အဗ္ဘန္တရ စောင့်ရှောက်ခွင့် အပိုင်းအခြား ဖြစ်၍ တည်၏။

ကံပြုခြင်းကြိယာ မရှိမီ ရှေးအဖို့၌လည်း မဖြစ်၊ ကံပြုခြင်းကြိယာ ပြီးဆုံးသည်မှ နောက်၌လည်း မရှိ၊ ကံပြုခြင်းကြိယာမရှိသောအခါ၌လည်း မဖြစ်။

ဤကား အတ္တနောမတိတည်း။

အပရေဝါဒ၊ ဝိမတိဝါဒတို့လည်း ဥဒကုက္ခေပ၌ ပြဆိုခဲ့ပြီးသော နည်းအတိုင်းပင်။

အထူးကား... စီဝရဝိပ္ပဝါသရက္ခဏဝိမိ မာတိကာ တစ်ဆယ့်ငါးရပ်တွင် အဂါမက အရည၌ သတ္တဗ္ဘန္တရ အပိုင်းအခြားကို ပညတ်ထားတော်မူသောကြောင့် ကံပြုသောအခါ

မဟုတ်သော်လည်း စီဝရဝိပ္ပဝါသ စောင့်ရှောက်မှုမှာ ထို အပိုင်းအခြား အရဏ်တက်ဆဲအခါ ဆိုင်ပြန်၏။

အပရေဝါဒမှာ စီဝရဝိပ္ပဝါသ သတ္တဗ္ဘန္တရသည်လည်း သတ္တဗ္ဘန္တရသိမ်ပင် ယူ၏။

ဝိမတိဆရာကား တခြားစီ ယူ၏၊ အတူတူပင် ယူသင့်သည်။

ဝိမတိအလို စီဝရဝိပ္ပဝါသ သတ္တဗ္ဘန္တရမှာ အပွားမရ၊ အပရေဝါဒအလို၊ သံဃာပွားတိုင်း ပွား၏၊ ဥဒ္ဒေါသိတသိက္ခာပုဒ် အဋ္ဌကထာမှာလည်း သံဃာပွားလျှင် ပွားသည်ကို ဆက်၍ ဆိုချက်ပါ၏။

သက်န်း ရှင် ရဟန်းသည် အရဏ်တက်ဆဲအခါ သံဃာအများနှင့် ကံပြုရာ ပါဝင်ခဲ့မူ သံဃာအတွက် ကံအတွက်နှင့်ပွားသော သတ္တဗ္ဘန္တရ အပိုင်းအခြားသည် သက်န်း အစောင့်အရှောက်ရ၏၊ ကံပြုမူ အဖော်သံဃာ မရှိသော အရဏ်မှာ မိမိမှ ထက်ဝန်းကျင် ပကတိ သတ္တဗ္ဘန္တရသာ ရ၏၊ ဤမျှသာ ထူးကြ၏။

ဝိမတိအလို ဆက်၍ဆိုသော ထိုအဋ္ဌကထာစကားသည် စီဝရဝိပ္ပဝါသ သတ္တဗ္ဘန္တရနှင့် သံဃကမ္မ သတ္တဗ္ဘန္တရ အထူးပြသည်ဟု ယူလို၏။

ဝိမတိ၌ သီမာပေက္ခ မရှိလျှင် တစ်ခုသော တောတစ်ပြင်လုံးသည် အရညသိမ်တစ်ခုသာ ဖြစ်၏ဟု ဆို၏၊

ေသင့်။

ပါဠိတော် အဋ္ဌကထာတို့၌ သိမာပေက္ခ ဒႇနိမထင်၊ ထိုအရည္ခေတ်မှာ ဗဒ္ဓသိမ်သမုတ်၍ မဖြစ်ဟု ဆို၏၊ မသင့်။

ဝိပ္ပတ္တိသိမ်တစ်ဆယ့်တစ်ပါးတွင် အရညေ သမ္မတာ ဟု မပါ၊ စီဝရက္ခန္ဓကမှာ လာသော မာတိကာတစ်ဆယ့်ငါးပါး တွင်လည်း သီမာယ ဒေတိ ၌ ဥဒကုက္ခေပ သတ္တဗ္ဘန္တရသိမ် နှစ်ပါး ပါ၏။

ထိုသိမ်တို့၌ ကံပြုဆဲ သံဃာကို ရည်သည် ဤသို့ အတ္တနောမတိ၊ ဝိမတိ၊ အပရေ သုံးထွေ သုံးပါး ကွဲပြားလျက် ရှိနေသည်ကို ကျန်းမာ၍ အခွင့်ရသောအခါ ဆင်ခြင်တော် မူ၍ ဘယ်အယူ သင့်မြတ်သည်ဟူ၍လည်းကောင်း၊ သို့တည်း မဟုတ် တစ်မျိုးမျှပင် သင့်မြတ်ခွင့်ကို ထင်မြင်တော်မမူလျှင် လည်း ဘယ်လို သင့်မြတ်သည်ဟူ၍လည်းကောင်း အမိန့် တော် ရှိသည်ကို နာခံလိုပါသည်ဘုရား။

မုံရွာလယ်တီ

(ဝိသုဒ္ဓါရုံအဆုံးအဖြတ် နှာ-၃၉)

## ကျေးရှုးရှင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက မုံရွာလယ်တီဆရာတော်အမေးကို ပြန်လည်ဖြေကြားပုံ

**ပရိစ္ဆေဒတော ဗဟိ အညံ တတ္ထကံ ယေဝ ပရိစ္ဆေဒံ အနတိက္ကမိတွာ ဌိတောပိ ကမ္မံ ကောပေတိ။...**

ဟူသော မာတိကာ အဋ္ဌကထာ၌ ကံပြုမည် ထွက်သွားသော ရဟန်းဟု ဆိုနိုင်ဖွယ်ရာ အဋ္ဌကထာရိပ် မရှိသောကြောင့် သတ္တဗ္ဘန္တရသိမ်၊ စီဝရဝိပ္ပဝါသ အရာ၌ သံယာပွားတိုင်း ပွား၏ဟူသော စကားကို ချန်လှပ်၍ ဥဒကုက္ခေပ သတ္တဗ္ဘန္တရသိမ် နှစ်ပါးလုံး၌ပင် အပရေဝါဒ သင့်မြတ်ပေသည်ဟု ထင်မြင်သဘောကျပေသည်။ (ဤကား အကျဉ်း)

**မှတ်ချက်။ ။အကျယ်ထဲမှ အကျဉ်းချုံး၍ ထပ်မံပြရလျှင်...**

**အဂါမကေ ဘိက္ခဝေ အရညေ သမန္တာ သတ္တဗ္ဘန္တရာ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ။**

ဘိက္ခဝေ-တို့၊ အဂါမကေ-ရွာမနီးသော၊ အရညေ-တောကြီး၌၊ သမန္တာ-ထက်ဝန်းကျင်၊ သတ္တဗ္ဘန္တရာ-တို့သည်၊ သန္တိ-ကုန်၏၊ အယံ သီမာ-သည်၊ တတ္ထ-ထိုလူမနီးသော တောကြီး၌၊ သမာနသံဝါသာ-သော၊ ဧကူပေါသထာ-မည်၏။ ...ဟု သတ္တဗ္ဘန္တရကို ကွက်၍ နုတ်သဖြင့် မြစ်တစ်စင်းလုံး သိမ်မဟုတ်သကဲ့သို့ တစ်တောလုံး သိမ်မဟုတ်ဟူ၍လည်း သိသာထင်ရှား၏။

ဤသို့ သဘောယုတ္တိ သင့်သောအနက်ရှိပါလျက်နှင့် ယုတ္တာယုတ္တိ မရှိ ပဏ္ဍိတတို့ ရယ်ဖွယ်ရာ၊ သီမာပေက္ခ မရှိဘဲ ကံပြုမိလျှင် မြစ်တစ်စင်းလုံး သမုဒ္ဒရာ လေးစင်းလုံးရှိ သံဃာကို သိမ်းရုံးနိုင်ပါမှ ဝဂ္ဂကံ မဖြစ်၊ ကံအောင်သည်။

မသိမ်းရုံးနိုင်လျှင် မအပ်ဟု အပတ်တကုတ် အရာ မဟုတ်ရာ၌ အားထုတ်၍ ကြံစည်ရေးသားရသဖြင့် ပင်ပန်း တော်မူရှာရလေသည်။

သတ္တဗ္ဘန္တရသိမ်၌ အနဝတတ်အိုင် သီဟမုခစသော ပြွန်ကြီးလေးပြွန်မှ ထွက်၍ တောင်ဘက် ဆားငန်သမုဒ္ဒရာ သို့ စီးဆင်းလာခဲ့သော အာဝဋ္ဋ ဂင်္ဂါစသည်တို့၏ အဆုံး ဥမင် ဂင်္ဂါကို ဖီလာဆီးတောင်ကြီးကို ဝိဉ္ဈာစလ ဟူ၏၊ ထို ဝိဉ္ဈ တောင်၌ တည်သော၊ ထိုဝိဉ္ဈာတောင်၏ တည်ရာတောသည် ဝိဉ္ဈာဋဝီ မည်၏။

ထိုဝိဉ္ဈာဋဝီတောနှင့် အလားတူ လူတို့ နေ့ချင်းပြန် မသွားရောက်နိုင်သော တောကို “ဝိဉ္ဈာဋဝိသဒိသေ အရညေ” ဟု အဋ္ဌကထာ၌ မိန့်ဆို၏။

ထို တော၌ ရအပ်သော သတ္တဗ္ဘန္တရသိမ်လည်း ဥဒကုက္ခေပသိမ်ကဲ့သို့ပင် ရဟန်းသံဃာတို့ ရောက်ရာ ပတ်လည်ဝန်းကျင်အရပ်၌ သတ္တဗ္ဘန္တရအပိုင်းအခြားအတွင်း ကံပြုသည့်အခါ ဖြစ်စေ၊ ကံမပြုသည့်အခါ ဖြစ်စေ သတ္တဗ္ဘန္တရ သိမ် ဖြစ်၍ နေတော့သည်။

**သမန္တာ သတ္တဘာန္တရာ၊ အယံ တတ္ထ သမာနသံဝါသာ** ကော့ပေါသထာ-ဟု ဟောတော်မူသော်လည်း ကံပြုသည့်အခါ၌သာ သတ္တဗ္ဘန္တရသိမ် ဖြစ်သည် မဟုတ်၊ ကံမပြုသည့်အခါလည်း ဗဒ္ဓသိမ်၊ ဂါမသိမ်များ အသုံးမကျသော်လည်း ထာဝရသိမ်ဖြစ်နေသကဲ့သို့ ရဟန်းသံဃာ ရောက်ရာ သတ္တဗ္ဘန္တရအပိုင်းအခြားဖြစ်၍ သတ္တဗ္ဘန္တရသိမ်ဟု ခေါ်ဝေါ်ပညတ်သမုတ်အပ်တော့သည်သာ။

ဤသတ္တဗ္ဘန္တရ အရာ၌ ကံပြုခြင်းသည် သံဃာ့အမှု၊ စီဝရဝိပ္ပဝါသသည် သက်နီးရှင်ပုဂ္ဂိုလ်အမှု ဖြစ်သောကြောင့်လည်းကောင်း၊

ဂါမေနိဝေသနေ ဥဒ္ဒေါသိတပါသာဒဟမ္မိယေ- စသော အဝိပ္ပဝါသ တစ်ဆယ့်ငါးဌာနတွင် ဇယ်သတ္ထ, သကဋသတ္ထသို့ ရဟန်းသံဃာ မဝင် မပါသောကြောင့်လည်းကောင်း၊

ဝိမတိဋီကာ ဆုံးဖြတ်သည့်အတိုင်းပင် သတ္တဗ္ဘန္တရအထူးကို မှတ်ယူသင့်ပေသည်။ သတ္ထသို့ သံဃာ မပါသည်ကိုလည်း ပဥ္စင်းငယ်တို့ လက်၌ တိစီဝရိက်ကို အပ်ထား၍ ခရီး အတူသွားကြသည်ကို ဆိုသော အဋ္ဌကထာစကားဖြင့် သိအပ်၏။

ဇင်း တစ်ဆယ့်ငါးဌာန၌ မြစ် မပါ၊ ကေကုလသဿ နာဝါ ဟောတိ- စသည်ဖြင့် ပါဠိတော်၌ နာဝါ ပရိဟာရလည်း လာ၏။

**ဣတော ပဉ္စာယ စ နိဝေသနေ ဝုတ္တနယေနေဝ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။**

ဣတော-ဤစုကားရပ်မှ၊ ပဉ္စာယ စ- စ၍လည်း၊ နိဝေသနေ-အိမ်၌၊ ဝုတ္တနယေနေဝ-ဖြင့်သာလျှင်၊ ဝိနိစ္ဆယော-ကို၊ ဝေဒိတဗ္ဗော-၏။...

ဟူ၍ နာဝါပရိဟာရတိုင်အောင် အဋ္ဌကထာလည်း ညွှန်း၏၊ ထိုသို့ ဖြစ်ပါလျက် သတ္ထပရိဟာရ၌...

**သစေ သတ္ထော ဂစ္ဆန္တော ။ လ ။ အထ ဂါမေ ဝါ နဒိယာ ဝါ ပရိယာပန္နော ဟောတိ အန္တောပဝိဋ္ဌော၊ ဂါမပရိဟာရော စေဝ နဒီပရိဟာရော စ လဗ္ဘတိ။**

သတ္ထော-ကုန်သည်သည်၊ ဂစ္ဆန္တော-သွားသည်ရှိသော် ။လ။ အထ-ထိုသို့မဟုတ်မူ၊ ဂါမေ ဝါ-၌သော်လည်းကောင်း၊

နဒိယာ ဝါ-၌သော်လည်းကောင်း၊ ပရိယာပန္နော-အကျုံးဝင်သည်၊ အန္တောပဝိဋ္ဌော-အတွင်းဝင်သည်၊ သစေ ဟောတိ-အံ့၊ ဂါမပရိဟာရော စေဝ-ရွာအစောင့်အရှောက်ကိုလည်းကောင်း၊ နဒီပရိဟာရော စ-မြစ်အစောင့်အရှောက်ကိုလည်းကောင်း၊ လဗ္ဘတိ-၏။...ဟူသော အဋ္ဌကထာ၌ နဒီပရိဟာရကို အသင့်ယုတ္တိရအောင် ကြံစည်ရမည် ခဲယဉ်းလှ၏။ ဋီကာများမှာ မည်သို့ဖွင့်သည်ဟု မမှတ်မိပေ။ ဂါမ ဥဒကုက္ခေပ၊ သတ္တဗ္ဘန္တရ သိမ်တို့၌ ဤဆိုခဲ့ပြီးသည့်အတိုင်း သဘောကျရင်းရှိပေသည်။

**မှတ်ချက်။** ။မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ပြန်လည် ဖြေကြားချက် ဖြစ်ပါသည်။

၁၃၄၆ ခု နတ်တော်လဆန်း (၇)ရက်
မင်းဘူးမြို့ သာသနာ့အောင်မြေကျောင်းတိုက်

# ဓမ္မပဇ္ဇောတသိမ်အောင်ဩဘာစာ

ရေးသားသူ
မြောင်းမြမြို့ တိုက်သစ်ပဇ္ဇောတာရုံ
ပန်းကုံးကျမ်းပြုရှင်
**ဆရာတော်-ဦးကုမာရ**

***

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

မင်္ဂလာအောင်ဟိတ်၊ အောင်နိမိတ်တလူလူ၊ အောင်အတိတ် တံခွန်ထူသည်၊ အောင်မြင်သူတို့၏ ထိပ်ပန်း၊ ရဟန်းတို့၏ ဆရာ၊ ပြဟ္မာတို့၏ ဥက္ကဋ္ဌ၊ နတ် လူတို့၏ သခင်၊ ဘုရင်တို့၏ ထွတ်ထား၊ ဂုဏ်အများ ယှက်ဝေ၊ မြတ်ဘုရားသုံးလူ့ဆွေသည်...

**ကိံ မေ ဧကေန တိဏ္ဏေန, ပုရိသေန ထာမဒဿိနာ၊**
**သဗ္ဗညုတံ ပါပုဏိတွာ, သန္တာရေဿံ သဒေဝကံ။**

မိန့်ခွန်းတော် ဒေသနာသံကို၊ အတန်တန် ကြုံးဝါးလျက်၊ သုံးပါးသော ဘုံအတွင်းဝယ်၊ ပူပြင်းလှ ခန္ဓာဝန်ကို၊ မလွန်ဆန် ထမ်းဆောင်၊ အမိုက်မှောင်လွှမ်းဖုံး၊ မှားမဆုံး တရားကွာ၊ များပြားလှ ဝေနေယျာကို၊ ချစ်ကြင်နာ သနား၊ ကရုဏာ

ကြီးစွာထား၍၊ လမ်းစဉ်မှား ပယ်စွန့်ခွာ၊ လမ်းမှန်သာ ကျင့်စေလျက်၊ မိုက်အမျက် ဟပ်ခြင်းကွာ၊ ဘေးရန်ဝေး အေးရိပ်သာ၊ ပြည်ခေမာ အောင်မြို့သို့၊ သယ်ဆောင်ပို့ ကယ်တင်၊ အလိုတော် စွမ်းအင်ကြောင့်၊ လက်တွင်းဝင် အအေးဓာတ်၊ ပယ်စွန့်လွှတ် အမြင်သန်၊ သဗ္ဗညုဉာဏ် ရလို့မှုဖြင့်၊ ဘုရားဆုကို ပန်ဆင်ခဲ့ပါကြောင်း။

ယင်းသို့ သဗ္ဗညုဘုရား၊ ဖြစ်လိုသည့် စိတ်ထားကြောင့်၊ သုံးပါးဆယ်လီ၊ ပါရမီစာဂ၊ စရိယတို့ကို၊ များလှတွက်ရေ၊ သင်္ချေလေးရပ်၊ တစ်သိန်းကပ်တိုင်၊ ကြံ့ခိုင်သော စိတ်ထားဖြင့်၊ ကိုယ်အားရှိသလောက်၊ ဉာဏ်အားပါ ကူထောက်လျက်၊ လျှမ်းလျှမ်းတောက် ဖြည့်ကျင့်၊ ရင့်ထက်ရင့်-မာထက်မာ၊ ဘဒ္ဒကပ် ဤကမ္ဘာဝယ်၊ ဉာဏ်ပညာ စိန်လက်နက်ဖြင့်၊ ကိလေသာ ပြိုကာ ပျက်အောင်၊ ဖြိုကာ ဖျက် မြစ်မချန်၊ ဘုရားဉာဏ် အကုန်ရ၊ ဂုဏ်ပေါင်းစုံ ကိုယ်ဝယ်ခလျက်၊ လောကမှာ ထင်အရှား၊ ဘုရားအစစ် တကယ်ပင် ဖြစ်ခဲ့ရပါကြောင်း။

ဘုရားပွင့်က သာသနာ၊ ပေါ်ပေါက်လာ မချွတ်၊ ကျင့်ကြံသူ ပရိယတ်လည်း၊ ခိုဆည်းကပ် မစဲ၊ ရှိစမြဲပေမို့၊ သုံးပါးတွဲ သရုပ်လာ၊ ဘုရားမှာ တစ်ဆူ၊ ဘက်မပြူ ပြိုင်သူလွင့်၊ သင်ယူသင့် ပရိယတ်၊ ပဋိပတ် အကျင့်မှန်၊ ပဋိဝေ မြတ်နိဗ္ဗာန်ဟု၊ ဤသုံးတန် သာသနာ၊ ကွဲပြားလာ တစ်ခန်း၊ ပရိယတ် ကျင့်ဝန်ထမ်းမှာ၊ ရဟန်းတစ်လီ၊ ဘိက္ခုနီတခြား၊ လူယောကျ်ားဘာဝ၊

လူမိန်းမ တစ်စု၊ ဤလေးခု ကေန်၊ မှန်ပေသည့် ကျမ်းအလာ၊ သာသနာဝန်ထမ်း၊ ရဟန်း ဘိက္ခုနီ၊ ဟူသည်တို့မှာ၊ တော်စွာ လျော်စွာ၊ သာသနာကိစ္စ၊ ရှိသမျှတို့ကို၊ မုချပြီးတိုင်၊ ရွက်ဆောင် နိုင်ကြသည် မဟုတ်ပါ။ ရှိသမျှ သံဃာ၊ သဘောတူ ညီညွတ် မှသာလျှင်၊ ကမ္မာ ကမ္မ၊ ပြုဖွယ်ရာ ရှိသမျှတို့၊ ကိစ္စ ကုန်စင်၊ အောင်မြင် ထမြောက်နိုင်ပါကြောင်း။

ဤအကြောင်းထောက်စာ၊ များသံဃာအကုန်လုံး၊ ပါဝင် စေ စုရုံးလျက်၊ စည်းလုံးညီညွတ်၊ ဟတ္ထပါသ်ရောက်အောင်၊ ပင့်ဆောင်ရန် အမှုမှာ၊ သံဃာထု များအပြား၊ ပြန့်စည်ကား လာသည့်အခါ၊ ဖြစ်နိုင်ဖွယ်ရာ မရှိပါ၍၊ စောဗုဒ္ဓါ မြတ်ဘုရား က၊ သံဃာများ အလွယ်၊ ကံပြုဖို့ ရည်ရွယ်၍၊ ကြီးအငယ် များအပြား၊ ပိုင်းအခြား သိမာ၊ ခွင့်ပြုတော်မူခဲ့ရပါကြောင်း။

ယင်းသို့ ခွင့်ပြု၊ သိမ်တစ်ခုခု ရှိမှသာ၊ ရှင်ပြုနှင့် ရဟန်းခံ၊ ကံဆောင်ရန် မှုကိစ္စ၊ အနေကျ ဆောအလျင်၊ အခြေလှ ပြီး အောင်မြင်၍၊ ရဟန်း ရှင် မီးနေခန်း၊ ခေါ်ညွှန်းသင့် အဟုတ်၊ ဥပုသ်နှင့် ပဝါရဏာ၊ ကထိန်လျှာ ဥတ်သက်န်း၊ ပေးကမ်းသည့် မှုကိစ္စလည်း၊ သိမ်ရှိမှ အဆင်ပြေ၊ အောင်မြင်လေ မုချ၊ ဤ အကြောင်းကို ထောက်ဆလျှင်၊ သမဏ ကုန်စုံဆိုင်၊ ခေါ်ဆို နိုင် တစ်တန်၊ ကြီးလေးလွန် ပြစ်အနာ၊ ချို့ရဟန်းသံဃာမှာ၊ သံဃာဒိသေသ် သင့်ခဲ့ပါလျှင်၊ သိမ်မပါ ကုမရ၊ သိမ်ဝင်မှ ပြစ်အနာ၊ ရှင်းရှင်းကွာ ကင်းစင်သွား၊ သို့ခြင်းရာ ထောက်ထား က၊ ရဟန်းများ ဆေးရုံ၊ ညွှန်းဆိုပုံ လျောက်ပတ်၊ ဘုရားမြတ်

မိန့်အာဏာ၊ ဒေသနာ ဆောင်ပြီ၊ ကျင့်မညီ ပြုလုပ်၊ အလဇ္ဇီ ရဟန်းယုတ်တို့ကို၊ သုတ်သင်ရန် မှုကိစ္စမှာလည်း၊ သိမ်ရှိမှ အထွေထွေ၊ မှုကိစ္စ ပြီးပြေ၍၊ အောင်ရပ်မြေထွတ်ဖူး၊ ခေါ် ချီးကျူး သင့်တန်၊ ဖော်ပြည္ဟန် အထပ်ထပ်၊ ကြောင်းမျိုးစုံ သုံးသပ်က၊ အရပ်ရပ် သာသနာ၊ မှုကိစ္စ အဖြာဖြာတို့၊ သိမ်မပါ ရေးမရောက်၊ သိမ်ပါမှ ပြီးမြောက်သဖြင့်၊ ထွန်းတောက်လင်း သာသနာ၊ စည်ပင်မည့် ရေးအရာမှာ၊ သိမ်ကသာ အခြေခံ မူလ ဖြစ်ပါကြောင်း။

ယင်းသို့ သာသနာတော်၏ ပဘဝ၊ ရင်းအမြစ် အလွန် ကျ၍၊ လိုအပ်လှ မှန်စွာ၊ သိမ်ဟူသည်မှာလည်း၊ စောမြွတ်စွာ ဗုဒ္ဓက၊ မိန့်အာဏာ နှုတ်လျှာဟလျက်၊ ထုတ်ကာပြ ပိုင်းအခြား၊ သိမ်တစ်ပါး အဗဒ္ဓ၊ လေးပါးမြွတ် ဂိုဏ်းသံဃာ၊ သိမ်သမုတ် ကမ္မဝါကို၊ သေအချာ ရွတ်ဖတ်လျက်၊ သမုတ်အပ် သိမ် တစ်ဖြာ၊ မည်သညာ ဗဒ္ဓ၊ ကွဲပြားရ ဇကန်၊ နှစ်တန် နှစ်ဝ၊ ယင်း သီမတို့တွင်၊ အဗဒ္ဓ မျိုးအစားမှာ၊ ဂါမသိမ် တစ်တန်၊ သတ္တဗ္ဘန် တစ်ထွေ၊ ဥဒကုက္ခေ တစ်ရပ်၊ သုံးပါးသာ ပြားပါ လတ်၍၊ နောက်တစ်ရပ် သိမ်ဗဒ္ဓမှာမူ၊ သမာန အဝိပ္ပာ၊ နှစ်ပါး သာ ပြားလတ်၊ စကားစပ် ကျယ်ချဲ့ကာ၊ မည်မျှပင် ဆိုခဲ့ပါ လည်း၊ ခုအခါ ပြုလုပ်ကြ၊ သိမ်ဗဒ္ဓ ဟူသည်မှာ၊ ဆယ့်တစ်ဖြာ သိမ်ပျက်၊ ပြစ်မစွက် ကျော်လွန်၊ သုံးတန်သော သမ္ပတ္တိ၊ စုံညီညို ပြည့်သည်မှန်လျှင်၊ ဧကန်ပင် အောင်မြင်ရပါကြောင်း။

ဆိုခဲ့ပြီး ကြောင်းအရာ၊ အခြေပြု ထောက်ထားပါ၍၊ မြစ်ဧရာ ကွေ့ကာဆိုင်း၊ မကွေးတိုင်း ဝင်အပါ၊ မုန်းနှင့်မန်း မြစ်နှစ်ဖြာတို့ ပူးဝင်ရာ ဌာန၊ တည်ရှိပုံ ကြောင်းထောက်ဆ၍၊ ရှေးကာလ ခေတ်အခါ၊ ခေါ်ဝေါ်လာ မန်းပူး၊ ခုခေတ်မှာ သံပြောင်းကူး၍၊ မင်းဘူးမြို့ ခေါ်ညွှန်း၊ လူမျိုးစုံ စုဆုံပြွမ်းသည့်၊ ဗိုလ်ချုပ်လမ်း အိမ်ဂေဟာ၊ အခြေကျ နေထိုင်လာသည့်၊ ဒါယကာ ဦးသန့်စင်၊ အလှူ့ရှင် ဒေါ်စိန်ပု၊ စိတ်ကြည်ရွှင် မိသားစုက၊ သာသနာပြု မြတ်ကုသိုလ်၊ ပြုလုပ်ရန် အလိုရှိ ပါကြောင်း၊ သိမ်ဆောက်ရန် ခွင့်တောင်း၍၊ အကြောင်းကြောင်း ရှုမျှော်၊ ပရိယတ္တိ တတ်သိထင်ပေါ်၊ ပဋိပတ်လည်း ကျင့်ဝတ် မချော်၊ တရားဓမ္မ ဟောပြကျော်မော်၊ ဦးမာနိတ နာမထင်ပေါ်၊ သာသနာ့အောင်မြေကျောင်းတိုက် ဆရာတော်က၊ သင့် လျော်ရာ ဌာန၊ အလျားက ပေလေးဆယ်၊ ပေသုံးဆယ် အနံ၊ သင့်တော်အောင် စီမံ၍၊ သိမ်ဆောက်ရန် မြေအရပ်ကို၊ သေအချာ သတ်မှတ်၍၊ ပေးအပ်ခဲ့ပါကြောင်း။

ယင်းသို့ သတ်မှတ်၊ ထိုမြေရပ်ဝယ်၊ ဖော်ပြအပ် သိမ် ပျက်တွင်၊ ပါအဝင် ထင်အလင်း၊ သိမ်အချင်းချင်း ရောယှက်၊ သိမ်ဟောင်းထက် လွှမ်းမိုး၊ ပြစ်အမျိုး ပျက်ပြယ်၊ ဆထက်တိုး လွန်စင်ကြယ်ဖို့ ကြံရွယ်ကာ အားထုတ်၊ ဦးမာနိတဆရာတော်၊ သင့်အလျော် ခေါင်းဆောင်လုပ်လျက်၊ သမုတ်မည့် မြေအပြင်၊ နယ်လေးရပ် ပတ်ဝန်းကျင်၊ မြက်သစ်ငုတ် ရှင်းလင်းထွင်၊ မြေညီကြ တလင်းသွင်၊ ပြုလုပ်ကြ အကုန်ပင်၊ တင့်တယ်လှ

မြေအပြင်ဝယ်၊ ပီပြင်ပြင် ထင်အရှား၊ ကိုးပေကွက် ညီညာစွာ၊ သေအချာ ရေးသား၍၊ ပင့်လျှောက်ထား ကောင်းစွာ၊ ကြွလာကြ ညီညွတ်စွာ၊ နှစ်ဆယ့်တစ် ထေရ်သံဃာတို့၊ တစ်ကွက်မှ ဆယ်ပါး၊ ချင်းချင်းငြိ မထိပါးအောင်၊ သတိထား ကောင်းစွာ၊ အကွက်ရှိသမျှ အကုန်ပါအောင်၊ ဝိနယာ နည်းမချွတ်၊ သံဃာကုန် ခြေစုံရပ်လျက်၊ အထပ်ထပ် အခါခါ၊ အဝိပ္ပဝါ, သမာန၊ သမူဟနန ကမ္မဝါကို၊ ဆက်တွဲကာ ဖတ်ကြလျက်၊ စွမ်းအားရှိသမျှ သိမ်နုတ်မှုကို ပြုလုပ်တော်မူကြပါကြောင်း။

ထို့နောက်သေချာ၊ ချိန်အခါတွက်စစ်၊ သက္ကရာဇ်ဂေါစာ၊ ထောင့်သုံးရာလေးဆယ့်ခြောက်၊ သာသနာနှစ် ရောက်အလာ၊ နှစ်ထောင့်ငါးရာနှစ်ဆယ့်ရှစ် ခေတ်အခါဝယ်၊ ဥတုမှာ ဟေမန္တ၊ နတ်တော်လဆန်း (၇)ရက်၊ ကြာသပတေးနေ့ ညနေဘက်ဝယ်၊ သိမ်အတွက် သတ်မှတ်၊ မြေအရပ် တည်ရှိရာ၊ ကျောက်တန်းရွာ အုပ်စုတွင်း၊ ကျင့်သီတင်းဖြူစင်၊ သီတင်းသုံး ထေရ်အရှင်တို့ကို၊ ကုန်အစင် ဟတ္ထပါသ်၊ ရောက်ရှိအောင် ပင့်ဆောင်လတ်၍၊ ယွင်းမချွတ် သေကွေ၊ ညွှန်သမျှ ပြီးမြောက်စေမည့်၊ သာမဏေ လူယောက်ျား၊ ဝင်လမ်းစုံ နယ်ကြားမှ၊ တွဲဖက်ကာ အစောင့်ထား၍၊ မှတ်အသား ပြုလုပ်လျက်၊ ချိန်းအချက် ပြီးသည့်ခါ၊ အောက်အထက် စုံညီညာ၊ ကြွချီး မြောက် ထေရ်သံဃာတို့၊ သိမ်နုတ်ရာဌာန၊ ဟတ္ထပါသ် လွတ်မကွာအောင်၊ ငြိမ်သက်စွာ ထိုင်နေကြပြီးသော်...

(၁) ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ဆရာတော်၊

(၂) မြောင်းမြမြို့ တိုက်သစ် ပဏ္ဍောတာရုံဆရာတော်၊

(၃) တောင်ငူမြို့ ဝိသုဒ္ဓါရုံ သိမ်ဦးဆရာတော်။

ဤဆရာတော်သုံးပါးတို့အား၊ ခေါင်းဆောင်အရာ တင်ကာထား၍၊ သံနေထားညီညာ၊ သိမ်နုတ်သည့် ကမ္မဝါကို၊ အဝိပ္ပ သမာန၊ စဉ်ကမာ နေရာကျအောင်၊ တစ်ကြိမ်မျှ ဖတ်ပြီးလျှင်၊ ဖြူသန့်စင် ဆင်းရောင်သန်း၊ မကြီးလွန်း မသေးငယ်၊ လွန်တင့်တယ် ရှစ်မျက်နှာ၊ ကျောက်နိမိတ် တည်ရှိ ရာဝယ်...

(၁) အရှေ့မျက်နှာမှာ အိမ်မဲမြို့၊ ဦးအဘယာလင်္ကာရ၊

(၂) အရှေ့တောင်ထောင့်မှာ ဆပ်သွား ဦးပညာဇောတ၊

(၃) တောင်ဘက်မျက်နှာမှာ ညောင်လေးပင် ဦးခမ္မိက၊

(၄) အနောက်တောင်ထောင့်မှာ သာယာကုန်း ဦးခမ္မိက၊

(၅) အနောက်မျက်နှာမှာ အောင်မြေ ဦးမာနိတာစာရ၊

(၆) အနောက်မြောက်ထောင့်မှာ ပြည် ဝိ-ဇာ-စာချ ဦးပဝိတြသိရီ၊

(၇) မြောက်ဘက်မျက်နှာမှာ အောင်မြေ ဦးသောဘန၊

(၈) အရှေ့မြောက်ထောင့်မှာ သရက် ဦးသီလာစာရ တို့ကို သေချာစွာ နေရာချ၊ နိမိတ်နား စောင့်စေကြလျက်...

(၁) ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ဆရာတော် ဦးပညာဇောတ၊

(၂) မတ္တရာမြို့၊ တောင်ကိုင်းဆရာတော် ဦးက္ကန္ဒစက္က၊

(၃) ရမြောင်းမြို့၊ တိုက်သစ် ပဇ္ဇောတာရုံဆရာတော်
ဦးကုမာရ၊

(၄) တောင်ငူမြို့၊ ဝိသုဒ္ဓါရုံ မြို့ထောင့်ဆရာတော်
ဦးဥတ္တမဝံသ၊

(၅) တောင်ငူမြို့၊ ဝိသုဒ္ဓါရုံ သိမ်ဦးဆရာတော်
ဦးဝိသာရဒပဏ္ဍိတ တို့ကို စီစဉ်ကျ လှည့်ပတ်၊ ထပ်မိရုံ မက၊ ရှေ့တောင်ထောင့် ရပ်ဒေသထိ၊ လွှမ်းထိကာ ဆင့်ပွား၊ နိမိတ်ကြားစေပြီးသော်၊ သာသနာ့မဏ္ဍိုင် ဆရာတော်က၊ သံဃာတော် လယ်ရပ်ခွင်၊ သံကြည်လင် မေးသည့်ခါ၊ သာသနာ့အောင်မြေဆရာတော်က၊ သံဃာတော်အလယ်မှ၊ စနစ်ကျ ဖြေဆိုပြီးလျှင်၊ ဦးထိပ်တင် ကျော်မော်...

(၁) မင်းဘူးမြို့၊ တိုက်သစ်ဆရာတော် ဦးဥတ္တမဝံသ၊

(၂) မင်းဘူးမြို့၊ မှန်ကင်းတိုက်ဆရာတော် ဦးကဋ္ဌန၊

(၃) မင်းဘူးမြို့၊ ချမ်းသာကြီးဆရာတော် ဦးနာရဒ တို့က
ရှင်နာပျော်၊ နှုတ်လျှာစဖြင့်၊ သမာနသံဝါသာ၊ သိမ်သမုတ် ကမ္မဝါကို၊ ပီပြင်စွာ ပဌမ၊ ညီညာစွာ ဖတ်ကြပြီးနောက်၊ ဂုဏ်ကဲမောက် လွှန်ထင်ပေါ်...

(၁) မတ္တရာမြို့၊ တောင်ကိုင်းဆရာတော် ဦးကုန္ဒစက္က၊

(၂) ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ဆရာတော် ဦးပညာဇောတ၊

(၃) မြောင်းမြို့၊ တိုက်သစ် ပဇ္ဇောတာရုံဆရာတော်
ဦးကုမာရ တို့က လွှန်ထင်ပေါ် သံချိုမြဖြင့်၊ သမာနသံဝါသာ၊

သိမ်သမုတ် ကမ္မဝါကို၊ တူညီစွာ ဒုတိယ၊ ပုဒ်ပဒမချွတ်၊ ရွတ်ဖတ်၍ ပြီးသည့်ခါ၊ မြို့ရပ်ရွာ အကုန်လုံး၊ ဂုဏ်နှံ့ဖုံးလွှမ်းကျော်-

(၁) ကျောက်တန်းရွာ အနောက်ကျောင်းဆရာတော် ဦးသုန္ဒရ၊

(၂) ကျောက်တန်းရွာ တိုက်ကျောင်းဆရာတော် ဦးနိမလ၊

(၃) မကွေးမြို့ မဟာရတနာရာမတိုက် ဆရာတော် ဦးကောဏ္ဍည တို့က သင့်လျော်အောင် ဖြတ်ရပ်၊ ပုဒ်ပဒမချွတ်အောင် ရွတ်ဖတ်၍ ပြီးသည့်ခါ၊ ဟောပြောမှာ ဘက်စုံလှ၊ ဓမ္မကထိကအကျော်...

(၁) တောင်ငူမြို့၊ ဝိသုဒ္ဓါရုံ သိမ်ဦးဆရာတော် ဦးဝိသာရဒပဏ္ဍိတ၊

(၂) တောင်ငူမြို့၊ ဝိသုဒ္ဓါရုံ မြို့ထောင့်ဆရာတော် ဦးဥတ္တမဝံသ၊

(၃) ပြည်မြို့၊ ဝိသုဒ္ဓါရုံ ဗာရာဏသီ တိုက်ကြပ်ဆရာတော် ဦးနာဂဝံသ တို့က၊ သေအချာ စတုတ္ထ၊ ပုဒ်ပဒမချွတ်၊ ရွတ်ဖတ်၍ ပြီးသည့်နောက် ဂုဏ်ကဲမောက် လွှန်ထင်ပေါ်...

(၁) မကွေးမြို့နယ်၊ ဇေယျာသိရီဆရာတော် ဦးဥက္ကံသ၊

(၂) ဆပ်သွားမြို့၊ သရက်တောကျောင်းဆရာတော် ဦးပညာဇောတ၊

(၃) အိမ်မဲမြို့၊ အောင်သိပ္ပံဆရာတော် ဦးအဘယာလင်္ကာရ တို့က၊ ပီပြင်စွာပဉ္စမ၊ ပုဒ်ပဒမချွတ်၊ ရွတ်ဖတ်၍ပြီးသည့်နောက်၊

လျှမ်းလျှမ်းတောက် ဂုဏ်ထင်ပေါ်၊ သာသနာ့မဏ္ဍိုင် ဆရာတော်က၊ မချွတ်ချော် ပုဒ်ပဒဖြင့်၊ အဝိပ္ပဝါသာ၊ သိမ်သမုတ်ကမ္မဝါကို၊ သေအချာ ဖတ်ကြား၍၊ ရှင်အားရ တူညီညာ၊ သမဂ္ဂထေရ်သံဃာတို့ ကမ္မဝါ မလျော့ယုတ်၊ သိမ်သမုတ်တော်မူကြသည်နှင့် တစ်ပြိုင်နက် ညနေဘက် စက်ယင့်၊ လေးနာရီ မိနစ်ငါး၊ သတ်မှတ်ထားချိန်အခါ...

## ဓမ္မပဇ္ဇောတ ၊ ဘွဲ့နာမတင်ကာ

ထူးခြားလှ သိမ်မဟာသည်၊ ရှစ်မျက်နှာ အောင်ဟိတ်၊ ကျောက်နိမိတ်အတွင်းဝယ်၊ မြေပြန့်ကျယ် အထုကို၊ ဟင်းလင်းပြု ပုံပမာ၊ မြေပံသု သိလာကို၊ ဖောက်ခွဲကာ အောက်ရေပြင်၊ အရောက်နှင့် သက်ဆင်း၊ မြတ်ဗုဒ္ဓါ တရားမင်း၏၊ အာဏာပြင်း ကမ္မဝါ၊ ရှိန်တေဇာတန်ခိုး၊ အာဏာကုန် လွှမ်းကာမိုး၍၊ ဆန်းကြယ်မျိုး အဖုံဖုံ၊ မှန်းရွယ်ကျိုး အစုံစုံ၊ အောင်ခြင်းမျိုးကြီးကျယ်ပုံကို၊ စိတ်အာရုံ မျှော်ကာမှန်းလျက်၊ လူ့ဘုံခန်း ဤရပ်ရွာမှာ၊ ဘဝဂ္ဂါ ပြဟ္မာထိအောင်၊ မဟိဒ္ဓိတန်ခိုးတော်၊ ဟိုးဟိုးကျော် ဗြဟ္မာ၊ နတ်ဒေဝါ လူအများ၊ ရေနဂါး ပြင်းတောင်ဟုန်၊ ငှက်ဂဠုန်မကျန်၊ လက်ပန်းပေါက် သောသောည်၊ ဦးရစ်မြှောက် ကောင်းကင်ယံ၊ ကောင်းချီးပေး သာခုကာ၊ အဆက်ဆက် ဘဝဂ်လျှံအောင်၊ အောင်ဟိတ်သံ အောင်စည်တီး၍၊ အောင်ကောင်းချီး ပေးကြပါစေကုန်သတည်း။ ။

မိုင်းနိုင်းဆရာတော်ဘုရားကြီး
(ပဏ္ဍိတဇေယျသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု)
မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စလင်းမြို့၊
ငါးစဉ်ကျောင်းကြီး၌ သီတင်းသုံးနေတော်မူစဉ်က
စာသင်သားတို့အတွက် ပြသတော်မူသော
သိမ်နုတ်သောအခါ
အလျား(၄)တောင်၊ အနံ(၂)တောင်ရှိသော

## ညောင်စောင်းကွက်ပုံ



သိမ်သမုတ်ရန်မြေပေးအမိန့်တော်။

[illegible] ဒါဝဖြိုတ်စီရင်ရ။ မန္တလေး မြို့နယ်

[illegible] ပုဂ္ဂိုလ်ပါမြေပုံအရ။ အောက်ပါနယ်နိမိတ်များ

အကျယ်၊ ၄၄ ၄၂ စကားမြေကို မဟာသိမ်သမုတ်ရန်။ ဖောင်လျှာကလေး

[illegible] ကြေညာသနားတော်မူပေ။

နယ်နိမိတ်

[illegible] ၃၆ လမ်း | မန္တလေးမြို့အနောက်ပြင်

[illegible] ၃၇ လမ်း | အေဝန်းရပ်ကွက်

[illegible] သာယာဝတီရုံလမ်း | နံပါတ် ၃၇၃ ဦးပိုင်

[illegible] ရဟိုင်းသင်္ချိုင်းလမ်း | နံပါတ် ၁

[illegible] မြေပေါ်တွင် သိမ်သမုတ်ခွင့်ရှိကြောင်း။ အပြားတစ်ခုထိရာပြုလုပ်

[illegible] ကော်လိုရောက်သိမ်းပေး။

[illegible]

[illegible] ကိုဒိဝင်းဒုပ်ချုပ်ရေးမှူးအရာရှိ

ရန်ကုန်မြို့

၁၉၀၄ ခု [illegible] မေလ ၄ ရက်။

၁၂၆၆ ခု [illegible] ကဆုန် လဆုတ် ၆ ရက်။

[illegible] P. O. - No. [illegible]

ကြေငြာချက် —

မန္တလေးမြို့ မှုဂ်ပဲရုပ် ၃၆-လမ်း၊ ဆော်ဒက်ရှည် - ဓော်ဝမ်ထိန်း (ဝမာင်) [illegible] [illegible] ကျောင်း၊ [illegible] သာသနာ [illegible] [illegible] [illegible] ရှည်ပွန်းမျှ [illegible] ကြသည်။

၁၃၄၅-ခု-ကဆုန် လဆန်း ၁၅ ရက် — (၂၆-၅-၈၃) ကြောသာပတေးနေ့

[illegible]

## မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံ တိုက်သစ် ခဏ္ဍသိမ်သမုတ်ရန် သိမ်အမိန့်ပေးစာ

ဘဒ္ဒန္တ ဝဏ္ဏိတာဘိဝံသ

မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက

အဂ္ဂမဟာပဏ္ဍိတ

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

မန္တလေး မဟာမုနိဂေါပကအဖွဲ့ ပဓါနာစရိယ

သရက်တော ဦးတန်းဆရာတော်

၏

# ထေရုပ္ပတ္တိကထာ

## ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ
## မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာနာယက
## အဂ္ဂမဟာပဏ္ဍိတ
## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
## မန္တလေး မဟာမုနိဂေါပကအဖွဲ့ ဩဝါဒါစရိယ
## သရက်တော ဝါးတန်းဆရာတော်
## ၏
# ထေရုပ္ပတ္တိကထာ

**ဇာတိဌာနေ မွေးရာမြေ**

ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ မဟာထေရ်လောင်းလျာသူငယ်ကို စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ဝမ်းပြည့်ရွာတွင် အဖ ခမည်းတော် ဦးဘိုးရာ၊ အမိ မယ်တော် ဒေါ်ဒေါ်ကံ တို့မှ မြန်မာသက္ကရာဇ် (၁၂၇၇)ခုနှစ် နယုန်လဆန်း (၁၄)၊ ခရစ် (၁၉၁၅. မေ . ၂၆)ရက် ဗုဒ္ဓဟူးနေ့ နေ့ (၂) နာရီအချိန်တွင် ဖွားမြင်ခဲ့လေသည်။

ထို မိဘနှစ်ပါးမှ သား သမီးရတနာ (၇) ယောက်ဖွားမြင်ခဲ့ရာ ဆရာတော်လောင်းလျာကား ဆဋ္ဌမမြောက် သားရတနာ ဖြစ်လေသည်။ မိဘနှစ်ပါးသည် သားရတနာ၏ရုပ်သွင်လက္ခဏာကို ကြည့်ရှုပြီး တော်ဝင်သည့် သားရတနာဖြစ်ရမည်ဟူ၍ "မောင်ဘတော်"ဟု မှည့်ခေါ်ကြလေသည်။

## ရတနာအုတ်ကျောင်းတွင် ပညာသင်

မိဘနှစ်ပါးသည် သားရတနာလေး အရွယ်ရောက်လာသောအခါ "မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ"ဟူသော မိဘတို့ ဝတ္တရားနှင့်အညီ သားရတနာလေး မောင်ဘဘော်ကို ဝမ်းပြည့်ရွှာ ရတနာအုတ်ကျောင်းဆရာတော်ထံ ပညာသင်ရန် အပ်နှံကြလေသည်။

ရတနာအုတ်ကျောင်းဆရာတော် ဦးဒေဝိန္ဒသည် တပည့်လေး မောင်ဘတော်အား "နမော ဗုဒ္ဓါယ သိဒ္ဓံ"မှ အစချီ၍ ပုဗ္ဗဂဏ္ဍခေါ် မြန်မာစာပေ၏ အခြေခံဖြစ်သော မြန်မာသင်ပုန်းကြီးမှ စ၍ သင်ကြားပေးတော်မူသည်။

သူငယ်တို့ တတ်သင့်ရာ ဘုန်းတော်ကြီးကျောင်းသင်ခန်း စာဖြစ်သော မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ လောကနီတိစသော စာပေများကို ကျောင်းသားဘဝမှာပင် သင်ကြား တတ်မြောက်ခဲ့လေသည်။

ရတနာအုတ်ကျောင်းဆရာတော်သည် တပည့်လေး မောင်ဘတော်၏ ဝီရိယနှင့် ဉာဏ်အရည်အသွေးကို အကဲခတ်မိသဖြင့် ဂရုတစိုက်ပင် သင်ကြားပေးတော်မူသည်။

## ရှင်သာမဏေဘဝ

မောင်ဘတော်သည် ကျောင်းသားဘဝဖြင့်ပင် အခြေခံစာပေများ သင်ကြား၍ ပြီးလေပြီ။ ရှင်သာမဏေလောင်းများ သင်ကြားရမည့် သက်န်းတောင်း၊ သက်န်းကပ်၊ သရဏဂုံ၊ ရှင်ကျင့်ဝတ် စသည်တို့ကို သင်ကြားတော်မူသည်။

မိဘနှစ်ပါးသည် သားရတနာ၏ ရှင်ပြုချိန် ရောက်သောအခါ ရှင်ပြုမင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပခဲ့ကြသည်၊ ဤသို့ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဝမ်းပြည့်ရွာ ရတနာအုတ်ကျောင်းဆရာတော် ဦးဒေဝိန္ဒကို ဥပဇ္ဈာယ်ပြုပြီး ရှင်သာမဏေဘဝသို့ ရောက်ခဲ့လေသည်။

ဆရာတော်ဦးဒေဝိန္ဒသည် တပည့် ရှင်သာမဏေအား ချီးကျူးထိုက်သော သာမဏေတစ်ပါးဟု အသိအမှတ်ပြုကာ "ရှင်ဝဏ္ဏိတ"ဟု ဘွဲ့အမည် ပေးတော်မူသည်။ ရှင်ဝဏ္ဏိတသည် ရတနာအုတ်ကျောင်းဆရာတော်ထံတွင် သဒ္ဒါ၊ သင်္ဂဟ၊ ဒွေမာတိကာ စသော ပိဋကတ်စာပေ အခြေခံကျမ်းစာများကို သင်ကြားခဲ့လေသည်။

ထိုအချိန်က ရတနာအုတ်ကျောင်းမှာ ဒုတိယ-နာယက စာချဆရာတော် ဦးသာဂရ ကလည်း စာပေများကို ပို့ချ ချီးမြှင့်တော်မူသည်။ ဤသို့ ဆရာနှစ်ပါး၏ ဂရုတစိုက် ချီးမြှောက်မှု ခံယူရသဖြင့် သာမဏေဘဝမှာပင် "စာတော်သော သာမဏေတစ်ပါး"ဟု ထင်ရှားခဲ့လေသည်။

## ကျောက်တစ်လုံးတွင် ပညာသင်

ဥပဇ္ဈာယ်ဆရာတော် ဦးဒေဝိန္ဒသည် တပည့်သာမဏေ ရှင်ဝဏ္ဏိတ၏ ဉာဏ်အရည်အသွေးနှင့် စာပေပရိယတ္တိ သင်ကြားရေး၌ စိတ်ဆန္ဒထက်သန်မှုကို သိတော်မူသည်။ "အတတ်လည်း သင်၊ ပဲ့ပြင် ဆုံးမ၊ သိပ္ပ မချန်၊ ဘေးရန် ဆည်းကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ" ဟူသော သိင်္ဂါလောဝါဒ သုတ်တော်လာ ဆရာသမားတို့၏

ဝတ္တရားနှင့်အညီ စစ်ကိုင်းတိုင်း၊ ငါန်းဇွန်မြို့နယ်၊ ရွာသစ်ကြီး တောင်ဘက်ကမ်း၊ ကျောက်တစ်လုံးကျေးရွာ၊ တောင်ရိုး ကျောင်း ဆရာတော် ဘဒ္ဒန္တကေလာသ ထံ ပညာသင်ရန် အပ်နှံတော်မူသည်။[ဘဒ္ဒန္တကေလာသ သည် ဝမ်းပြည့်ရွာသား စစ်စစ်ပင် ဖြစ်သည်၊ ငါကင်းကုန်းကျောင်းထွက်လည်း ဖြစ် ပြန်သည်။]

သာမဏေရှင်ဝဏ္ဏိတသည် ကျောက်တစ်လုံး ဆရာ တော်ထံတွင် ဝိနည်း ပါဠိတော် အဋ္ဌကထာများကို သင်ကြားရ လေသည်။ ကျောက်တစ်လုံးဆရာတော်သည် ပရိယတ်စာပေ အရာ၌သာ ထင်ရှားသည် မဟုတ်ပေ၊ ပဋိပတ် ဝိနည်းတော် နှင့်အညီ နေထိုင်မူလည်း လေးစားတော်မူသော ဝိနယဂရုက ဆရာတော်ဖြစ်သည်။ ရှင်ဝဏ္ဏိတသည် ကျောက်တစ်လုံးဆရာ တော်ထံမှ စာပေများကို သင်ကြားရုံမျှမက ဝိနည်းတော်နှင့် အညီ ကျင့်သုံးနေထိုင်နည်းကိုလည်း ရရှိခဲ့လေသည်။

## ဥပသမ္ပဒ ပဉ္စင်းဘဝ

သာမဏေရှင်ဝဏ္ဏိတသည် သက်တော်(၁၉)နှစ်ပြည့်၍ အသက်(၂၀)အတွင်းသို့ ရောက်ခဲ့လေသည်။ ရဟန်းခံရန် ကြိုတင်လျှောက်ထားခဲ့ကြသည့် ဝမ်းပြည့်ရွာ ရဟန်းဒါယကာ ရဟန်းဒါယိကာမများ ဖြစ်ကြသော ဦးဘိုးထွန်း၊ ဒေါ်ဖွားချို၊ ဦးလှရင်၊ ဒေါ်ဖွားညွန့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဝမ်းပြည့်ရွာ ရတနာအုတ်ကျောင်းသိမ်၌ ဆရာတော်ဦးဒေဝိန္ဒ ကို ဥပဇ္ဈာယ်ပြုပြီး မြန်မာသက္ကရာဇ်(၁၂၉၆)ခုနှစ် ဒုတိယဝါဆို

လဆန်း (၁၀)ရက်၊ ခရစ် (၁၉၃၄)ခုနှစ် ဇူလိုင်လ (၂၀)ရက် သောကြာနေ့ နံနက် (၇)နာရီ (၁၀)မိနစ်တွင် မြင့်မြတ်သော ဥပသမ္ပဒ ပဌ္ဌင်းဘ၀သို့ ရောက်တော်မူသည်။ ရဟန်းဘွဲ့မှာ "ဘဒ္ဒန္တ၀ဏ္ဏိတ"ပင် ဖြစ်သည်။

## ရဟန်းတော်ဘ၀ စာသင်ကြွ

ရဟန်းတော်လေး ဘဒ္ဒန္တ၀ဏ္ဏိတသည် ပရိယတ္တိစာပေများကိုသင်ကြားလိုသောဆန္ဒ ပြင်းပြလှသည်။ "အချိန်ရှိခိုက်၊ လုံ့လစိုက်"ဟူသည့်အတိုင်း အချိန်အရွယ်ရှိခိုက် ပရိယတ္တိစာပေများကို သင်ကြားရန်မှာ သာသနာ့၀န်ဆောင် ရဟန်းတော်တို့၏ တာ၀န်ဖြစ်သည်။

တာ၀န်ကို သိ၍ ပရိယတ္တိဆန္ဒ ထက်သန်လှသော ဘဒ္ဒန္တ၀ဏ္ဏိတသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ကြွခဲ့သည်။ ညောင်စဉ်ကျောင်းဆရာတော် ဘဒ္ဒန္တ ပရမာဘိ၀ံသ ထံ ဆည်းကပ်၍ ပရိယတ္တိစာပေများကို သင်ကြားဆည်းပူးလေသည်။

**မှတ်ချက်။** ။(ယနေ့ သရက်တော ဝါးတန်းကျောင်းကို ရှေးက ညောင်စဉ်ကျောင်းဟု ခေါ်ကြသည်။) ၁၃၁၂-ခုနှစ် ဒီဘက် သရက်တောဝါးတန်းကျောင်း ဖြစ်ခဲ့သည်။ ကျောင်းဒကာ ကျောင်းအမများ နေထိုင်ရာ ရပ်ကွက်နာမည်ကို ကျောင်းသို့ နာမည် တပ်လိုက်တော့သည်ဟု မှတ်ပါ။

**စာလိုက်ခဲ့သောဆရာတော်များ**

ထိုအချိန်က မဟာဝိသုဒ္ဓါရုံတိုက်သစ် စာချ နာယက ဆရာတော်များကား ယနေ့တိုင် ကျော်ကြားသော ဆရာတော်များ ဖြစ်သည်။ စံကင်းဆရာတော်၊ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ကျေးဇူးရှင်သံတော်ဆင့် ဆရာတော်ဘုရားကြီး၊ တိုက်အုပ်ဆရာတော်ဦးကောသလ္လ၊ စည်ရှင်ဆရာတော်ဦးကောသလ္လာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ အသောကာရုံဆရာတော်ဦးသုဝဏ္ဏဇောတျာဘိဝံသ၊ ဆရာတော် အရှင်ဇနကာဘိဝံသ (အမရပူရ-မဟာဂန္ဓာရုံ) စသော ဆရာတော်များထံ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စာပေများကို သင်ကြားနာယူခဲ့လေသည်။

ဘဒ္ဒန္တ ဝဏ္ဏိတသည် ပရိယတ္တိ စာပေလောကတွင် ထင်ရှားလှသော မစိုးရိမ်ဆရာတော်ဘုရားကြီး ဦးသူရိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) ဘုရားကြီးတိုက်ဆရာတော် ဦးနာရဒါဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) စသော ဆရာတော်များထံတွင်လည်း ပါဠိ၊ အဋ္ဌကထာ ကျမ်းစာများကို သင်ကြားနည်းခံခဲ့လေသည်။

**အောင်မြင်ခဲ့သောစာမေးပွဲများ**

ဘဒ္ဒန္တဝဏ္ဏိတသည် စာချအကျော် ဆရာတော်များထံတွင် နည်းခံ သင်ကြားခဲ့သောကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပါဠိဘာသာ ပညာရေးအဖွဲ့မှ ကျင်းပအပ်သော ပထမပြန်စာမေးပွဲတွင် ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကိုအောင်မြင်ခဲ့လေသည်၊ မွှေ့စရိယစာချတန်းကို

ဝင်ရောက် ဖြေဆိုတော်မူရာ ဂုဏ်ထူးကျမ်းများနှင့် တကွ အောင်မြင်၍(၁၃၁၄)ခုနှစ်တွင် "သာသနဓဇသိရီပဝရဓမ္မာစရိယ"ဘွဲ့ကို ရရှိတော်မူသည်။

ရန်ကုန်မြို့ စေတိယင်္ဂဏပရိယတ္တိအသင်းမှ ကျင်းပသော စာသင်တန်းကို ဝင်ရောက်ဖြေဆိုရာ နံပါတ်(၁)က အောင်မြင်တော်မူသည်။ စာချတန်းစာမေးပွဲကို ဆက်လက်ဖြေဆိုရာ နံပါတ်(၁)ကပင် အောင်မြင်၍ (၁၃၁၀)နှစ်တွင် "ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသစေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယဂဏဝါစက"ဘွဲ့ကို ရရှိတော်မူသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်တွင် စာပေများမန္တလေးမြို့ပေါ်၌ မပို့ချရသဖြင့် မိမိရပ်ရွာ မြင်းမူ ဝမ်းပြည့်သို့ပြန်လည်နေထိုင်ရင်း ဂျပန်စကား၊ ဂျပန်စာကို သင်ကြားရာ ဂျပန်ဘာသာဖြင့် "ကောတောက"ခေါ် အဆင့်မြင့် ပဥ္စမတန်းအထိ အောင်မြင်ခဲ့လေသည်။ ဂျပန်စာ ဂျပန်စကားတတ်မြောက်၍ ဂျပန်စစ်သားများက ရဟန်းတော်များကိုခိုင်းစေခြင်း၊ ရိုက်နှက်ကြိမ်းမောင်းခြင်းတို့ကို ကာကွယ် စောင့်ရှောက်ပေးနိုင်ခဲ့လေသည်။

သို့အတွက်ကြောင့် ကမ္ဘာ့စစ်မီး တောက်လောင်နေချိန်မှာ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ သည် မြန်မာ-ဂျပန် ချစ်ကြည်ရေးလုပ်ဆောင်ပေးမှုအတွက် ၁၉၄၅-ခု၊ ဇန်နဝါရီ (၇)ရက်နေ့မှာ ဂျပန်ဘုရင့်တပ်မတော် မိုရီ ၁၀၅၃-တပ်၊ တင်ရင်းမှူး အပ်ရှုဂက ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသအား မြန်မာ-ဂျပန် ချစ်ကြည်ရေးလုပ်ဆောင်ပေးမှုဟူသော ဂျပန်စာတမ်းပါ လက်မှတ်ရှည်ကြီး

တစ်စောင် ဆက်ကပ်ခြင်း ခံယူရလေသည်၊ အဲဒီအချိန်မှာ ဆရာတော်ဘုရား၏ သက်တော် (၃၀) ပြည့်ရုံမျှ ဖြစ်သေးသည်။

## ကျောင်းဘုန်းကြီးဘဝ

ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသသည် ညောင်စဉ်ကျောင်းတွင် နေထိုင်လျက် ကိုယ်တိုင်လည်း စာပေ ပရိယတ်များကို သင်ကြားအားထုတ်သည်၊ စာသင်သားများအားလည်း စာပေများကို ပို့ချပေးသည်။

ဤသို့ဖြင့် ညောင်စဉ်ကျောင်းဆရာတော်၏ လက်ထောက်စာချတစ်ပါး ဖြစ်သည်၊ ညောင်စဉ်ကျောင်းဆရာတော် ဘဒ္ဒန္တပရမာဘိဝံသသည် ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ၏ ပရိယတ္တိပြည့်စုံမှုနှင့် အုပ်ချုပ်ရေးတာဝန်ကိုပါ ထမ်းဆောင်နိုင်မည်ဟု ယုံကြည်တော်မူသည်။ မိမိလည်း နေရပ်သို့ ကျန်းမာရေး အခြေအနေအရ ပြန်ကြွလိုသည်၊ ဒုတိယကမ္ဘာစစ် ပြီးဆုံးသောအခါ ကျောင်းရှိ ပစ္စည်းအားလုံးနှင့်တကွ ကျောင်းကို လွှဲအပ်၍ နေရပ်သို့ ပြန်ကြွတော်မူသည်။ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသသည် ဆရာဖြစ်သော ညောင်စဉ်ကျောင်းဆရာတော်က လွှဲအပ်၍ ကျောင်းဘုန်းကြီးဘဝသို့ ရောက်တော်မူသည်။

## ညောင်စဉ်မှ သရက်တောဝါးတန်းသို့

ညောင်စဉ်ကျောင်းကား ရှေးက ဆောက်လုပ်ထားရာ ကျောင်းဟောင်းအဖြစ်သို့ ရောက်ရှိ၍ နေပေပြီ၊ ဒုတိယ

ကမ္ဘာစစ်မီးဒဏ် ကောင်းကောင်းကြီး ခံထားရ၍ ကြည့်ရှု မကောင်းသည့်အချိန်သို့ ရောက်နေချိန်မှာ ညောင်စဉ်ကျောင်း ကို ပြုပြင်ဆောက်လုပ်လှူဒါန်းမည့် ကျောင်းဒကာ ပေါ်လာ သည်၊ ကျောင်းဒါယကာ ကျောင်းဒါယိကာမများကား မန္တလေးမြို့ ၃၁-လမ်း၊ ၈၄×၈၅ လမ်းကြား၊ သရက်တော ဝါးတန်း ရွှေကုန်သည် **ဦးရွှေ+ဒေါ်အုန်းစီ** မိသားစုတို့ ဖြစ် သည်၊ မူလညောင်စဉ်ကျောင်းဟောင်းကို ဖျက်ကာ ဆင်ဝင် နှစ်ဖက်၊ ပယပ်တို့ဖြင့် (၅)ခန်း (၆)ခန်းရှိ နှစ်ထပ်အုတ်တိုက် ကျောင်းဆောင်သစ်ကြီးကို ဆောက်လုပ်သည်။

၁၃၁၂-ခုနှစ် တန်ခူးလဆန်း (၅)ရက်နေ့တွင် ကျောင်း လွှတ် ပူဇာရေစက်ချ အလှူမင်္ဂလာ ပြုလုပ်၍ ဘဒ္ဒန္တဝဏ္ဏိတာ ဘိဝံသအား လှူဒါန်းကြလေသည်၊ ကျောင်းအမည်ကိုလည်း **“သရက်တောဝါးတန်းကျောင်း”**ဟု မှည့်ခေါ်ကြလေသည်။ ယခင်အခေါ် ညောင်စဉ်ကျောင်းမှ **“သရက်တောဝါးတန်း ကျောင်း”** ဖြစ်၍လာပါတော့သည်။

## ပါဠိတက္ကသိုလ်ကထိက

နိုင်ငံတော်အစိုးရက ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေကို ပြဋ္ဌာန်း၍ ပါဠိတက္ကသိုလ်ကျောင်းတိုက်များ ဖွင့်လှစ်သောအခါ မဟာဝိသုဒ္ဓါရုံတိုက်သစ်သည် “ပါဠိ တက္ကသိုလ်”ကျောင်းတိုက် ဖြစ်လာသည်။ ၁၃၁၄-ခုနှစ်တွင် ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသသည် ဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ကထိက စာချဆရာတော် ဖြစ်တော်မူသည်။

ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသသည် ကျောင်းထိုင်ဘုန်းကြီး, ပါဠိတက္ကသိုလ် ကထိက စာချဆရာတော် ဖြစ်လာချိန်ကား အထူး ကံကောင်းသည်ဟု ဆိုရမည်။ ထိုအချိန်၌ ရွှေကျင်နိကာယ ဒသမ သာသနာပိုင် ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ မြောင်းမြဆရာတော်ဘုရားကြီးသည် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ သီတင်းသုံး၍ အုပ်ချုပ်တော်မူသည်။

မြောင်းမြဆရာတော်ဘုရားကြီးသည် ဝမ်းပြည့်ဇာတိဖြစ်ရာ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသသည် အမြဲမပြတ် ဆည်းကပ်သည်၊ မြောင်းမြဆရာတော်ဘုရားကြီးသည် စာပေအယူအဆများနှင့် နေနည်း၊ ထိုင်နည်း၊ အုပ်ချုပ်နည်းတို့ကို အမြဲမပြတ် ဩဝါဒပေးတော်မူသည်။ ဤသို့ မြောင်းမြ ဆရာတော်ဘုရားကြီး၏ နည်းလမ်းညွှန်ပြ ဩဝါဒတို့ကို နာယူရသဖြင့် နေနည်း၊ ထိုင်နည်းနှင့်တကွ တပည့် စာသင်သားများအား စနစ်တကျ အုပ်ချုပ်နိုင်ခဲ့လေသည်။

## ဒုတိယတစ်ပန် တိုက်တည်ပြန်

ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ သရက်တောဝါးတန်းကျောင်းဘုန်းကြီးဖြစ်လာသောအခါ လာရောက်အပ်နှံသော စာသင်သားများကို လက်ခံတော်မူသည်။ သရက်တောဝါးတန်းကျောင်း၏ တောင်ဘက်တွင် "အောင်နန်းဗိမာန်" ခေါ် နှစ်ထပ် သစ်သားကျောင်းဆောင် တစ်ဆောင် ရှိသည်။ ထိုကျောင်းအောက်ထပ်ကို ဆွမ်းစားကျောင်းအဖြစ် အသုံးပြု၍ အပေါ်ထပ်တွင် သံဃာ ထားသည်။ နှစ်စဉ် ဝါဆိုသံဃာ(၅၀) ကျော် (၅၇) ပါးအထိ လက်ခံသည်။ သရက်တော ဝါးတန်း

ကျောင်းကြီး အပေါ်ထပ်တွင် မူလက စာသင်သားများ ခုတင်ဖြင့် နေခွင့်ရသော်လည်း သံဃာများလာသဖြင့် တစ်ပါး တစ်နေရာစီ တန်းစီ နေရာချထားပေးရသည်။

ကျောင်းဒကာကြီး ဦးရွှေ ကျောင်းဒါယိကာမကြီး ဒေါ် အုန်းစီတို့သည် မိမိတို့ ဆောက်လုပ်ထားသော သရက်တော ဝါးတန်းကျောင်း၌ သံဃာများ များပြား၍ နေထိုင်ရမှု အခြေ အနေကို ကြည့်ရှုနေသည်။ သစ်သားကျောင်းကြီးကို ဖျက်ပြီး အုတ်တိုက် ဆောက်လုပ်လှူဒါန်းရန် စေတနာထက်သန်လျက် ရှိသည်။ သို့အတွက် ကျောင်းဟောင်းကြီးကို ဖျက်ကာ ၁၃၃၄ ခုနှစ် ကဆုန်လပြည့်ကျော် (၉)ရက်နေ့တွင် ပန္နက်တင်မင်္ဂလာ ပြုလုပ်ကာ အုတ်တိုက် တည်ဆောက်သည်။ ၁၃၃၆-ခုနှစ် ပြာသိုလဆန်း(၈)ရက်နေ့တွင် ကျောင်းလွှတ်ပူဇော်ပွဲ ရေစက်ချ ခမ်းသဘင်ကို ဆင်ယင်ကျင်းပကြသည်။ အမရပူရမြို့ မဟာ ဂန္ဓာရုံဆရာတော် အရှင် ဇနကာဘိဝံသ အရှင်မြတ်က ရေစက်ချ အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

## ပင်မပိဋကတိုက်

"အောင်နန်းဗိမာန်" သစ်သားကျောင်း နေရာတွင် လည်း အုတ်တိုက် ဆောက်လုပ်လှူဒါန်းမည့် ကုသိုလ်ရှင် ပေါ်လာသည်။ ထိုကုသိုလ်ရှင်ကား ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ ၏ နှမဖြစ်သော ဒေါ်လှမေ ဖြစ်သည်။

အောင်နန်းဗိမာန်သစ်သားကျောင်းကို ဖျက်ပြီး ၁၃၃၆ ခုနှစ်တွင် ပန္နက်တင်မင်္ဂလာ ပြုလုပ်သည်၊ ကျောင်းဒါယကာ ဦးဘသိုက်+ကျောင်းဒါယိကာမ ဒေါ်လှမေ မိသားစုတို့သည်

နှစ်ထပ်အုတ်တိုက်ဆောက်ကာ ၁၃၃၈-ခုနှစ်တွင် ကျောင်း လွှတ် ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပ ရေစက်ချ၍ လှူဒါန်း ကြလေသည်။

ကျောင်းဒါယကာ ကျောင်းဒါယိကာမတို့သည် မိမိတို့ ကိုယ်ပိုင်လုပ်ငန်းဖြစ်သော "ပင်မငါးပိ ငံပြာရည်"လုပ်ငန်းကို အခြေခံ၍ ထိုတိုက်ကို ဆောက်လုပ်လှူဒါန်းနိုင်ခြင်းဖြစ်သည်၊ သို့အတွက် တိုက်၏ အမည်ကို "ပင်မပိဋကတိုက်" ဟု ကမ္ပည်းတပ်ကြလေသည်။

**<u>စက်ရေတွင်းအလှူရှင်</u>**

သရက်တောဝါးတန်းကျောင်းသည် သစ်သားကျောင်းမှ ခံ့ညားထည်ဝါသော အုတ်တိုက်ကျောင်း ဖြစ်ခဲ့ပြီး အောင်နန်း ဗိမာန်ကျောင်းသည်လည်း "ပင်မပိဋကတိုက်" အဖြစ်သို့ ရောက်ခဲ့လေပြီ၊ သရက်တောဝါးတန်းကျောင်းမှ တာဝန်ယူ၍ ရေပေးခဲ့သော အဝီစိရေတွင်းနှင့် ရေကန်တို့ကိုလည်း မလို တော့၍ ဖျက်သိမ်းလိုက်ခဲ့သည်။ သရက်တောဝါးတန်းကျောင်း အုတ်တိုက်တို့မှာ ရေချိုးခန်း၊ ကုဋီခန်းများဖြင့် ဆောက်လုပ် ထားရာ ကျောင်းပိုင် စက်ရေတွင်း လိုအပ်လျက်ရှိသည်။

ဆရာတော်၏ တပည့်ရင်းဖြစ်သော ရန်ကုန်မြို့ သမိုင်း အုတ်ကျင်းနေ ဦးထွန်းအောင်+ဒေါ်ဝင်းကြည်မိသားစုတို့က ၁၃၄၇-ခုနှစ်တွင် အဝီစိတွင်းခေါ် စက်ရေတွင်း၊ ပါဝါမီတာ၊ ရေတင်စက်တို့ကို လှူဒါန်းကြလေသည်။ ဆရာတော် သံဃာ တော်များပါ ရေအတွက် ချမ်းသာကြရလေသည်။

<u>တိုက်တာအကျိုး ဆောင်သည်ပိုး</u>

ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသသည် မိမိ နေထိုင်ရာ ကျောင်းတိုက်တာတို့ကိုသာ ပြုပြင် ဆောက်လုပ်ခဲ့သည် မဟုတ်ပေ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ အစိုးရ လျှပ်စစ်မီးလိုင်းများ မဆွဲရသေးချိန်က ဘုရားဝတ်တက်ရာ အလယ်တိုက်ကြီးတွင် ညဉ့်နံနက်ဘုရားဝတ်တက်ချိန်တွင် မီးထွန်းရန် လိုအပ်နေသည်၊ သရက်တော ဝါးတန်း ဆရာတော်၏ ဒကာရင်း ဖြစ်သော မန္တလေးမြို့ ၃၀-လမ်း၊ ဦးသောင်းဖေ+ဒေါ်ခင်မြမိသားတစ်စုတို့က လျှပ်စစ်မီးစက်တစ်လုံးကို လှူဒါန်းသည်။ ထိုလျှပ်စစ်ဓာတ်အားပေးစက်ဖြင့် ညဉ့်နံနက် ဘုရားဝတ်တက်ချိန်တွင် သရက်တောဝါးတန်းကျောင်းမှ တာဝန်ယူ၍ လျှပ်စစ်မီးပေးခဲ့လေသည်။

တိုက်တာသံဃာအားလုံး အသုံးပြုသော ကုဋီခန်းများတွင်လည်း ရေတွင်းမှ ရေကို ခပ်၍ အသုံးပြုကြရသည်၊ ကုဋီခန်းများအားလုံး ရေပိုက်လိုင်း ဆက်သွယ်ထားရလျှင် သံဃာများ ချမ်းသာစွာ အသုံးပြုပေမည်။ ရေလုံလောက်အောင် သုံးနိုင်လျှင် သန့်ရှင်းရေးရှိရုံမျှမက ကျန်းမာရေးလည်း ရနိုင်သည်။ သရက်တောဝါးတန်းဆရာတော်၏ ပစ္စည်းလေးပါး ဒါယိကာမကြီးဖြစ်သော ကျိုက်လတ်မြို့ ရွှေကုန်သည် ဒေါ်မမကြီးသည် အဝီစိရေတွင်း ရေစင်နှင့်တကွ ရေတင်ရန် စက်ပါ လှူဒါန်းသည်။

သို့အတွက် ကုဋီအရောက် ရေပိုက်လိုင်းများ တပ်ဆင်ပေးသည်၊ ကုဋီ ရေပေးရေးကိုလည်း သရက်တောဝါးတန်းကျောင်းမှ တာဝန်ယူ၍ ဆောင်ရွက်ခဲ့လေသည်။

ဤနေရာ၌ နှစ်ချင်းကွာခြားသော်လည်း ဆက်စပ်နေ၍ သံဃာအများသုံး ကုဋီအတွက် ဆောင်ရွက်ချက်ကိုလည်း ဆက်လက် ဖော်ပြလိုပါသည်။ မဟာဝိသုဒ္ဓါရုံတိုက် သံဃာ အများသုံး ကုဋီခန်းများကို ကြွေခွက်၊ ရေပိုက်လိုင်း၊ အုတ်ကုဋီ အဖြစ် ပြင်ဆင် ဆောက်လုပ်၍ နောက်မှ အညစ်အကြေး သိုလှောင်ရန် ကန်ကိုလည်း စနစ်တကျ ဆောက်လုပ်ထား သည်။

နှစ်ပေါင်း ရှည်ကြာ သံဃာက များသဖြင့် ထိုကန်မှာ ပြည့်လျှက်ရှိပေပြီ၊ သရက်တောဝါးတန်းကျောင်းဆရာတော်၏ တပည့်ဖြစ်သော ချောင်းဦးမြို့နယ်၊ ခင်မွန်ရွာ၊ ခန္တောကျောင်း ဘုန်းကြီး ဦးသုမင်္ဂလက သူ့အား ရဟန်းအမကြီးက လှူဒါန်း သော နဝကမ္မဝတ္ထုငွေများကို ဝါးတန်းဆရာတော် ကပ္ပိယအား လွှဲအပ် လှူဒါန်းသည်။ ဝါးတန်းဆရာတော်သည် ထိုနဝကမ္မ ဝတ္ထု (ငွေ)များဖြင့် သံဃာများ ကုဋီ အညစ်အကြေးကန်ကို သန့်ရှင်းအောင် စီမံဆောင်ရွက်တော်မူလေသည်။

<u>ဝိသုဒ္ဓါရုံပိဋကတိုက်</u>

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ပျံလွန်တော်မူ သောအခါ ဆရာတော်ဘုရားကြီး ကြည့်ရှု အသုံးပြုခဲ့သော ပိဋကပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ ဂန္ထန္တရပေစာထုပ် များ၊ စာအုပ်များ၊ ပုရပိုက်များ၊ အသုံးဆောင်များကို ပိဋက တိုက်ဆောက်လုပ်၍ သိမ်းဆည်းထားသည်၊ ဆရာတော်ဘုရား ကြီး၏ ပုံတူ ရုပ်တုတော်ကိုလည်း ပူဇော်ထားသည်။

ပိဋကတော်များနှင့် ဆရာတော်ဘုရားကြီး၏ ပုံတူရုပ်တော်များ (စံ) မြန်းရာ ဖြစ်၍ "ပိဋကတ်စံကျောင်း"ဟု ခေါ်တွင်ကြသည်။

ဝိသုဒ္ဓါရုံကျောင်းတိုက်သို့ ရောက်လာကြသော ရဟန်းရှင်လူများ၏ ဖူးမြော် ပူဇော် ကုသိုလ် ပွားများရာ ဒဿနာနုတ္တရိယဌာနပင် ဖြစ်သည်။

ထိုပိဋကတ်စံကျောင်းမှာလည်း နှစ်ပေါင်း တာရှည်လာပြီ ဖြစ်၍ ပြုပြင်ရန် လိုအပ်နေသည်။ သရက်တောဝါးတန်းဆရာတော်၏ ဒကာများဖြစ်ကြသော မန္တလေးမြို့၊ ဒါးတန်းရပ် ဦးကောင်းတင် + ဒေါ်သန်းဆင့် မိသားတစ်စုက ဦးစီး၍ မန္တလေးမြို့ ရုံးသာရပ်၊ ဦးလှအောင်+ဒေါ်ခင်ခင်နက်၊ မန္တလေးမြို့၊ မလွန်ရပ် ဦးမောင်မောင် +ဒေါ်ရီရီတို့ ပါဝင်၍ ၁၃၄၈-ခုနှစ်တွင် ပြင်ဆင် လှူဒါန်းကြလေသည်။ ဆရာတော်သည် ဦးဆောင်ကြီးကြပ်၍ တိုက်တာ၏ တာဝန်ကို ဆောင်ရွက်ခဲ့လေသည်။

ဝါးတန်းဆရာတော်ဘုရားကြီးသည် သက်တော်(၈၀) ပြည့်သည့် နှစ်မှာ ထူးထူးခြားခြား ကုသိုလ် အလှူတစ်ခု မှတ်မှတ်ထင်ထင် လုပ်ချလိုက်သည်မှာ အုံးဩဖွယ်ပင် ဖြစ်သည်။

ရှေးရှေး နှစ်ပေါင်းများက မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ ကြေးရုပ်ပုံတော်ကြီးသည် ကြေးညှိရောင်ဖြင့် သိတင်းသုံး နေထိုင်လျက် ရှိသည်၊ မည်သူမျှ ရွှေချဖို့ မစဉ်းစားပေ။

ဝါးတန်းဆရာတော်ဘုရားကြီးက ... "ငါတို့ ဒီ မဟာဝိသုဒ္ဓါရုံတိုက်တာကြီးထဲ ယခုလို နေရေး၊ ထိုင်ရေး အဆင်ပြေနေတာဟာ ဒီကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ကျေးဇူးတရားတွေ ခိုလှုံနေကြရသည်၊ သို့ အတွက်ကြောင့် ကြေးရုပ်ပုံတော်ကို မြန်မာငွေ စစ်စစ်နှင့် အသက်(၈၀)ပြည့်တွင် ရွှေချမည်"ဟု ပြောဆိုလုပ်လိုက်ခြင်း ဖြစ်သည်။

## သာသနာရေးအတွက် ဆောင်ရွက်လျက်

သရက်တောဝါးတန်းဆရာတော်သည် သာသနာ့တာဝန်များကိုလည်း အချိန်အခါအားလျော်စွာ ကျရောက်သည့် တာဝန်တို့ကို ဆောင်ရွက်တော်မူခဲ့သည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင် ဆင်ယင်ကျင်းပချိန်က ဆဋ္ဌသံဂီတိ ပါဠိဝိသောဓကအဖြစ် ဆောင်ရွက်ခဲ့သည်။

မန္တလေးတောင်ခြေရှိကုသိုလ်တော်ဘုရားရှိ ကျောက်စာများကို ဆဋ္ဌသံဂါယနာပွဲတော်ကြီး မတိုင်မီ သုံးလေးနှစ်က စည်ရှင် အသောကဆရာတော်၊ စည်ရှင် ပိုက်ကျိုးဆရာတော်ဘုရားကြီးများနှင့်တွဲဖက်ပြီး ကျောက်စာမူမှန်ရရှိရေး တိုက်ဆိုင်လုပ်ကိုင်ခဲ့ကြရလေသည်။

အစိုးရ ပါဠိ ပထမပြန်စာမေးပွဲတွင် ကြီးကြပ်ရေးမှူးအဖြစ်နှင့် နှစ်ပေါင်းများစွာ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယက၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဩဝါဒါစရိယအဖွဲ့ဝင်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်

ဂဏဝါစကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် (၁၀)နှစ်တိုင်တိုင် ဆောင်ရွက်ခဲ့သည်။ ဂဏဝါစက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် ဝိသုဒ္ဓါရုံ စာမေးပွဲတွင် ငယ်၊ လတ်၊ ကြီးနှင့် စာချတန်းအောင် အရှင်များအား ဆုပစ္စည်း လှူဒါန်းနိုင်ရေးကို အထူးဆောင်ရွက်တော်မူသည်။

၁၃၄၂-ခုနှစ် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲကြီးကျင်းပသောအခါ သံဃသမ္မုတိရ ဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ မန္တလေးမြို့ အနောက်တောင်မြို့နယ် မြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌဆရာတော်အဖြစ်ဖြင့်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူလေသည်။

မန္တလေးမြို့ မဟာမုနိဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် အဖြစ်ဖြင့်လည်းကောင်း၊ မန္တလေးမြို့ ချမ်းသာကြီး ဆန်လှူအသင်း ဩဝါဒါစရိယဆရာတော်အဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ ဖြစ်လေသည်။

## **စာသင်တိုက်များ တည်ထောင်ခြင်း**

ဝါးတန်းဆရာတော်သည် ဝိသုဒ္ဓါရုံ စာချနာယကအဖြစ် ဆောင်ရွက်လာခဲ့ရာ စာသင်တိုက်ခွဲ၍ တည်ထောင်နိုင်သော အရည်အသွေး ပြည့်ဝသော တပည့်များလည်း ပေါ်ထွက်လာခဲ့ပါသည်၊ ၁၃၂၁-ခုနှစ်တွင် မန္တလေးမြို့ အနောက်တောင်မြို့နယ် သံလျက်မော် အရှေ့ပိုင်း ဝိသုဒ္ဓါရုံ မယ်ဇယ်တိုက်၌ တပည့်ဖြစ်သော 'အရှင်ဝိဝေကာဘိဝံသ (အစိုးရဓမ္မာစရိယ၊

ပရိယတ္တိသာသနဟိတသကျသီဟဓမ္မာစရိယ၊ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ) အား စာသင်တိုက် တည်ထောင်ပေးတော်မူသည်။

၁၃၂၅-ခုနှစ်တွင် မန္တလေးမြို့ အရှေ့တောင်မြို့နယ် ဝိသုဒ္ဓါရုံ ဒဟတ္တောကျောင်းတိုက်၌ တပည့်ဖြစ်သော **အရှင်သုဇာတသာရ** (သာသနဇောတိကဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မန္တလေးတိုင်း သံဃနာယကဥက္ကဋ္ဌ -ရွှေကျင်) အား ပဓာနနာယကအဖြစ် တင်မြှောက်ကာ စာသင်တိုက် တည်ထောင်ပေးတော်မူသည်။

## ဝါးတန်းဆရာတော်နှင့် ရွှေပေါက်ကျွန်းဆရာတော်

ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ၏ တပည့်များတွင် ပရိယတ္တိစာပေအရာ၌ ထင်ရှားသော တပည့်များသာ ထွန်းကားခဲ့သည် မဟုတ်ပေ၊ ယနေ့ နိုင်ငံတော်တစ်ဝှမ်းလုံး ကျော်ကြား ထင်ရှားလှသော မလှိုင်မြို့နယ် ရွှေပေါက်ကျွန်းရွာ စေတော်ဝင်ကျောင်းတိုက် **အရှင်ဇေယျသိဒ္ဓိဓမ္မဉာဏိက** ဆရာတော်ဘုရားသည်လည်း ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသဆရာတော်ထံ ပရိယတ္တိစာပေများကို သင်ကြားခဲ့သော တပည့်တစ်ပါး ဖြစ်သည်။

ရွှေပေါက်ကျွန်းဆရာတော်သည် နိုင်ငံကျော်ဆရာတော်တစ်ပါး ဖြစ်နေသော်လည်း မိမိ ကျေးဇူးရှင် သရက်တောဝါးတန်းဆရာတော်အား မိမိ ကျောင်းသို့ ပင့်လျှောက်၍ နှစ်စဉ် ပူဇော်ကန်တော့လေသည်။

ယခု ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခံတော်မူရခြင်းကို ကြားသိတော်မူသောအခါ မန္တလေးပူဇော်ပွဲတွင် လှူဒါန်းရန် မှတ်စုစာအုပ်များ လှူဒါန်းတော်မူသည်။

ရွှေပေါ်ကျွန်းဆရာတော်သည် စာအုပ် လှူဒါန်းရုံမျှဖြင့် အားရတင်းတိမ်တော်မမူသဖြင့် ဆရာတော်အား မိမိ သီတင်းသုံးရာ ရွှေပေါ်ကျွန်း စေတော်ဝင်ကျောင်း၌ ၁၃၅၅-ခု ကဆုန်လပြည့်နေ့တွင် ပူဇော်ပွဲ ပြုလုပ်ရန် စီစဉ် ဆောင်ရွက်တော်မူသည်။

## မဟာဝိသုဒ္ဓါရုံတိုက် မဟာနာယကတင်မြှောက်ကြ

မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝိသုဒ္ဓါရုံ ဂဏဝါစကအဖွဲ့ဆရာတော်များသည် ၁၃၅၄-ခုနှစ် တော်သလင်းလဆန်း (၁၁)ရက် (၇-၉-၉၂) နေ့ ညနေ (၄)နာရီအချိန်တွင် ဝိသုဒ္ဓါရုံစံကျောင်းပိဋကတ်တိုက် အထက်ထပ်၌ အထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပတော်မူကြသည်။ ထိုအစည်းအဝေးမှာ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပိုက်ကျုံးဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယကဆရာတော်များ လစ်လပ်လျက်ရှိရာ မဟာနာယက တင်မြှောက်ရေး အထူး အစည်းအဝေးဖြစ်သည်။ ထိုအစည်းအဝေးက...

၁။ သုဝဏ္ဏဝတီဆရာတော်

၂။ သရက်တောဝါးတန်းဆရာတော် (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)

၃။ ဇလယမေဒနီ ဝါဆိုဆရာတော် (အဂ္ဂမဟာပဏ္ဍိတ၊
အဘိဓဇမဟာရဋ္ဌဂုရု)
၄။ ဇမ္ဗူမော်ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)
၅။ စည်ရှင်ဆရာတော် ဦးပရမ။

ဤဆရာတော်ငါးပါးအား ဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယကဆရာတော်များအဖြစ် တညီတညွတ်တည်း ဆုံးဖြတ်တင်မြှောက်တော်မူကြသည်။... မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက ဆရာတော်ဘုရားကြီးမရှိခိုက် ရဟန်းတော်များ အားလုံး သရက်တောဝါးတန်းဆရာတော်ထံ နိဿယည်း ယူကြရန် ဆုံးဖြတ်ကြသည်။

မဟာဝိသုဒ္ဓါရုံတိုက်သား သာမဏေများ အားလုံး သရက်တော ဝါးတန်း ဆရာတော်ထံ ဥပဇ္ဈာယ် ယူကြရန် ဆုံးဖြတ်တော်မူကြသည်။

**အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်**

သရက်တောဝါးတန်းဆရာတော်သည် သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်စုံ၍ ပရိယတ္တိစာပေများကို အမြဲမပြတ်ပို့ချပေးခြင်း၊ တိုက်တာ၏ တာဝန်၊ ဂိုဏ်းဂဏ တာဝန်တို့ကို ထာဝစဉ် ရွက်ဆောင်ခြင်း၊ ကျရောက်လာသော သာသနာရေးလုပ်ငန်း, သာသနာရေးတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ခြင်း စသော သာသနမုရာဝဟဂုဏ်နှင့် ပြည့်စုံတော်မူသည်။ အခွင့်အခါအားလျော်စွာ တပည့် ဒါယကာ ဒါယိကာမများကိုလည်း ဟောကြားညွှန်ပြ ဆုံးမဩဝါဒ ပေးတော်မူသည်။ ဤသို့ ရဟန်း ရှင် လူတို့၏ ကြည်ညိုလေးစားမှုကို

ခံယူရသော ပါသာဒိကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁/၉၃) ဖြင့် ၁၃၅၄-ခုနှစ် ပြာသိုလဆန်း (၁၂)ရက်၊ ၁၉၉၃-ခုနှစ် ဇန်နဝါရီလ (၄) ရက်၊ တနင်္လာနေ့၊ (၄၅) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော် ဖြင့် ဆက်ကပ် လှူဒါန်း ပူဇော်ခြင်းကို ခံယူတော်မူရလေသည်။

## ခြောက်ထပ်တိုက်နှင့်အာရီစင်

ဝါးတန်းဆရာတော်ဘုရားကြီးသည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိပြီးနောက် မိမိ အမြဲ သီတင်းသုံးနေထိုင်ရာ ဆွမ်းစားဥာနသည် ခိုင်မာတောင့်တင်းသော အဆောက်အအုံ မရှိသေးချေ။

သို့အတွက်ကြောင့် နောင်တပည့်စဉ်ဆက် မပြုမပြင် နေထိုင်ရမည့် အဆောက်အအုံ တည်ဆောက်လိုသော စိတ်ဓာတ်ကား အမြဲ ရှိနေ၏။ ထိုစိတ်ဓာတ်အလိုတော်ကို မန္တလေးမြို့ ပင်မရေနံ တိုင်းဦးစီးမှူး ဗိုလ်မှူး ဘဏ်ညွန့်၊ ရေနံ ဦးစိုး၊ ရေနံ ဦးစိန်မြင့်တို့ ဦးစီး ဦးဆောင်မှု ပြု၍ ရေနံအင်ဂျင်နီယာ ဦးသန်းဌေး ကြီးကြပ်မှုဖြင့် ဆွမ်းစား ကျောင်းဆောင် ခြောက်ထပ်အာစီ တည်ဆောင်မှု စတင် ဖြစ်ပေါ်လာလေသည်။

၁၃၅၈-ခုနှစ်မှာ စုပေါင်းအင်အားဖြင့် ဆွမ်းစားထပ် အောက်ထပ်၊ ဧည့်ခန်းမဆောင် အပြီးအစီးသို့ ရောက်ရှိခဲ့ သည်၊ ၎င်း ဆွမ်းစားထပ်ကို ကံအားလျော်စွာ... မဟာမြိုင်

အပိုင်း(၆)နေ နက္ခတ္တဗေဒ ဆရာကြီးဦးလှ (ခ) ဦးနန္ဒိယ ဇနီး ဒေါ်သိန်းရင်တို့က လှူဒါန်းကြသည်။

ကျန်အပေါ်ထပ်များကို မန္တလေးမြို့ ဘုရားသုံးဆူဝင်း နေ ဂရိတ်ဝေါစက္ကူနှင့် စာရေးကိရိယာပစ္စည်းရောင်း ဝယ်ရေး ဦးချန်ရှိန် + ဒေါ်အေး မိသားတစ်စုတို့က အဆောက်အအုံ ပြီးစီးသည်ထိ ပါဝင် ဆောင်ရွက် လှူဒါန်း သွားကြသည်။

ထို့ကြောင့် ဤအဆောက်အအုံသည် မဟာဝိသုဒ္ဓါရုံ တိုက်သစ်ထဲမှာ အမြင့်ဆုံး ဖြစ်သွားလေသည်။ မြေပြင်မှ ဝေဟာင် (၆၄)ပေ မြင့်မားမှုရှိသည်။

ဆရာတော်ဘုရားကြီးသည် အပေါ်ဆုံးထပ် ဘုရားခန်း အကျယ်ဖွဲ့ထားသည်။ အပြင်ဘက်မှာ လေကောင်းလေသန့် ရှူရှိုက်နိုင်ပြီး မြို့၏ သာယာရှုခင်း တဝကြီး လေ့လာနိုင်ရန် အတွက် ဖွဲ့စည်းထားလေသည်။

## ကံအားလျော်စွာ

ခြောက်ထပ် အပေါ်စလစ်ပြင်မှာ ဘုရားခန်းကြီး၏ မြောက်ဘက် (၉)ပေပတ်လည် နာရီစင်ကြီးတစ်ခု ၁၃၆၄-ခု ကဆုန်လပြည့် (၂၆-၅-၂၀၀၂)နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ မဟာဝိသုဒ္ဓါရုံတိုက်သစ် နှစ်(၁၀၀)ကြာမှ နာရီစင် ဖြစ်ပေါ် လာသည်။ နာရီစင်အောက်ခြေ အနောက်ဘက်မှာ... ကျောက်စာ ဤသို့ ထွင်းထုထားသည်ကို တွေ့ရလေသည်။

## မန္တလေးမြို့
## မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
## ရွှေကျောင်းနိကာယဗဟိုဌာန

အနန္တကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ၁၂၆၄-ခုနှစ်မှာ စတင်တည်ထောင်လာခဲ့သော မဟာဝိသုဒ္ဓါရုံတိုက်သစ်ကြီးသည် ယခု ၁၃၆၄-ခုကဆုန်လပြည့် (၂၆-၅-၂၀၀၂)နေ့မှာ နှစ်(၁၀၀)တင်းတင်းပြည့်ခြင်းသို့ ရောက်ရှိခဲ့ပေပြီ။

ထို့ကြောင့် မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက (အဂ္ဂမဟာပဏ္ဍိတ)၊ မဟာမုနိ ဂေါပကအဖွဲ့ ဩဝါဒါစရိယသက်တော်ရှည်ဆရာတော်ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ၏ညွှန်ကြားမှုဖြင့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် နာရီစင်နှင့် နာရီကိုအောက်ပါ တပည့် အလှူရှင်များက တည်ဆောက်ကုသိုလ်ပြုကြသည်။

မိခင်ကြီး ဒေါ်ဒေါ်မေနှင့် ခင်ပွန်း ဦးဘစောတို့အားရည်စူး၍ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ (၃၅)လမ်း၊ ဒေးဝန်း အရှေ့ပိုင်းနေ ဒေါ်တင်မြ (ရွှေမြနှင်းဆီဂျုံစက်) မိသားတစ်စုတို့က နိဗ္ဗာန် မဂ် ဖိုလ်ကို အာရုံပြု၍ ကျပ်ငွေ (၂၀၀၀၀၀၀)ကုန်ကျခံ လှူဒါန်းကြပါသည်။

**နတ် လူ သာခု ခေါ်စေသော်။**

## သာသနာပြုအဆင့်မြင့်
## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တော်

ဝါးတန်းဆရာတော်ဘုရားကြီးသည် သက်တော်ရှည် ဆရာတော်ဘုရားကြီးဟူသော အဆင့်သို့ ရောက်ရှိတော်မူသည့်အတိုင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက ဘွဲ့တံဆိပ်တော် အမျိုးအစား(၂၀)တို့ကို အသစ်တီထွင် ပြဋ္ဌာန်းခဲ့ပြီးနောက် စဉ်ဆက်မပျက် ယခင် ဆက်ကပ်လှူဒါန်းမြဲ ဘွဲ့တံဆိပ်တော်များနှင့် အသစ်တီထွင်ပြဋ္ဌာန်းသော ဘွဲ့တံဆိပ်တော်များကို ပြည်တွင်းနှင့် ပြည်ပမှ သာသနာတော်ဆိုင်ရာ ထူးခြား ဂုဏ်အင်္ဂါ အရည်အချင်းနှင့် ပြည့်စုံသည့် ရဟန်းတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအား နှစ်စဉ် ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ခြင်း ဖြစ်ပေသည်။

၁၃၆၄-ခုနှစ် ပြာသိုလဆန်း (၂)ရက် ၊၂၀၀၃-ခုနှစ် ဇန်နဝါရီလ (၄) ရက်၊ မြန်မာ့ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၃)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း ချီးမြှင့် အပ်နှင်းရာ၌ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော်ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသဟု မြန်မာ့အသံမှ ထုတ်လွှင့်လိုက်ခြင်း ဖြစ်ပေသည်။

ဂုဏ်ထူး သာသနာပြု အဆင့်မြင့် ဘွဲ့တော်လက်မှတ် အတွင်းပါ စာသားသည် အောက်ပါအတိုင်း ဖြစ်သည်။

* ဗုဒ္ဓသာသနာတော် တိုးတက် ပြန့်ပွားရေးကို အထူး ဆောင်ရွက်တော်မူခြင်း၊ **ဝိသိဋ္ဌဗုဒ္ဓသာသနဝုဍ္ဍိကရဂုဏ်။**
* ဗုဒ္ဓသာသနာတော် အကျိုးစီးပွားကို အထူးဆောင်ရွက် နိုင်ခြင်း၊ **ဝိသိဋ္ဌဗုဒ္ဓသာသနဟိတမရဂုဏ်။**
* ဗုဒ္ဓသာသနာတော်ကို အထူး စောင့်ရှောက်တော်မူခြင်း၊ **ဝိသိဋ္ဌဗုဒ္ဓသာသနာနုရက္ခိတဂုဏ်။**
* သံဃာတော်များကို ထူးခြားစွာ ကြီးကဲအုပ်ချုပ်နိုင်ခြင်း၊ **ဝိသိဋ္ဌမဟာနာယကဂုဏ်။**
* ထူးကဲသော ဝိသိဋ္ဌသီလ သမာဓိ ပညာဂုဏ်တို့နှင့်ပြည့်စုံ တော်မူသော မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော်အရှင် သူမြတ်

**ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ အား**
**အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက**
ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

သန်းရွှေ
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
သာသနာတော်နှစ် ၂၅၄၆၊ ကောဇာသက္ကရာဇ် ၁၃၆၄ ခုနှစ်
ပြာသိုလဆန်း (၂)
(၄-၁-၂၀၀၃)

ဤကဲ့သို့ ဘွဲ့တံဆိပ်တော်မှာ ပါရှိသည်တို့ကို သိရှိကြစေရန် ဖော်ပြလိုက်ခြင်းဖြစ်သည်။

ဝါးတန်း ဆရာတော်ဘုရားကြီးသည် မဟာဝိသုဒ္ဓါရုံ တိုက်သစ်အတွင်းမှာ နှစ်ပေါင်းများစွာ သီတင်းသုံးနေထိုင်လာခဲ့သည်။

ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးကို သက်တော်ထင်ရှား မမီလိုက်ရသော်လည်း မီလိုက်ဘိသကဲ့သို့ တိုက်တာသံယောဇဉ် ကြီးမားဘိ၏။

ထို့ကြောင့်... တိုက်တာ၏ တာဝန်၊ တိုက်တာ၏ ဂုဏ်ရောင် ထွန်းပြောင်စေရန်အတွက် စွမ်းအား ရှိသမျှ လုပ်ပြခဲ့သည်တို့ကို အများအသိပင် ဖြစ်ပေသတည်း။

**ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ၏**
**ထေရုပ္ပတ္တိကထာအကျဉ်း ပြီးပြီ။**

❖

၁။ ( ဘဒ္ဒန္တ ) ဝဏ္ဏိတာဘိဝံသော,
(ဝဏ္ဏိတာ) ဘိသိရိန္ဒရော၊
( ဘိဝံ ) သော ဘဂျသမ္ဘန္ဒော,
( သ ) သိဝ ဘာတိ ဘာကရော။

ဝဏ္ဏိတာဘိသိရိန္ဒရော-သီလမြေထု၊ မေရု သမာဓိန်၊ ဝရဇိန် ပညာ၊ မယှဉ်သာအောင်၊ လွန်စွာမြင့်မြတ်၊ ချီးကျူး အပ်သဖြင့်၊ ရောင်ခြာတ်လက်ဝေ၊ မက်မပြေအောင်၊ သာသနာ့ ကျက်သရေဆောင် ဖြစ်တော်မူပေထသော။

အဘိဝံသော-ရွှေကျင်ဦးကိုင်၊ သာသနာပိုင်ဟု၊ မဏ္ဍိုင် အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ပြည်ထောင်စု ဆရာသခင်၊ ကျေးဇူးရှင် သက်တော်ရှည် စံကင်းဆရာတော်၊ ရွှေကျင် နိကာယ၊ ဒုသမမြောက်၊ ရွှေကျင်သာသနာပိုင်၊ အဂ္ဂမဟာ ပဏ္ဍိတ၊ ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်၊ ရွှေကျင်နိကာယ၊ ဥပ ဥက္ကဋ္ဌ၊ မဟာနာယက၊ ဘာသာဋီကာကျမ်းပြု ဂန္ထကာရက၊ အဂ္ဂမဟာပဏ္ဍိတ၊ အမရပူရ မဟာဂန္ဓာရုံဆရာတော်၊ စသော ကမ္ဘာကျော်ကြား၊ ဆရာတော်များတို့၏၊ တပည့်သာဝက၊ သာသနာ့အဆက်အနွယ်၊ စင်ကြယ်မြင့်မြတ်တော်မူပေထ သော။

အဘိဝံသော-စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်အပိုင်၊ ဂုဏ် လှိုင်ဝေဆာ၊ ဝမ်းပြည့်ရွာတွင်၊ တေဇာထင်ပေါ်၊ ခမည်းတော် ဦးဘိုးရာ၊ မယ်တော် ဒေါ်ဒေါ်ကံ၊ မိဘနှစ်ပါးတို့မှ၊ ပေါက်ဖွား စင်ကြယ်၊ မြင့်မြတ်သော အမျိုးအနွယ်ရှိတော်မူပေထသော။

ဘဂျသမ္ဗန္ဓော-ပရိယတ်မြင့်ဂုဏ်တွင်၊ ပတိပတ်ဆင့်ထုံလျက်၊ အကျင့်ဂုဏ် ကမ္ဘာသိအောင်၊ သမာဓိတည်ကြည်၊ ပညာဂုဏ်ရည်ကဲမောက်၊ ရဲရဲတောက် သာသနာ့အာဇာနည်၊ ကမ္ဘာပြည်ဝယ်၊ ပါရမီဘုန်းဟုန်၊ တန်ခိုးဂုဏ်နှင့်၊ ပြည့်စုံတော်မူပေထသော။

ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသော-ရတနာပုဥ္ဆ၊ ရာဇဌာနီ၊ မင်းနေပြည်ဟု၊ ဂုဏ်ရည်တင့်လျှမ်း၊ မြို့တော်မန်းဝယ်၊ ဂုဏ်လွှမ်းသိမ်းချုပ်၊ ပြည်လုံးအုပ်သည့်၊ မဟာဝိသုဒ္ဓါရုံ၊ မဟာနာယက၊ သာသနပါလက၊ သာသနမာမက၊ သာသနာ့ဥဿျောင်၊ သာသနာ့ကျက်သရေဆောင်၊ ဂုဏ်ရောင်ထင်ပေါ်၊ သရက်တော ဝါးတန်းကျောင်းဆရာတော်၊ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ-အဂ္ဂမဟာပဏ္ဍိတဆရာတော်ဘုရားကြီးသည်။

သသီဝိယ စ-ကပ္ပဋ္ဌာယီ၊ ကမ္ဘာတည်အောင်၊ တောင်ဆီမင်ဆေး၊ သိကြားရေးသည့်၊ မြသွေးပုံနှိပ်၊ ယုန်တံဆိပ်ဖြင့်၊ ဂုဏ်ဟိတ်တောက်လင်း၊ ရွှေလမင်းကြီးကဲ့သို့လည်းကောင်း၊ ဘာကရော ဝိယ စ-ကမ္ဘာ့တိုက်ဘောင်မှာ၊ အမိုက်မှောင်ဟူသမျှကို၊ မြူမျှမကျန်၊ တွန်းလှန်ဖြိုခွင်း၊ ရှင်နေမင်းကြီးကဲ့သို့လည်းကောင်း။

ဘာတိ-ကမ္ဘာ့ဘောင်အတွင်း၊ သာသနာ့ အရောင်အလင်းတို့ဖြင့်၊ ပြောင်ဝင်းတောက်ပတော်မူပါပေ၏။

ဘာတိ-သာသနာ့ ထက်ကောင်းကင်မှာ၊ စက်ဒေါင်းယာဥ်၊ နေ-လတန္ခုန်းကဲ့သို့၊ တစ်ကမ္ဘာလုံး ထက်ဘွေ၊ သမ္ဘာဘုန်း လက်ဝေ၊ အသာဆုံး ကျက်သရေ၊ ကျက်သရေမြင့်မား၊ အစဥ်အားဖြင့်၊ ဝင့်ကြွားတောက်ပတော်မူပါပေသတည်း။

**၂။ အဂ္ဂပညော အဂ္ဂလဒ္ဓော,**
**မဟာထေရော ဇယဒ္ဓဇော၊**
**ပဏ္ဍိတော ဂုဏသမ္ပန္နော,**
**တမဂ္ဂေါ သာသနဒ္ဓရော။**

အဂ္ဂပညော-လက်ယာရံ ဘွဲ့ထူးခံ၍၊ ဉာဏ်ပညာဘက်၊ လွန်ထက်မြက်၍၊ ဇေတဒဂ်ထွတ်ထိုး၊ တရားဗိုလ်ချုပ်ကြီး၊ အရှင်သာရိပုတ္တရာ၊ နှယ်လာဂုဏ်းဝင်၊ မြတ်သောပညာရှင် ဖြစ်တော်မူပေထသော။ အဂ္ဂလဒ္ဓော-နိုင်ငံတော်မြတ်၊ ငြိမ်းချမ်းလတ်၍၊ ငြိမ်ဝပ်ပိပြားစေမှု၊ တည်ဆောက်ပြုသည့်၊ ပြည်ထောင်စုသေဋ္ဌနင်း၊ အစိုးရမင်းတို့က၊ ဝပ်စင်းကော်ရော်၊ ပူဇော်ဆက်သ၊ ဘက်မရသည့်၊ အဂ္ဂမဟာပဏ္ဍိတ၊ ရာဇဂုဏ်ဟိတ်၊ ဘွဲ့ပုံလိပ် ရရှိတော်မူပေသော။

ဇယဒ္ဓဇော-သီလ, သမာဓိ, ပညာ၊ သာသနာဝယ်၊ သိက္ခာရောင်လျှံ၊ သာသနာ့အောင်လံတို့ကို၊ နဘံမိုးမြင့်၊ ဖြိုးဖြိုးတင့်အောင်၊ ဝင့်တလူလူ၊ လွှင့်ထူတော်မူနိုင်ပေထသော။

ပဏ္ဍိတော-နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ အလုံးစုံကို၊ အကုန်ကျွမ်းကျင်၊ တတ်သိမြင်၍၊ ပညာရှင်ထိပ်သီး၊ ပဏ္ဍိတ်ကြီး ဖြစ်တော်မူပေထသော။

မဟာထေရော-မန္တလေး ဝိသုဒ္ဓါရုံ၊ ကမ္ဘာတုံအောင်၊ သမ္ဘာဟုန်ဝေလွှင်၊ နေအသွင်သို့၊ ရွှေကျင်ဗဟိုဌာန၊ ရွှေကျင်နိကာယ၊ ဂိုဏ်းလုံးဝန်ဆောင် နာယက၊ မဟာဝိသုဒ္ဓါရုံ မဟာနာယက၊ မြို့နယ်သံဃနာယကဉက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ သရက်တော ဝါးတန်းကျောင်းဆရာတော်ဘုရားကြီးသည်။

ဂုဏာသမ္ပန္နော-ရွှေ ငွေ မြ ဖန်၊ ရောင်လျှံဝင်းစို၊ ရွှေမြင်းမိုရ် အပြန်မကပေသည့်၊ အနန္တဂုဏ်အင်၊ စုံလင်ပြည့်ဝ၊ ဂုဏ်ပေါင်းခတော်မူပြီးလျှင်။

သာသနဒ္ဓရော-အမျိုးဘာသာ၊ သာသနာနှင့်၊ တိုက်တာအကျိုး၊ တိုးထက်တိုးအောင်၊ သည်ပိုးရွက်ဆောင်နိုင်သည်ဖြစ်၍၊ တမင်္ဂေါ-သီလမှာ အသာမရှိ သမာဓိမယှဉ်သာ၊ ပညာမှာ မနိုင်းအပ်၊ ဂုဏ်းမြတ်ရွှေကျင်၊ နေအသွင် လတန္ထုန်း၊ သမ္ဘာဘုန်းတို့ဖြင့်၊ အသာဆုံး အမြတ်ဆုံး ဖြစ်တော်မူသည်။

အာသိ-ကမ္ဘာ့တိုင်းတခွင်၊ သာသနာ့သမိုင်းအစဉ်တွင်၊ ဂိုဏ်းရွှေကျင် တစ်ခေတ်ဆန်းစေဖို့၊ တစ်ဂဏန်းအနေဖြစ်တော်မူပါပေသတည်း။

၃။ မဟာထေရော မဟာအဂ္ဂံ,
ပဏ္ဍိတော အဂ္ဂပူဇိတော၊
ပရောသတံ မနောဟာရံ,
အဝတံ ဝရသာသနံ။

အဂ္ဂပူဇိတော-ကမ္ဘာသူ ကမ္ဘာသား၊ ရှင်လူများတို့၊ လေးစားမှီခို၊ သဒ္ဓါပို၍၊ ကြည်ညိုအားလုံး၊ ဂုဏ်ယူလို့ မဆုံးနိုင်အောင်၊ ညွှတ်ရှိုးဦးခိုက်၊ အထူးဆုံး အမြတ်ဆုံး ပူဇော်ထိုက်ပေသော။

အဂ္ဂမဟာပဏ္ဍိတော-သီလ, သမာဓိ, ပညာ၊ သာသနာ သတင်း၊ ကမ္ဘာချင်း၍၊ ပျံ့သင်းကျော်မော်၊ ဂုဏ်ထင်ပေါ် သဖြင့်၊ နိုင်ငံတော်အစိုးရမင်းတို့က၊ ဝပ်စင်းကော်ရော်၊ ပူဇော်ဆက်သ၊ ဖက်မရနိုင်သည့်၊ အဂ္ဂမဟာပဏ္ဍိတ၊ သာသနာ့ခေါင်ထိပ်၊ အောင်တံဆိပ် ရရှိတော်မူပေထသော။

မဟာထေရော-သီလဂုဏ်ကလည်း စင်ကြယ်၊ သမာဓိ ဂုဏ်ကလည်း တင့်တယ်၊ ပညာဂုဏ်ကလည်း မြင့်ကြွယ်၊ အကျင့်ဝယ် စံပြ၊ စံမရနိုင်သည့်၊ အနန္တဂုဏ်သခင်၊ ရွှေကျင် နိကာယ ဗဟိုဌာန၊ ရွှေကျင်နိကာယ ဂုဏ်းလုံးဝန်ဆောင် နာယက၊ မဟာဝိသုဒ္ဓါရုံ မဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ သရက်တောဝါးတန်းကျောင်း ဆရာတော်ဘုရားကြီးသည်။

ပရောသတံ-သက်တော် (၇၈)နှစ်၊ ရောက်ပြီးဖြစ်လည်း၊ ပျိုမျစ်နုနယ်၊ ခုအရွယ်မှာ၊ အံ့ဖွယ်တစ်ခေတ်၊ တစ်ဖန်သစ်ကာ၊ တွက်စစ်ခါတော်၊ အနှစ် တစ်ရာကျော်တို့၊ ကာလပတ်လုံး သာလျှင်။

မနောဟာရံ-စိတ်အလိုဆန္ဒ၊ ကြံစည်သမျှတို့၊ အမြန် ခဏ ပြီးမြောက်၊ သဒ္ဓိပေါက် အောင်မြင်နိုင်လျက်။

ဝရသာသနံ-ရှင်တော်မြတ်ဘုရား၊ ကိုယ်တော်စားဟု၊ တည်ထားခဲ့ရာ၊ သုံးဖြာသတ်မှတ်၊ သာသနာတော်မြတ်ကြီးကို၊

ဝါ-အင်ကြင်းခက်ကျိုင်း၊ ရွှေကျင်ဂိုဏ်းဟု၊ သမိုင်း ဝေလွင်၊ ဂိုဏ်းရွှေကျင်သာသနာတော်မြတ်ကြီးကို။

အဝတံ-အဝတု-ကျန်းမာ ချမ်းသာ၊ စန်းပမာသို့၊ ဝမ်းသာ ရွှင်ပျော်၊ သက်ရာကျော်ကာ၊ သာသနာတော် ခရီး ရောက်အောင်၊ ချီးမြှောက် စောင့်ရှောက်တော်မူနိုင်ပါစေ သတည်း။

အဝတု-အနုရုဒ္ဓ-ထေရ်မဟာနှင့်၊ အနာမဲ့သူ ရှင်ဗာကူ တို့လို၊ ဇမ္ဗူလွှမ်းကျော်၊ သက်တမ်းတော် ကမ္ဘာတွင်လောက် အောင်၊ ထာဝစဉ် စောင့်ရှောက်နိုင်ပါစေသတည်း။

**ရေးသားဂုဏ်ပြုပူဇော်သူ**

**အရှင်ပညာသိရီဘိဝံသ**

**မင်္ဂလာဗိမာန်**

**မဟာဝိသုဒ္ဓါရုံတိုက်သစ်**

**မန္တလေး။**

<u>မှတ်ချက်။</u>

၁၃၅၅-ခု၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရခဲ့စဉ်က ပူဇော်ပွဲအခမ်းအနားတွင် ဖတ်ကြားခဲ့သည့် ဂါထာများ ဖြစ်ပါသည်။

◀◀◀◀▶▶▶▶

သာသနာတော်သက္ကရာဇ် ၂၅၃၇-ခုနှစ်
ကောဇာသက္ကရာဇ် ၁၃၅၅-ခုနှစ်၊ ကဆုန်လဆန်း(၅)ရက်
မန္တလေးမြို့
ဒေးဝန်းအရှေ့ရုံးသာရပ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
သရက်တောဝါးတန်းကျောင်းဆရာတော်
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ မထေရ်မြတ်
အား
ဂုဏ်ပြုပူဇော်အပ်သော ဂုဏပူဇာ
<u>မင်္ဂလာရတုပိုဒ်စုံပါဘုရား</u>
(အချိုးအချ ၆-နှ၊ ပါဒညီ)

၁။ သာသနာ့ဂုဏ်ရည်၊ ပြည်သူငဲ့ဖူး ခံနဲပြီဘုရား။
၂။ ထာဝရယုံကြည်၊ ကြည်ဖြူဘွဲ့ထူး ခံနဲပြီဘုရား။
၃။ သာဝကစုံညီ၊ ရည်တူဖွဲ့ကြူး ပန်နဲပြီဘုရား။

၁။ **သာသနာ့ဂုဏ်ရည်**...ကမ္ဘာတည်ထား...သာကီနွယ်ဖွား၊ မြတ်ဘုရား၏၊ တည်ထားမိန့်မှာ၊ သာသနာ၌၊ မဟာအဂ္ဂ၊ သာဝကတို့၊ ဗုဒ္ဓလက်ထက်၊ ဟောမိန့်မြွက်သည့်၊ (ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ)၊ စသည်မှန်စွာ၊ ဒေသနာ၌၊ မြတ်စွာဗုဒ္ဓ၊ ချီးမြှောက်မ-သို့၊ ရာဇသနင်း၊ အမင်းမင်းတို့၊ ဝပ်ဆင်းကော်ရော်၊ ဘွဲ့ဂုဏ်တော်ဖြင့်၊ ပူဇော်ကျင့်သုံး၊ စဉ်လာထုံးကို၊ နှလုံးမူလျက်၊ ပြည်သူမျက်ရှု၊ လေးစားပြုသည့်၊ သမ္မုတိရာဇ နဝတသည် ပြည်ပ ပြည်တွင်း၊ ကမ္ဘာထွင်းလျက်၊ ပွင့်လင်းသာသနာ၊ တည်စိမ့်ငှာဟု၊ သာသနာနုဂ္ဂဟ၊ သဒ္ဓမ္မဇောတိ၊ အဘိဓဇ အဂ္ဂမဟာ၊ ပဏ္ဍိတာနှင့်၊ များစွာသောင်းပြောင်း၊ ဘွဲ့ဂုဏ်ပေါင်းဖြင့်၊ နှစ်ထောင်းအားရ ပူဇော်ကြရာ၊

သာသနာလုံး၊ ရှင်ကြည်ပြုံးလျက်၊ တစ်သုံးငါးလေး၊ လွတ်လပ်ရေးတွင်၊ ဘွဲ့ပေးဆက်ကပ်၊ ပူဇော်အပ်သည့်၊ မြင့်မြတ်သဘင်၊ အောင်ပွဲဝင်၍၊ လူရှင်နှစ်မြို့၊ သာပေါင်းကြို့သည့်၊ မန်းမြို့ဂုဏ်ဆောင်၊ အနောက်တောင်မှ၊ တောက်ပြောင်ရွှေထုတ်၊ အခေါင်ချုပ်သည့်၊ ဝိသုဒ္ဓါရုံ၊ ဝိဟာဘုံမှ၊ ဝိသုံနာမ၊ ဝိသိဋ္ဌဖြင့်၊ **အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ** ဟု၊ လောကသရဖူ၊ ပန်ဆင်ယူသည်၊... **ပြည်သူငဲ့ဖူး...ခံခဲ့ပြီဘုရား။**

၂။ **ထာဝရယုံကြည်**...ဂုဏ်ကို ရည်၍...စုံညီစာဂ၊ ကျင့်သီလနှင့်၊ မုဒရနှစ်ဖြာ၊ ပြည့်စုံစွာသား၊ မဟာထေရ်လွန်၊ ပုဂ္ဂိုလ်မွန်၏၊ ထူးချွန်ဘဝ၊ ဖူးတွေ့ရသော်၊ (ပုဂ္ဂလဝိသေသော၊ **ဇာနိတဗ္ဗော**)၊ မိန့်ဟောစာညီ၊ မဟာထေရ်ကား၊ မြန်ပြည်ကျော်လိုင်း၊ မြို့စစ်ကိုင်း၏၊ သမိုင်းစဉ်လာ၊ တိုင်းဝင်ပါသည့်၊ သာယာမှိုင်းညို့၊ မြင်းမူမြို့နယ်၊ နှစ်မြို့ကြည်သာ၊ ဝမ်းပြည့်ရွာ၍၊ ဘာသာဓလေ့၊ စံပျော်မွေ့လျက်၊ ချမ်းမြေ့ရှင်စွာ၊ ဦးဘိုးရာနှင့်၊ နှစ်ဖြာမောင်နှံ၊ ဒေါ်ဒေါ်ကံတို့၊ ပျော်စံသင့်မြတ်၊ ရွှေလက်ထပ်၍၊ ဖွားလတ်ထွန်းပေါက်၊ ခုနစ်ယောက်တွင်၊ ခြောက်ယောက်မြောက်သော်၊ **မောင်ဘတော်**ဟု၊ ရှုမျှော်မဝ၊ သားလူလှကို၊ ကာလတွက်စစ်၊ သက္ကရာဇ်ကား၊ ထောင့်နှစ်ရာလွန်၊ ခုနစ်ဆယ့်ခွန်တွင်၊ နတ်ညွန့်လမ်းပြ၊ နယုန်လ၏၊ ပက္ခဆန်းတက်၊ ဆယ့်လေးရက်၍၊ နှစ်သက်ကြည်သာ၊ ဖွားမြင်လာသည့်၊ သည်းချာရင်နှစ်၊ သားလူချစ်သည်၊ ဆယ့်နှစ်နှစ်ရွယ်၊ ပျိုနုနယ်၍၊ ရှစ်သွယ်ပရိက္ခရာ၊ စုံလင်စွာနှင့်၊ နှစ်ဖြာမိဘာ၊ နုဂ္ဂဟာဖြင့်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာတွင်း၊ ချီးမြှောက်နှင်းလျက်၊ ကောင်းခြင်းတန်တန်၊ စုံပြည့်လျှံ၍၊ ရှင်ဝဏ္ဏိတ၊ ဘွဲ့နာမဖြင့်၊ သာသနာ့မြေငူ၊ အောင်လံထူသည်၊...**ကြည်ဖြူဘွဲ့ထူး...ခံခဲ့ပြီဘုရား။**

၃။ **သာ၀ကစုံညီ၊** ...ဝန်းရံလည်သား၊ ...မထေရ် လောင်းလျာ၊ ဝမ်းပြည့်ရွာ၌၊ ထောင့်နှစ်ရာမြောက်၊ ကိုးဆယ် ခြောက်တွင်၊ ထွန်းတောက်ခါကို၊ ဒု-ဝါဆိုဟု၊ ရွှန်းစိုပက္ခ၊ ဆန်းဒသ၌၊ ရတနာအုတ်ကျောင်း၊ စံပျော်အောင်းသည့်၊ သူကောင်းစံအိမ်၊ ခဏ္ဍာသိမ်ဝယ်၊ ဒေဝိန္ဒမည်၊ မြတ်မထေရ်ကို၊ မှီခိုကိုးကွယ်၊ ဥပဇ္ဈာယ်ဟု၊ တင့်တယ်စေမူ၊ ရဟန်းပြု၍၊ သုံးလူ့ မြတ်စွာ၊ သာသနာတွင်၊ သုံးဖြာ ပိဋကတ်၊ ပရိယတ်၌၊ ကမ်းခတ်ကျော်ကြား၊ ဆရာများထံ၊ ညွတ်တွားကျိုးနွံ၊ နည်း နာခံလျက်၊ နိုင်ငံပျံ့မွှေး၊ မန္တလေးဟု၊ နီးဝေးဖော်ထုတ်၊ ခေါ် သမုတ်သည့်၊ ဝိသုဒ္ဓါရုံ၊ ရိပ်ထီးလှုံပြီး၊ သုံးပုံပိဋကတ်၊ ပရိယတ် ၌၊ ငယ် လတ် ကြီးခန်း၊ စာချတန်းတွင်၊ အောင်ပန်းပန်ဆင်၊ စေတိယင်္ဂဏ၊ စာသင်စာချ၊ အောင်ပွဲရ၍၊ (သာသနဓဇသိရီ ပဝရဓမ္မာစရိယ) အဘိဝံသနှင့်၊ ဆဋ္ဌသံဂီတိ၊ ပါဠိဝိသောဓက၊ ဂဏဝါစက၊ ဥက္ကဋ္ဌပြင်၊ နာယကရွှေကျင်၊ ဥက္ကဋ္ဌတင်လျက်၊ စွမ်းအင်ပြည့်ဖြိုး၊ သာသနာကျိုးကို၊ သည်ပိုးရွက်ဆောင်၊ ဂုဏ်ရည်ပြောင်၍၊ ပြည်ထောင်ပိုင်သ၊ နဝတမှ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသဟု၊ နာမဝိသိဋ္ဌ၊ ဘွဲ့တံဆိပ် တော်၊ ခတ်နှိပ်ကြည်ဖြူ လှူတော်မူသည်၊...**ရည်တူဖွဲ့ကြူး... ပန်ခဲ့ပြီဘုရား။**

**ချမ်းမြေ့ဘုန်း...ရေးသားပူဇော်သည်။**

**ဦးဇဝန**

ပဓာနနာယကဆရာတော်

မဟာစိတြာရာမတိုက်

၁၁/၁၂-လမ်း၊ ၈၆-လမ်း

ပြည်ကြီးရန်လုံရပ်၊ မန္တလေး။

## အနန္တဂုဏ်ရှင် ဆရာသခင်သို့

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

## ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ

ဝါးတန်းဆရာတော်ဘုရားကြီးအား

ချီးကျူးဂုဏ်ပြုပူဇော်အပ်သော

**(ရှစ်ဆယ်ပေါ် တေးထပ်)**

ဝိသုဒ္ဓါရုံ-လျှမ်းသမ္ဘာတင့်
စန်းဇာတာပွင့် ဂုဏ်းရွှေကျင်၊
မန်းရွှေညာမြင့် တိုင်းမြေတစ်ခွင်မှာ၊
နှိုင်းလေယှဉ်ရင် ပြိုင်ဖက်ရှား။

ဝါးတန်းကျောင်းက မမှားမစောင်းရ
တရားလမ်းကြောင်းပြ ချွန်သည့်အရာ
အရှင်ဝဏ္ဏိတာ၊ ဂုဏ်ပေါင်းကျော်လို့ကြား။

ခပင်းလူသို့-သတင်းကြုဖို့-မြင်းမူနယ်မြို့
ချမ်းမြေ့သာစည်၊
ဝမ်းပြည်ရွာဆီ အရှင်ဖွား၊
ဘိုးရာ-ဒေါ်ကံ- ရတနာစင်သားမှာဖြင့်
ကမ္ဘာထင်ရှား သူမတူ၊
သာသနာ့တံခွန် သိရီပဝရ
မေ္ဓာစရိယဘိဝံသ ပါရဂူ၊

သီလ-သမာဓိ- ကြည်ဖြူ ပညာအသိ
ညီမျှစွာရှိ ဆရာတစ်ဆူမှာ
မြန်မာပြည်သူ အထွတ်အမြတ်ထားလို့
ခယဝပ်တွား ဆက်ကပ်လှူသဒ္ဓါ
အဂ္ဂပူဇမင်္ဂလာ...
အထက်ကျ ဉာဏ်ရှိ၊ မဂ္ဂအမှန်သိ-အဂ္ဂမဟာပဏ္ဍိ
ကဝိဆရာကို တပည့်ခါခါ ကန်တော့ပါ၏ဘုရား...။

ဓအာင်မြင့်မိုး

## ကျမ်းကိုးစာရင်းများ

၁။ ဝိနယ မဟာဝါပါဠိတော်
၂။ ဝိနယ မဟာဝါအဋ္ဌကထာ
၃။ ဝိနည်းမဟာဝါဘာသာဋီကာ (ပထမတွဲ)
၄။ ဝိမတိဋီကာ (ဒုတိယတွဲ)
၅။ ဝီထိပုံ၊ ဆန်းပုံ၊ သိမ်ပုံ
၆။ မြန်မာ့စွယ်စုံ အမှတ် (၁၃)
၇။ သိမ်သင်တန်း
၈။ ခေတ္တွတ္ထပန်းကုံး
၉။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏

၁၂၆၈ ခုနှစ်

ကျေးဇူးတော်ရှင်
မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး
ကိုယ်တော်တိုင်ဆုံးဖြတ်တော်မူအပ်သော

မြင်းမူမြို့
ဝမ်းပြည့်ရှင်ပင်ရပ်သစ်ကျောင်းတိုက်

# သိမ်နိမိတ်ကျောက်တိုင်
# ဆုံးဖြတ်ချက်

လျှောက်ထားသူ

(ရှင်မာလာ) သည်
ရွှေကျင်နိကာယ (ဒသမ)သာသနာပိုင်
ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်ဘုရားကြီး၏
ငယ်ဆရာ ဖြစ်သည်။

ဘုန်းကြီး ဦးမာလာက သမုတ်ပြီးမှ သူ့ကျောင်းသိမ်မအောင်ဟု အပြောခံရသည့်အတွက် ကျေနပ်တော်မမူပါ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားထံ စာရေးလျှောက်ထားပါတော့သည်။ ၁၃-နှစ်အရွယ် တပည့်ငယ်ဖြစ်သူ ရှင်ဉာနဝံသက ယင်းလျှောက်ထားစာကို ရေးပေးရသည်။ ...

မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားသည် (၅)နှစ်ခန့်အချိန်ယူ၍ ကျမ်းဂန်အစောင်စောင်နှင့် ညှိနှိုင်းဆုံးဖြတ်တော်မူသည်၊ ၁၂၆၈-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့စွဲဖြင့် ဆုံးဖြတ်ချက်စာတန်းကို ကိုယ်တော်တိုင် ရေးသားပေးသနားတော်မူသည်။

ယို့ကြောင့် ယင်းအဆုံးအဖြတ်စာတမ်းကို တွေ့ရှိရေးသားပေးပို့ ဆက်ကပ်သူ ဝါးတန်းကျောင်း ဦးပဏ္ဍဝထံ မြောင်းမြဆရာတော်ဘုရားကိုယ်တိုင် ၁၃၃၅-ခုနှစ် ကဆုန်လဆန်း (၃) ရက် နေ့စွဲဖြင့် ပေးစာ၌ အောက်ပါအတိုင်း ရေးသားထားပါသည်။

"ပို့လိုက်သော စာကို ကောင်းမွန်စွာ ရပါသည်၊ ယင်းစာသိမ်းထားရာမှ ပျောက်သွားသည်၊ ပြန်ရှာသော်လည်း မတွေ့ရတော့၊ ယင်းစာမှာ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ကိုယ်တိုင် လက်ရေးစာဖြင့် ရေးထားသော သိမ်အဆုံးအဖြတ် ဖြစ်သည်။

ဤစာ ရေးချိန်ထိ အသေအချာ မကြည့်ရသေးပါ၊ ယင်းသိမ်အဆုံးအဖြတ်ကို တပည့်တော်၊ ကိုရင်ဘဝ တုန်းက ရေးပေးသော လက်ရေးစာဖြင့် လျှောက်ထား ခြင်း ဖြစ်သည်။ ဤစာကို ရသဖြင့် အလွန်ပဲဝမ်းမြောက် ပါသည်။

## ရှင်ပင်ရပ်သစ်သိမ်အဆုံးအဖြတ်

ဘုရားတပည့်တော် ဝမ်းပြည့်ရှင်ပင်ရပ်သစ်တိုက်နေ ရှင်မာလာ လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား၊....

ဘုရားတပည့်တော်တို့၏ တိုက်အတွင်း ၁၂၆၃-ခု၊ ကဆုန် လအတွင်း ဒကာ ငဖိုးချိုက လုံးပတ် ၄ -ပေ၊ အရပ်-၄ ပေ၊ ကျောက်နိမိတ်ကြား၍ သမုတ်အပ်သော သိမ်ကို ကျောက် နိမိတ် မလောက်, အချို့သော သံဃာများ ကွဲပြားဝါဒ ရှိပါ သောကြောင့် သိမ်၏ အင်္ဂါ မြောက်ထိုက်-မမြောက်ထိုက်၊ ကျောက်နိမိတ် လောက်-မလောက် ကျမ်းဂန်လှုပ်ချောက်ချား နိုင်ကြောင်း သတင်းမွှေးပျံ့ ကြားသိရပါ၍ အဆုံးအဖြတ် မ,စ တော်မူပါမည့်အကြောင်း လျှောက်ဝံ့ပါသည် ဆရာတော် ဘုရား။

အရှင်လျှောက်ချက်ကို ကျမ်းဂန်သက်ရာ ဆင်ခြင်ဆုံးဖြတ် ရာ၌ကား. . . . .

"ဟေဋ္ဌိမပရိစ္ဆေဒေန ဒွတ္တိံသပလဂုဠပိဏ္ဍပရိမာဏော ဝဋ္ဋတိ။ [မဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓကအဖွင့် (၃၁၉) ဆဋ္ဌမူ။]

ဤအဋ္ဌကထာ၌ "ပလပုဒ်အရ ပိုလ်ဟူသည်ကို ဝိနည်း ဋီကာကြီးတို့၌ ကျပ်ချိန်မည်မျှ ရှိသည်"ဟု မပြမဆိုသော ကြောင့် "သုံးဆယ့်နှစ်ပိုလ်ရှိ သကြားခဲပမာဏရှိ ကျောက် နိမိတ်"ဟူရာ၌ နိဿယ ဂဏ္ဌိစသော ကျမ်းဆရာတို့ လွန်စွာ တွေဝေ အထူးထူး အထွေထွေ မှာထားရေးသား ပြောဆိုကြ ကုန်၏။

ဝိနည်းမဟာဝါ အဋ္ဌကထာ နိဿယ "ဒွတ္တိံသ ပလဂုဠ ပိဏ္ဍပရိမာဏော-သုံးဆယ့်နှစ်ပိဿာသော တင်လဲခဲ၏ အတိုင်းအရှည် ရှိသည်၊ ဟောတိ-ဖြစ်၏၊"ဟု အနက်ပေး၍ "တစ်ပိုလ် တစ်ပိုလ်လျှင် ကျယ်လေးဆယ်ကို ရေတွက်မူကား တစ်ဆယ့်နှစ်ပိဿာနှင့် ကျပ်ရှစ်ဆယ် ရှိ၏၊ ဆရာတို့ကား သုံးဆယ့်နှစ်ပိဿာနှင်နှင်ဟု ဆိုကုန်၏၊ ဇာတ်ဝိသောဓနေ၌ လည်း "ကျပ်လေးဆယ်ကို တစ်ပိုလ်" ဟူသတတ်။

စတ္တာရော ဝီဟယော ဂုဉ္ဇာ
ဒွေ ဂုဉ္ဇာ မာသကော ဘဝေ၊
ဒွေ အက္ခာ မာသကာ ပဉ္စ-
က္ခာနံ ဓရဏမဋ္ဌကံ။

**သုဝဏ္ဏော ပဉ္စ ရေဏုံ,**
**နိက္ခံ တွနိတ္ထိ ပဉ္စဓော၊**
**ပါဒေါ ဘာဂေ စတုဓ္ဓေဿ,**
**ရေဏုာနိ ပလံ ဒသ။**

ဟူသော မာဂဓအဘိဓာန် (ဣတ္ထာသယမှု ၆၆)၌ "၄-စပါးကို တစ်ရွေး၊ ၂-ရွေးကို တစ်ပဲ၊ ၁၀-ပဲကို တစ်အကွ၊ ၈-အကွကို ရေဏုတစ်ခု၊ ၁၀-ရေဏုကို တပိုလ်"ဟု တွက်၍ တစ်ပိုလ်လျှင် ပဲ ၈၀၀ ရှိ၍.....

**တေန ခေါ ပန သမယေန ရာဇဂဟေ ဝီသတိ မာသကော ဂဟာပဏော ဟောတိ။** (ဆဠမူ-ပါရာ-၅-ပ-၂၅၈) ဟူသည်နှင့်အညီ ပဲ ၈၀၀ သည် ကျပ် ၄၀ ရှိသောကြောင့် အဘိဓာန်ဋီကာအလိုလည်း တစ်ပိုလ်ကို ကျပ် ၄၀ -ရ၏။

ဝိနည်းမဟာဝါ ဆင်တဲဂဏ္ဌိ၌လည်း "**တတ္ထ ကေပလံ နာမ ဒသ ကလဥ္စ"န္တိ ဝဒန္တိ** ဟု ကင်္ခါဋီကာ (၁၃၉) မိန့်သည်နှင့် အညီ ကလဥ္စကို ကျပ် ၁၀-ဟု ဆရာတို့ ဆိုကုန်၏။ ၁၀-ကလဥ္စဖြစ်သောကြောင့် တစ်ပိုလ်လျှင် တစ်ပိဿာ၊ "၃၂ ပိုလ်လျှင် ၃၂-ပိဿာ ရှိသော ကျောက်ဟု သိရာ၏"ဟု ဆုံးဖြတ်၏၊ ကင်္ခါနိဿယ တစ်စောင်၌လည်း နည်းတူပင် ဆုံးဖြတ်၏။

ဝိမတိဋီကာ (ဒု-၁၄၁)၌လည်း "**ဒွတ္တိံသ ပလဂုဠပိဏ္ဍာ ပ္ပမာဏတာ သဏ္ဌာနတော ဂဟေတဗ္ဗာ၊ န တုလဂဏနာ**

ဝသေန၊ ဘာရတော ပလပရိမာဏဥ္စ မဂဓတုလာယ ဂဟေတဗ္ဗံ၊ သာ စ လောကိယတုလာယဒိဂုဏာတိ ဝဒန္တိ” ဟု ဆိုကုန်၏။

ထို့ကြောင့် “တစ်ပိုလ်ကို တစ်ပိဿာ”ဆိုသော အယူဝါဒ အကြီးဆုံး အမြင့်ဆုံး ဖြစ်၍ ဝိမတိအဆိုအတိုင်း နှစ်ဆတက်လျှင် ၂-ပိဿာ ဖြစ်ပြန်၍ ၃၂-ပိုလ်ဖြစ်လျှင် ခွက် ၆၄-ပိဿာ ဖြစ်ရကား “ခွက်တစ်ဆယ်ရှိ သကြားပေါင်း ၆ လုံးနှင့် ၄ ပိဿာရှိ သကြားပေါင်း တစ်လုံးကို ထုချေရောထေး ပေါင်းစုအပ်သော သကြားခဲမှ စိတ်ချ လက်ချ ကျောက်နိမိတ် ရလောက်သည်”ဟု နှလုံးပြု၍ သာလွန် စိတ်ချရအောင် ပြည်ဆရာတော်ဘုရားကြီး အမှူးပြု၍ သမုတ်အပ်သော မန္တလေးတောင်ခြေရှိ မိုးထိတိုက်သိမ်မှာ တောင်ပေါ်မှ ကုတ်နှင့် ကော်၍ လှိမ့်ခဲ့ပြီးလျှင် တစ်ရပ် တစ်သူမျှလောက် ကျောက်လုံးကြီးများကို နိမိတ်လုပ်ထားသည်ကို တွေ့မြင်ရ သည်။

ထို့ကြောင့် မြင်းမူမြို့ ကန်သာတောရဂိုဏ်းအုပ် ဆရာ တော်ကြီးကြပ်၍ သမုတ်အပ်သော ဝမ်းပြည့်သိမ် အလျား ၄-ပေ၊ လုံးပတ် ၄-ပေမျှ ပမာဏရှိသော ကျောက်နိမိတ်ကို သံသယ ကုက္ကုစ္စ ရှိသင့်ပေသည်၊ သံသယ ကုက္ကုစ္စ မကင်း သော ပုဂ္ဂိုလ်တို့ကို အပြစ်မဆိုသင့်ပေ။

ခပ်သိမ်းသော ဆန်း, အလင်္ကာ, သဒ္ဒါ, အဘိဓာန်ကျမ်း တို့နှင့်စပ်သော ဝိနိစ္ဆယ, ဝေါဟာရ ချိန်ချင့် လက်သစ် တောင်

တာတို့သည် သက္ကတ, ဗင်္ဂလီ နာဂရီကျမ်းများသာလျှင် အရင်း မူလ ပဘဝ ရှိကုန်၏။

သက္ကတကျမ်းများမှ မာဂဓပြန်၍ ကူးယူရွှေ့ပြောင်းမှ သာသနာတော်သို့ ရောက်လာကုန်၏၊ အဋ္ဌကထာ ဆရာတော် ကြီးများသည် ထိုသက္ကတကျမ်းဂန်တို့ကို နိုင်နင်းကုန်၏။

ဇမ္ဗူဒိပ်၌ ပုဂံပြည် သဒ္ဒနီတိဆရာကြီးများလက်ထက် ရေးစာနှင့် တချို့တစ်ဝက်သာ ရောက်လာ၏၊ ထို့နောက် ကွယ် ပျောက်၍ ပန်းရမြို့ စတုရင်္ဂဗလအမတ်ကြီးများလက်ထက် အင်းဝမြို့ မောင်းထောင်သာသနာပိုင် လူထွက်ကြီးများ လက်ထက် အတန် အရာရောက်လာ၏။

ထို့နောက် ကွယ်ပျောက်၍ အမရကောသအဘိဓာန် စာကိုယ် ဋီကာမျှလောက်သာ မကွယ် မပျောက်မူ၍ ရွှေကျောင်း မောင်းထောင်ဆရာတော်ကြီးများလက်ထက် ကြည့်ရှုလေ့လာ မှီခို၍ အဘိဓာန် ဋီကာ နိဿယ၊ သဒ္ဒနီတိ ဋီကာများကို ရေးသား ပြုစုရ၏။

ထို့နောက် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး လက်ထက် နောက်ဖျားမှ စ၍ ယခုမှ မဇ္ဈိမဒေသ အနောက် နိုင်ငံမှ လိုင်လိုင်ကြီး ပုံနှိပ်စာတွေ များစွာ ရောက်လာသည်။

ထိုသက္ကတကျမ်းဂန်များ၌ “ပလ-နပုံ, ပလဓာတု, အပစ္စယော ကရသ စတုက္ကေ”စသည်၊ “လေးကျပ်ကို တစ် ပိုလ်”ဟူ၍ အညီအညွတ် ဆိုကြသည်၊ ကဓါဋီကာ၌လာသော

"ကာလဥ္စ"ဟူသည်ကား "ရူပက ဆယ်ခုကို ကာလဥ္စတစ်ခု၊ ဂုဥ္စတ္တယ ရွေးငယ် သုံးခု ပမာဏကို ရူပကတစ်ခု သက္ကတကျမ်းဂန်တို့၌ ဆိုကုန်၏။

ထို့ကြောင့် ၃-ရွေးသည် ရူပက တစ်ခု၊ ရူပက ၁၀-ခု ရွေး ၃၀ သည် ကာလဥ္စ တစ်ခု၊ ကာလဥ္စ ၁၀-ခု ရူပက ၁၀၀၊ ရွေး ၃၀၀ သည် ၄ ကျပ်ဖြစ်၍ ကဒီဋီကာ စကားသည် သက္ကတကျမ်းတို့နှင့် ညီ၏။

"ပလံ ကရ စတုဒ္ဒယ"ဟု အမရကောသ သက္ကတ အဘိဓာန်၌ လာသောကြောင့် ထိုကျမ်းကိုပင် မာဂဓပြန်ဆိုကူးယူသော "စတ္တာရော ဝီဟယော ဂုဉ္စာ" အစရှိသော မာဂဓအဘိဓာန်၌ "၄-စပါးကို တစ်ရွေး၊ ၂-ရွေးကို တစ်ပဲ၊ ၅-ပဲသည် ၂-မူး၊ ၈-မူးသည် တစ်ကျပ် ဓရဏ၊ ၁၀-ကျပ်ဓရဏသည် တစ်ပိုလ်"ဟု ဆိုသော စကားသည် ကျမ်းရင်းနှင့် မညီ၊ ကျပ်-၄၀ ကို တစ်ပိုလ်ဟု ဖွင့်ဆိုသောကြောင့် ၎င်းဋီကာကား သာလွန် မညီ။

သက္ကတကျမ်းများနှင့် အညီ ဓာတွတ္ထသင်္ဂြိုဟ်ကျမ်းနိဿယ ပလဓာတ်၌ "**လောကဿ ဝိမတိ ပါလေတိ ဆိန္ဒတိ သောဓေတိ စာတိ ပလံ**" ပိုလ်။ ပေဋကကျမ်းအလို ၃-မုယော၊ သုဘင်္ဂရကျမ်းအလို ၄-စပါး၊ ရာဇနိယဏ္ဍုကျမ်းအလို နတ်ကောက် ၂-ခုကို ရတီ ခေါ်သည်၊ ထိုရတီကိုပင် ဂုဥ္စာ တစ်ရွေး ခေါ်သည်၊ မာဂဓ မာနဌ် [illegible]တကျမ်းအလို ၅- ရွေး၊ စရကကျမ်းအလို ၆- ရွေး၊ ၈- [illegible]၊ ကလိင်္ဂမာနဌ်

သုဿုတကျမ်းအလို ၅-ရွေး ၇-ရွေး၊ ဝေဇ္ဇကကျမ်းအလို ၁၀-ရွေး၊ ဇောတိသကျမ်းအလို ၁၃-ရွေးသည် မာသက၊ တစ်ပဲမည်၏။

၁၆-ပဲသည် ကရိသ တစ်ကျပ် မည်၏၊ "၄-ကျပ်သည် တစ်ပိုလ် မည်၏"ဟု လောကီကျမ်းတို့၌ လာ၏၊ မြန်မာနိုင်ငံသုံး အလိုကား ရွေးကြီး ၃-ရွေး၊ ရွေးငယ် ၆-ရွေးသည် တစ်ပဲ။ ပဲ-၂၀ သည် တစ်ကျပ် မည်၏။

"တေန ခေါ ပန သမယေန ရာဇဂဟေ ဝီသတိ မာသကော ကဟာပဏော ဟောတိ"ဟူသေ ဝိနည်းနှင့် ညီ၏၊ "ဒွတ္တိံသ ပလဂုဠပိဏ္ဍပရိမာဏော"ဟူသော သိမ်နိမိတ် အရာ၊ "သဟဿ ထာမဓနု"ဟူသော ပိုလ် တစ်ထောင်ချိန်ဝန်ဆွဲမှ မြားထစ်သို့ ရောက်သည့်လေးဟူရာ၌ လေးကျပ် တစ်ပိုလ်နှင့် တွက်လေ"ဟု ဆရာမှာထား ရေးသားဖူး၏။

မိုင်းခိုင်းဆရာတော် ရေးသားသော တိပိဋကဝိနိစ္ဆ ပထမတွဲ ၅၁၈-နံပါတ်က စ၍ကား အလွန် သေချာကျယ်ဝန်းစွာ ဖော်ပြလျက် ရှိလေသည်။

ထို့ကြောင့် "၄-ကျပ် တပိုလ်၊ သုံးဆယ့်နှစ်ပိုလ်လျှင် တစ်ပိသာ ၂၈-ကျပ်မျှ အချိန်စီးသော သကြားခဲလောက် သဏ္ဌာန်ကြီးသော ကျောက်ကို နိမိတ်လောက်၏"ဟု မှတ်အပ်၏။

ငယ်လှသွေး၏တကားဟူမူ… "ဝမ္ပိကနိမိတ္တေ ပဟဠိမ ပရိစ္ဆေဒေန တံ ဒိဝသံ ဇာတော အဠဂုလုပ္ပမာဏော ဂေါဝိသာဏပ္ပမာဏောပိ ဝမ္ပိကော ဝဋ္ဋတိ" စသည်ဖြင့် အဋ္ဌကထာပြသော လက်ရှစ်သစ်မျှရှိသော တောင်ပို့ နိမိတ်၊ အစောက်လက်ရှစ်သစ်လုံးပတ် သီဟိုဠ်ကညစ်ရိုး ပမာဏ လက်သန်းမျှ ရှိသော သစ်ပင်နိမိတ်များပင် ရှိသေး၏။

ကျောက်ဖျာပေါ် နိမိတ်ကျောက်တင်၍ သမုတ်သော သိမ်၌ နိမိတ်ကျောက်ငယ်၍ ရွေ့လျားပျောက်ပျက်လွယ်မည် ကြောင့် "နိမိတ္တုပါသာဏာ ယထာ ဌာနေ န တိဋ္ဌန္တိ၊ တသ္မာ သမန္တတော ရာဇိဝါ ဥဋ္ဌာပေတဗ္ဗာ"စသည်ကို အဋ္ဌကထာ မိန့်ဆိုတော်မူဟန် ရှိသည်။

ဤလျှောက်လွှာတွင် ပါသော နိမိတ်ကျောက်ကား အလျား ၄-ပေ၊ လုံးပတ် ၄-ပေရှိသည် ဖြစ်၍ ဆိုခဲ့ပြီးသော ကျမ်းလာ ပိုလ်ချိန်ရှိ တင်လဲခဲ ပမာဏထက် အဆများစွာ ကြီးမားခြင်းကြောင့် နိမိတ်လောက်တော့သည်သာ၊ မလောက် ဟု မဆိုနိုင်ရာ၊ ကျမ်းဂန် သာဓက မရှိ။

ဂဏ္ဍိနိဃယ စသည်တို့ တစ်ဆယ်ကို တစ်ပိုလ်၊ ကျပ် လေးဆယ်ကို တစ်ပိုလ်၊ တစ်ပိဿာကို တစ်ပိုလ်၊ (နှစ်ပိဿာ ကို တစ်ပိုလ်) ထင်ရာကို ဆိုကြသော ပိုလ်ချိန်ဖြင့် ရေတွက် သော်လည်း ခွက် တစ်ဆယ်ရှိသကြားပေါင်း သုံးပေါင်မျှ

နှစ်ပိသာ၊ ဝိမတိအဆို နှစ်ဆတိုး၍ ခြောက်ပေါင်းနှင့် လေးပိသာရှိ သကြားခဲနှင့် နှိုင်းယှဉ်၍ ကြည့်ရှုလျှင် မြေဝင်တစ်ပေကို ချန်လှပ်၍ မြေပေါ်ရှိ အမြင့် သုံးပေ၊ လုံးပတ်လေးပေရှိ အင်ကြင်းကျောက်နိမိတ်ကပင် ငယ်သော်လည်းလောက်မည် ဖြစ်သည်။

ထို့ကြောင့် မြင်းမူမြို့ ကန်သာတောရဂိုဏ်းအုပ်ဆရာတော် ကြီးကြပ်၍ သမုတ်အပ်သော ဝမ်းပြည့်ရှင်ပင်ရပ်သစ်ကျောင်းတိုက် သိမ်ကို နိမိတ္တသမ္ပတ္တိအတွက်နှင့် ကုက္ကုစ္စ သံသယမရှိ ကံကြီး ကံငယ် ပြုသင့်ပေသည်။

၁၂၆၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃-ရက်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ရေဝိုင်းတိုက်ဆရာတော် ဆုံးဖြတ်ချက်။

# သီမာဝီမံသနုကထာကျမ်းစာအုပ်

## ဓမ္မဒါနကုသိုလ်ရှင်

ဒေါက်တာ မောင်ကြည် + မမေရီရီခိန်

သား – မောင်ကြည်လင်းဟာန်

သမီး – Dr ချောစုကြည်

အင်္ဂလန်

မိသားတစ်စု တို့က

ပညာပါရမီအဖြစ် ဓမ္မဒါနပြုကြပါသည်။

အုပ်ရေ – (၅၀၀)